www.burmeseclassic.com

ဉာဏ်ဝင်းစာပေ

ဆုလေးနွယ်

# ကော်ဖီနှစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် --- ၅၀၁၄၇၂၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် --- ၅၀၀၃၂၉၀၆၀၃

**ထုတ်ဝေခြင်း**

ပထမအကြိမ်

၂၀၀၆၊ ဖွန်လ

**အုပ်ရေ**

၁၀၀၀ အုပ်

**တန်ဖိုး**

သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးပန်းချီ**

**e-hOst Digital Media Group**

**Ph : 525303, 537006**

**စီစဉ်သူ**

ဒေါ်ဌေးဌေးမော်

**ထုတ်ဝေသူ**

ဒေါ်ဌေးဌေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ် ၇(က)၊ သုခဝတီလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်ခင်နွဲ့ (၀၆၅၆၇)

ငွေမိုးဆောင်းပုံနှိပ်တိုက်

အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး

ဈေးကြီးအရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**

ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)

အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ကော်ပီမှတ်ချက်

နှစ်နှစ်ခြိုက်ခြိုက်

ကိုပီဖြေဖျော်သွားခဲ့ကြမှာ

နှုတ်ရှုပတဲ့ ကိုပီမကြာခဏခုန်ကျော်တတ်တယ်

တရေးနိုးလာတော့

ပြန်ကိုပီဖြေဖျော်ဖို့ ကြိုးစားမိတယ်

အတန်းက မကောင်းတဲ့

ကိုပီမကျချိုချိုကလေး ဆက်ပြီးမကြည့်ရှင်လို့ပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

မိုးတွေ သဲသဲမဲမဲ ရွာနေတာမို့ ...ထီးကို ကပျာကယာ ခွဲပိတ်ပြီး ဆိုင်ကလေးထဲ ဝင်လိုက်ရပေမယ့် စိတ်ထဲမှာတော့ သည်ဆိုင်ကလေးထဲ ထိုင်ချင်စိတ် တစ်စက်မှမရှိ။

ရင်ထဲမှာ တဆစ်ဆစ်နာနေသည်။

"အစ်မ . . . ကော်ဖီနှစ်ခွက်မဟုတ်လား" ဟု စားပွဲထိုးကလေးက . . . မေးလည်းမေး လှည့်လည်းပြေးကာ ကော်ဖီနှစ်ခွက် မှာလိုက်တော့သည်။

ညက်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . . ဟဲ့ နေဦးလေ"

ဟု ဟန့်တားချိန်ပင် မရလိုက်ပါ။

"နေပါစေတော့၊ နှစ်ခွက်ဆိုလဲ နှစ်ခွက်ပေါ့"

ခင်မြတ်နိုးက ဘာမှမပြောတော့ဘဲ ပင့်သက်ရှိုက်လျက် စားပွဲလေးမှာ ဝင်ထိုင်သည်။

ဟိုဟိုသည်သည် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့် မနေတော့ဘဲ မျက်လွှာချကာ ငြိမ်သက်နေမိ၏။ သည်ဆိုင် ကလေးထဲရောက်လာတော့ ရင်ထဲမှာ ဆွေးတေးတေးနဲ့ ဇော်ကို သတိရမိသည်။

တကယ်ပဲ ... ခင်မြတ်နိုးတို့ဝေးသွားကြပြီလား၊ ကွဲသွား ခဲ့ပြီလား၊ ဇာတ်လမ်းဆုံးပြီလား။

ဟုတ်ချင်လည်း ဟုတ်မှာပါ။

ပြေလည်မယ့်လမ်းမှ . . . ရှာမတွေ့တော့တာ၊ ညှိလို့ မရတော့တာ . . .။

ဆိုင်က စားပွဲထိုးကလေးတွေက ခင်မြတ်နိုးတို့စုံတွဲ မှတ်မှတ်မိမိပါပဲ၊ မမေ့ကြသေးပါ။

ညဏ်ဝင်းစာပေ



ခင်မြတ်နိုးကတော့ . . . ဇော်မပါဘဲ သည်ဆိုင်လေးကို မလာဖြစ်။ သည့်ကော်ဖီဆိုင်လေးက ခင်မြတ်နိုးတို့ကုမ္ပဏီနှင့် အနီးဆုံးမှာ ရှိနေတာမို့ ...နေ့လယ်ပိုင်းတစ်ကြိမ်၊ ညနေပိုင်း တစ်ကြိမ်။ ဇော် အရင်ရောက်လျှင် ဇော် ကော်ဖီမှာပြီးစောင့်၊ ခင်မြတ်နိုး အရင်ရောက်လျှင် ခင်မြတ်နိုးက ကော်ဖီမှာပြီးစောင့်။ အမြဲလိုလိုထိုင်ဖြစ်ကြသော ဆိုင်ကလေးမို့ မစိမ်းတော့ပါ။ ကျွမ်းဝင်ရင်းနှီးနေပါပြီ။

စားပွဲပေါ် ချထားသော ပိုက်ဆံအိတ်ကလေးကို ဆွဲပြီး တစ်ရှူးကလေး တစ်ရွက်ထုတ်ကာ မျက်နှာပေါ် စင်နေသော မိုးရေမွှားလေးများကို ဖွဖွ တို့သုတ်လိုက်ပြီး ဆံပင်တွေ ရေစို နေသလားဟု တစ်ချက်စမ်းကြည့်၏။

"အစ်မ ရပြီ"

စားပွဲထိုးကလေးက ကော်ဖီနှစ်ခွက် လာချပေးသည်။

"မလာတာ ကြာပြီနော် . . . အစ်မ"

ဟု တစ်ခွန်းဆို၏။

"အင်း" ဟု ပြီးစလွယ် ခေါင်းညိတ်သည်။

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အငွေ့ထွက်နေသော ကော်ဖီနှစ်ခွက်ကို ကြည့်ကာ တစ်ခွက်ကို ကိုယ်ရှေ့ ဆွဲယူမိသည်။

စားပွဲထိုးကလေးက ခါတိုင်းခါတိုင်းလိုပဲ မှတ်ထင်ကာ ကော်ဖီနှစ်ခွက် လာချပေးပေမယ့် . . . ခင်မြတ်နိုးက ကော်ဖီနှစ်ခွက် မသောက်နိုင်ပါ။

ဒုတိယအကြိမ် ခင်မြတ်နိုး ပင့်သက်ရှိုက်မိသည်။

ဇော်နှင့် ပြဿနာဖြစ်ပြီး နောက်ပိုင်းမှာ အနီးဆုံးက ကော်ဖီဆိုင်ကလေးကို ခင်မြတ်နိုး ရှောင်နေခဲ့သည်။

လုံးဝမသွား၊ ဆိုင်ရှေ့ကပင်မဖြတ်၊ ဇော့်ကိုသတိမရချင်။ ဇော့်အကြောင်းကို မတွေးချင်၊ စိတ်နာနေသည်၊ မေ့ထားချင်သည်။

ခင်မြတ်နိုးက မှားလို့လား၊ အပြစ်ရှိလို့လား။

တကယ်ဆို . . .

မတွေးပါဘူး ဟု ဆုံးဖြတ်ထားတာတောင် စိတ်က တွေးချင်သေးသည်။ မျက်ရည်လည်ချင်သေးသည်။ နှုတ်ခမ်းကိုက်ကာ စိတ်တင်းမိသည်။





ဘယ်တော့မှ မလွမ်းဘူး ဇော် . . .

အမှန်တရားကို လက်မခံနိုင်တဲ့ ဇော့်အတွက် မြတ်နိုး မျက်ရည်မကျဘူး။

ဝေးသွားကြဖို့ သေချာပြီဆိုလည်း အပြုံးကလေးနှင့် ဆက်လျှောက်လှမ်းမယ်။

အရှုံးမပေးဘူး . . .

မြတ်နိုး မမှားခဲ့ဘူးလေ . . .

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဝိုင်းဇေကော ငြိမ်သက်စွာထိုင်ရင်း မျက်စိရှေ့ကမြင်ကွင်းကို ဘာရယ်မဟုတ် အမှတ်တမဲ့ ကြည့်နေမိတာပါ။

မိုးပြာရောင် ထီးလှလှလေးနှင့် ဆိုင်ထဲဝင်လာပြီး သူ့ရှေ့က စားပွဲမှာဝင်ထိုင်သော ကောင်မလေးသည် ဖြူဖြူသန့်သန့် တလေးနှင့် ထူးခြားနေပါသည်။

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးထူးခြားတာက ... စားပွဲထိုးကလေး၏စကားက ကော်ဖီနှစ်ခွက်လား တဲ့။

ဆိုင်ထဲဝင်လာတာက တစ်ယောက်တည်းပါ။

ကော်ဖီနှစ်ခွက် တစ်ခါတည်း မှာသောက်တာလည်း နည်းနည်းဆန်းသလိုပင်။

ကော်ဖီဆိုင်က ... ကော်ဖီမန်းကန်လုံးကလေးတွေက သေးသည့်ဆိုပေမယ့် ဘယ်ကောင်မလေးမှ နှစ်ခွက်တစ်ပြိုင်တည်း မှာမသောက်။

ဝိုင်းဇော ... မျက်လုံးထဲဝင်လာလို့သာ အမှတ်တမဲ့ ကြည့်လိုက်မိတာ၊ ကြည့်မိတော့လည်း ချစ်စရာကောင်းသော ပုံစံလေးကို မျက်စိမလွှဲနိုင်။

ဆံပင်လေးတွေကို သပ်လိုက်သော ... လက်ချောင်း ပြည့်ပြည့်ဖွံ့ဖွံ့ကလေးများက အင်မတန် နူးညံ့လွန်းလှသည်။

ကော်ဖီတစ်ခွက်ကိုဆွဲယူပြီး သောက်ပေမယ့် နောက် တစ်ခွက်ကို ထိပင်မထိ။





ဝိုင်းဇော ... မိုးသည်းလွန်းတာမို့ မိုးဝင်ခိုတာ။ မိုးတိတ်အောင်စောင့်ရင်း ...အချိန်ဖြုန်း ကော်ဖီပူပူတစ်ခွက် မှာသောက်မိပါသည်။

ဆိုင်အပြင်မှာ မိုးက သည်းသည်းထန်ထန် ရွာနေတုန်း ပါပဲ၊ သူ့ရှေ့စားပွဲက ... ကောင်မလေးလည်း မိုးတိတ်တာ စောင့်နေပုံပင်။

ကြိုးသိုင်းဖိနပ်အပါးကလေးက ... နက်ပြောင်ပြီး ခြေထောက်ဝင်းဝင်းကလေးနှင့် လိုက်ဖက်လွန်း၏။

ဘေးမှာချထားသော ကော်ဖီတစ်ခွက်က တဖြည်းဖြည်း နှင့် အငွေ့သေလာသည်။

ထိုကောင်မလေး ချိန်းသည့်သူ စောင့်နေတာများလား၊ ကော်ဖီတစ်ခွက်မှာထားတာက ချိန်းသည့်သူအတွက်လည်း ဖြစ်နိုင်သည်။

ဝိုင်းဇောသာဆို ... အဲဒီလို ကြိုမှာထားမှာမဟုတ်၊ ကော်ဖီက အေးသွားလျှင် သောက်လို့မကောင်း၊ သို့ပေမယ့် ကောင်မလေးပုံက ချိန်းသည့်သူမျှော်နေပုံလည်းမရ၊ ဘယ်ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ ... မျက်လွှာချ ငြိမ်သက်လို့ အေးအေးဆေးဆေး ပုံစံလေးနှင့်။

သူ့ ပထမထင်တာက . . . တစ်ယောက်တည်းအတွက် ကော်ဖီနှစ်ခွက်မှာသည်။

ဒုတိယထင်တာက ... ဧည့်သည်တစ်ယောက်ယောက် ချိန်းထားသည်။

သူ့အထင် နှစ်ခုစလုံး မမှန်။

မိုးနည်းနည်းစဲသွားတော့ ချက်ချင်းပဲ ပိုက်ဆံရှင်းတော့သည်။ ဧည့်သည်စောင့်နေတာ လုံးဝမဟုတ်။

ဝိုင်းဇေလိုပဲ မိုးဝင်ခိုရုံသက်သက်။

နားမလည်နိုင်တာက ကော်ဖီနှစ်ခွက်။

ဘယ်လိုအဓိပ္ပာယ်နှင့် ကော်ဖီနှစ်ခွက်မှာပြီး တစ်ခွက်တည်း သောက်ပြန်ပါလိမ့်။

ဆိုင်ရှေ့ရောက်တော့ မိုးပြာရောင် ထီးကလေးဖွင့်ကာ ညင်သာသောခြေလှမ်းများဖြင့် လျှောက်သွားသော တောင်မလေးကို သူ ငေးကြည့်နေမိသည်။





စားပွဲပေါ် ကျန်ရစ်သောကော်ဖီတစ်ခွက်က မျက်နှာငယ်လို့ နေပါသည်။ ပိုင်ရှင်မဲ့စွာ . . .

ဝိုင်းဇေ ဆိုင်ထဲကထွက်လာရင်း . . . ကော်ဖီနှစ်ခွက်အကြောင်းကို စဉ်းစားနေမိ၏။

တိကျသောအဖြေတစ်ခု ထွက်မလာ။

သူ့အထင် နှစ်ခုစလုံး လွဲမှားသွားခဲ့ပါသည်။

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"နေမကောင်းဘူးလားဟင်"

အတူတူနေသောသူငယ်ချင်းက ကရုဏာနှင့် ဂရုတစိုက် မေးလာသည်။ ချစ်သူက သူငယ်ချင်းလောက်တောင် ကိုယ့်အပေါ် ဂရုမစိုက်။ လျစ်လျူရှုနေရက်လွန်းသည်။ ရက်စက်သွေးအေးလွန်းသည်။

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အကြင်နာတရားကင်းမဲ့လွန်းသူ တစ်ယောက်ပါလား"
ဟု တွေးမိတော့ . . . ရင်ထဲက နာသည်။

"မိုးမိသွားလို့ပါ"

တကယ်ဆို လူက နေမကောင်းတာ မဟုတ်၊ စိတ်က
နေမကောင်းချင်တာ . . . လွှမ်းဖျား၊ လွှမ်းနာ ကျချင်သည်။
တင်းထားသောစိတ်တွေ လျှော့ကျချင်သည်။

ကိုယ်မမှားဘူးထင်သောကိစ္စမို့ အရှုံးမပေးချင်၊ ကိုယ်က
စ,ပြီး ပြန်မခေါ်ချင်။ သည်လိုသာဆို တစ်ဘဝလုံး အရှုံးကြီးပဲ
ဖြစ်နေတော့မှာ . . .

ခင်မြတ်နိုးရယ် . . .

အားတင်းထားစမ်းပါ။

သည်အခြေအနေဆို . . . တဖြည်းဖြည်း သွေးအေး
အနည်ထိုင်ပြီး ရင့်ကျက်လာမှာပါ။





သူ့ကိုအလျှော့ပေးလို့လုံးဝမဖြစ်။ အခုလို တစ်ဖက်သတ်
အနိုင်ယူချင်တာကလည်း . . . ကိုယ်က သိပ်ချစ်မှန်းသိလို့
ရောင့်တက်တာပါ။

မြတ်နိုးဘက်ကစပြီး ဘယ်တော့မှ အောက်မကျို့ဘူး၊
ပြန်မခေါ်ဘူး။

သူအမှားသူသိပြီး သူ့ဘက်က ပြန်ခေါ်လာမယ့်အချိန်
အထိ မြတ်နိုး အခုလိုနေနိုင်ပါစေ။

ရင်ထဲမှာတော့ . . . တအားသတိရသည်။

"ဘာထူးသေးလဲ"

"ဟင်"

သင်းသင်းချိုအမေးကို ရုတ်တရက်နားမလည်။

"ဖုန်းလေး၊ ဘာလေး မဆက်ဘူးလား"

ခင်မြတ်နိုးကို ကြည့်ရတာ . . . သနားစရာကောင်းနေ
ပြီလား၊ သင်းသင်းချိုက နေ့တိုင်းမဲ့ ဖော် ဖုန်းဆက်သေးလား
မေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဆက်ပါဘူး"

ခင်မြတ်နိုးက အခုတလော သူ့ဖုန်းကိုမမျှော်တော့ပါ။ ဟိုရက်တွေတုန်းကတော့ စက္ကန့်နှင့်အမျှ ... သူ့ဆီကဖုန်းကို မျှော်လင့်ခဲ့မိသည်။

ရက်တွေကြာသွားတော့ ... 'သူ ဆက်မှာ မဟုတ်ဘူး' ဟု သေသေချာချာ နားလည်လာမိသည်။

သူလည်း ... ကိုယ့်ကို အရမ်းစိတ်ဆိုးသွားခဲ့တာပဲ မဟုတ်လား။

ဇော် မြတ်နိုးကိုစိတ်နာသွားပြီလား၊ စိတ်နာသင့်တာက မြတ်နိုးပါ။

အမြဲတမ်းပဲ ကိုယ်အပေါ် အနိုင်ယူတတ်သော ချစ်သူ သေးသေးဖွဲ့ဖွဲ့ကအစ သူပဲ အနိုင် ...။

ကိုယ်ကလည်းချစ်တော့ အလျှော့ပေးတတ်စမြဲပါ။





ဇော် ... မြတ်နိုးကို သတိမရဘူးလား၊ မလွမ်းဘူးလား၊ မတွေ့ချင်ဘူးလား၊ မေ့ထားလို့ရသွားပြီလား၊ အစကတည်းက မချစ်ခဲ့တာလား ဇော်။

သံသယပင် ဝင်လာမိသည်။

"နေနိုင်တယ်ဟာ နော်"

သင်းသင်းချိုက သက်ပြင်းတစ်ချက်နှင့် ဝေဖန်လာ၏၊ ပြီးမှ ခင်မြတ်နိုးပခုံးလေးကို ဖွဖွဖက်ပြီး ...

"စိတ်မကောင်းမဖြစ်ပါနဲ့ဟာ၊ သူ့ဘက်ကနေနိုင်မှတော့ မြတ်နိုးလဲ နေပြလိုက်ပေါ့"

"အင်း ဟုတ်တယ်၊ အခုအချိန်မှာ ငါ အလျှော့မပေးနိုင်တော့ဘူး။ ငါ သူ့ကို ကြိုးစားမေ့ပစ်မယ်"

"ကောင်းပါတယ်၊ သူ့ဘက်က ဒီလောက် ပြတ်သားနိုင်တာ၊ မြတ်နိုး နင် အရမ်းစိတ်ထိခိုက်နေလားဟင် ... ငါတို့ ခရီးထွက်ကြရင် ကောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းချိုက မေးလာ၏။

တစ်ယောက်ကို တစ်ယောက် ညီအစ်မ အရင်းတွေလို ချစ်ခင်စည်းလုံးပြီး . . . သည်မှာ အတူတူ လာနေကြတာမို့ တစ်ယောက် ခံစားရလျှင် . . . ကျန်တစ်ယောက်လည်း စိတ်မကောင်းနိုင်။

မိဘတွေက နယ်မှာမို့ . . . တစ်နှစ်တစ်ခါလောက်သာ ကိုယ့်အိမ် ကိုယ်ပြန်ကြတာ မဟုတ်လား။

"သူ့ဘက်က နေနိုင်တာထက် ငါ ပိုနေနိုင်တယ်၊ သူ ပြတ်သွားတာထက် ပိုပြတ်သားတယ်ဆိုတာ သူ သိလာမှာပါ"

ခင်မြတ်နိုးက ယတိပြတ် ဆုံးဖြတ်ပြီး နှုတ်ခမ်းလေးကိုက်မိ၏။

သူ လာချော့စဉ်က . . . သူ လာပြန်ခေါ်ချိန်က ခင်မြတ်နိုးက တင်းမာပြတ်သားခဲ့တာလည်း အမှန်ပါ။

အဲဒါကလည်း . . . ဘယ်လိုမှ ညှိမရလို့၊ ခင်မြတ်နိုး ပြောတာကို သူ လက်မခံခဲ့လို့။





"မြတ်နိုးရယ်၊ နင် မပြတ်နိုင်ဘဲနဲ့ ဘာလို့ အဲဒီလောက် မောက်မာရတာလဲ၊ သူ လာခေါ်တုန်း ပြန်ခေါ်လိုက် ပြီးရော၊ အခုတော့ . . . သူလဲ ရှက်မှာပေါ့၊ နင့်အပေါ် နာကြည်းသွားမှာပေါ့"

သင်းသင်းချိုက ခင်မြတ်နိုးကို ဝေဖန်လာ၏။

"ဒီပုံအတိုင်းဆို . . . သူ့ကို ငါ လက်မခံနိုင်ဘူး၊ ငါပြောတာကို သူ လုံးဝဂရုမစိုက်ဘူး၊ လျစ်လျူရှုလွန်းတယ်၊ ဘယ်လိုလုပ်ပြီး ရှေ့ဆက်မလဲ ပြောလေ . . ."

"ဒါလဲ ဟုတ်တာပဲ"

ခင်မြတ်နိုးက မျက်ရည်တွေ ချက်ချင်းလည်လာ၏။

"ငါ ပြတ်သားအေးစက်ပြခဲ့တာက . . . သူ နားလည်ပြီး လက်ခံလာအောင်လို့ပါ၊ ငါ တကယ် စိတ်ဆိုးပါလား ဆိုပြီး သူ့ဘက်က အမှန်ကိုလက်ခံလာအောင်လို့ပါ၊ ငါတို့ ဝေးသွားကြဖို့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းချိုက ထပ်မပြောတော့ဘဲ နှုတ်ဆိတ်နေ၏။ ဆက်ဆွေးနွေးလျှင် ခင်မြတ်နိုး ငိုတော့မှာ . . .။

သူ့ဟာသူ မာနနှင့် ကြိတ်တင်းခံပြီး တိတ်တိတ်ကလေး ကြေကွဲနေတာ ပိုကောင်းသည်။

သူတို့နှစ်ဦး၏ ကိစ္စကို သင်းသင်းချိုလည်း ပြေလည် အောင် မလုပ်ပေးနိုင်ပါ။ ကိုယ်က အေးလူ။

ခင်မြတ်နိုးက . . . အိမ် အပြင်ဘက်ကို ငေးကာ ကြည့်နေမိ၏။

ဇော်ရယ် . . .

အဲဒီနေ့က . . . မြတ်နိုးလွန်သွားမှန်းလည်း သိပါတယ် ဇော့်အပေါ် ရိုင်းပြမောက်မာခဲ့မိတယ်။ ဇော့်ဘက်က မြတ်နိုး ပြောတာကို လက်ခံလိုက်လျှောပြီး . . . မြတ်နိုးကို လာပြန် ခေါ်ခဲ့လျှင် အဲဒီနေ့ကကိစ္စအတွက် မြတ်နိုး ဇော့်ကိုအနူးအညွတ် တောင်းပန်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။

ဉာဏ်ဝင်းစာပေ



ဇော့်ကို အရှက်ရအောင် . . . မြတ်နိုး လုပ်ခဲ့မိတယ် မဟုတ်လား၊ ဇော် အရမ်းရှက်ပြီး၊ မျက်နှာတွေ နီမြန်းသွားပြီး အံကြိတ်ခဲ့တာ မြတ်နိုး ပြန်မြင်ယောင်တိုင်း မျက်ရည်လည်ရ စမြဲပါ။

အဲဒီနေ့က . . .

✧✧✧✧✧

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ထိုနေ့က ခင်မြတ်နိုးဘဝမှာ အပျော်ဆုံးပါပဲ။

စာမေးပွဲအောင်စဉ်ကထက် . . .

ကုမ္ပဏီမှာ အလုပ်ဝင်စ,ကထက် . . .

နောက်ဆုံး . . . သူနှင့်ချစ်သူဖြစ်ပြီး သူ့လက်ဆွဲကာ လျှောက်လည်သော ပထမဦးဆုံးနေ့ကထက်ပင် . . . ပို၍ ပျော်သေးသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းကတော့ သူနှင့်ချစ်သူဖြစ်ခဲ့သော ပထမဦးဆုံးနေ့ကို ကိုယ့်ဘဝမှာ အပျော်တကာ့အပျော်ဆုံးနေ့ပဲလို့ ထင်ခဲ့မိတာပါ။

အခုတော့ ရန်ဖြစ်စိတ်ဆိုးပြီး အကြာကြီးပျောက်နေခဲ့ပြီးမှ သူ့ဘက်က ခင်မြတ်နိုးဆီ စတင်ဆက်သွယ်ရောက်လာတာမို့ ရင်ထဲမှာ ဝုန်းခနဲ ပျော်သည်။

ထိုအပျော်သည် ဘယ်အပျော်နှင့်မှမတူ၊ ယှဉ်နှိုင်းလို့မရ၊ ထိန်းမရ၊ သိမ်းမရ။ ရင်ထဲ ဖိတ်လျှံကျသော အပျော်မျိုးမို့ ဝမ်းသာလုံး ဆို့တက်လာ၏။

ဇော် မြတ်နိုးကို တကယ်ချစ်ပါလားဟု ပထမဦးဆုံး ယုံကြည်မိပြီး မြတ်နိုးစကားတွေကို သူ လက်ခံပြီထင်ပါရဲ့ဟု ဒုတိယယုံကာ သူ့ဘက်က ဘွားခနဲရောက်လာတာကို တတိယ ပျော်သည်။

မြတ်နိုးက ဇော် စိတ်ဆိုးပြီး မလာတော့လျှင်ဆိုတာကြီးကို တွေးပြီး . . . ရင်ထဲပူလိုက် လစ်ဟာနေရသူပါ။ ဇော့်ကို မြတ်နိုး ခွဲမှ မခွဲနိုင်တာ . . .။





ဇော်မရှိသောဘဝကို မြတ်နိုးမလိုချင်။

ဇော်မပါသော လမ်းခရီးကို မြတ်နိုးမလျှောက်လှမ်းချင်၊ ဇော်တစ်ယောက်တည်းကို တစ်ဘဝစာ ရည်ရွယ်ခဲ့သူပါ။

မြတ်နိုးအနားရောက်လာသောဇော့်ပုံစံက မှုန်တင်းတင်း၊ သူ့ဘက်က တစ်ထစ်လျှော့ပြီး လာရတာမို့ အောက်ကျသည် ထင်သလားမသိ။

“ဇော် . . . ခဏနော်”

ဇော် ရောက်လာချိန်က နည်းနည်းစောသည်။

ခင်မြတ်နိုး အလုပ်ချိန်မပြီးသေးပါ။

ဇော်က ခေါင်းတစ်ချက်ဆတ်ပြသည်။

မြတ်နိုးက . . . ကိုယ့်နေရာကိုယ်ပြန်လာပြီး လုပ်လက်စ အလုပ်တွေ လက်စသတ်သည်။

ရင်ထဲမှာ အေးလိုက်၊ နွေးလိုက်နှင့် လှုပ်ရှားတုန်ယင်နေပါသည်၊ တကယ်ဆို . . . တွေ့တွေ့ချင်း ဇော့်ရင်ခွင်ထဲ ထိုးဝင်ကာ အားပါးတရ ငိုရှိုက်ပစ်လိုက်ချင်တာပါ၊ ချစ်သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်စိတ်ဆိုး အခြေအတင်ဖြစ်ရတာ ခုလောက်စိတ်ပင်ပန်းမှာ မြတ်နိုး မသိခဲ့တာအမှန်။

ရင်ထဲမှာ မွန်းကျပ်ပြီး . . . လုံးဝ မပျော်၊ နေလို့မကောင်း၊ မြတ်နိုးနှလုံးသားက မမာကျောနိုင်။

ဇော်နှင့် မခွဲနိုင်တာ . . . သေချာလာတော့ မြတ်နိုးကြောက်လည်း ကြောက်သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်ခွဲသွားမှာလား၊ ချန်ထားရစ်မှာလားဟု စိုးထိတ်လာမိသည်။

"အမယ်မယ် အပျော်တွေကို ဟန်ဆောင်ဖုံးဖိထားလို့ပါလားနော်"

သင်းသင်းချိုက ဘေးနားလာရပ်ပြီး စ,သည်။

"ဒီဖိုင် ရိုက်နေတာ မပြီးသေးဘူးလား"

ခင်မြတ်နိုးက ရိုက်လက်စကွန်ပျူတာဘက် မျက်ရိုးနှင့်ပြသည်။ သင်းသင်းချိုက ရယ်သည်။





"ရပါတယ် ငါ ဆက်လုပ်လိုက်ပါ့မယ်၊ သွားတော့လေ စောင့်နေပြီ"

"အင်းပါ"

ခင်မြတ်နိုး ဇော့်ကိုချစ်တာ သတိရနေတာ သင်းသင်းချိုအသိဆုံးပဲ မဟုတ်လား။

ခင်မြတ်နိုးက . . . ပိုက်ဆံအိတ်ကလေးကောက်ယူပြီး ထွက်လာခဲ့၏၊ ဇော်က အတူတူယှဉ်လျှောက်လာပေမယ့် စကားမဆို။

ဇော့်မျက်နှာကို မသိမသာအကဲခတ်မိ၏။ မပြုံးမရယ် မရှင်မပြုံးနှင့်။

ရန်ဖြစ်စိတ်ဆိုးခြင်း၏ဆိုးခြင်းဒဏ်ကို နှစ်ယောက်စလုံးခံစားခဲ့ရတာပါ။

ဇော့်မျက်နှာက ခုထက်ထိ ပျက်နေတုန်း . . .

"မြတ်နိုး"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် . . . ခင်မြတ်နိုးလက်မောင်းကိုဖမ်းဆုပ်ပြ
လမ်းဘေးမှာရပ်ထားသော ဘစ်(စ်)ကားအလွတ်အမြင့်ကြီး
တစ်ဖက်ကိုခေါ်သွားပြီး ခင်မြတ်နိုးကိုယ်လေးကို တင်းကျပ်
ဖက်ထားလိုက်၏။

"ဟင်"

ချက်ချင်းကြီးမို့ ဘာမှပြင်ဆင်ချိန်မရဘဲ ခင်မြတ်နိုး
သူ့ရင်ခွင်ထဲ မဘ်မတ်ကလေး ရောက်သွားရသည်။

"မြတ်နိုး . . . ဇော် လွမ်းလို့သေတော့မယ်"

သူက မချိမဆံ့ ပြောသည်။

မြတ်နိုးကို တင်းတင်းရစ်ပတ် ဖက်ထွေးထားသ
လူရှင်း တိတ်ဆိတ်သော လမ်းကလေးမို့ ဟိုသည်ဝေ့ကြည့်
သော မြတ်နိုးလည်း ရှက်လန့်စိတ်ကိုပယ်ကာ သူ့ရင်ခွင်
ပါးကပ်ရင်း သူ့ကိုလည်း တင်းကျပ်စွာ ပြန်ဖက်ထားမိသည်

"ခင်ဗျား တော်တော်ရက်စက်တဲ့ မိန်းမ"

ဉာဏ်ဝင်းစာပေ



ဇော်က မြတ်နိုးဆံပင်တွေကို . . . တယုတယသပ်ကာ
နှုတ်က အပြစ်တင်သည်။

"နေနိုင်တာက ဇော်ပါ"

မြတ်နိုးလည်း အသံတုန်ကလေးနှင့် ချေပမိသည်။

"ဇော့်ကို နှစ်ပြားမတန်အောင်ပြောရက်တာ ဘယ်သူလဲ၊
ဇော့်သိက္ခာမာနကို ထိပါးစော်ကားတာ . . . ဘယ်သူလဲ၊
အမိန့်ပေးတာ ဘယ်သူလဲ မြတ်နိုးရယ် . . . ဇော် အရမ်းခံစား
ရတယ်"

ခင်မြတ်နိုးမျက်နှာကိုမော့စေပြီး ပါးပြင်မွတ်မွတ်ကလေး
ကို မွှေးရှိုက်၏။ မြတ်နိုး သူ့ကိုကြည့်ကာ မျက်ရည်လည်လာ
မိသည်မို့ မျက်လွှာချပြီး သူ့ရင်ခွင်မှာ ငြိမ်သက်နေမိသည်။

သူ့ကို နာကျင်ခံစားရအောင် လုပ်ခဲ့တာမဟုတ်ပါ၊ သူ
အထင်လွဲနေပါပြီ၊ မြတ်နိုးဆိုလိုတာက နှစ်ယောက်ဘဝရှေ့ရေး
အနာဂတ်အတွက် . . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူက မြတ်နိုးကို အကြာကြီးဖက်ထားသည်။

မြတ်နိုးရင်ထဲမှာ တဖြည်းဖြည်းအေးမြကြည်လင်လာ

အပူတွေလျှော့ကျ ပျောက်ဆုံးသွားသည်။

နေပူပူမှာ . . . အငွေ့ထည်အထူကြီးဝတ်ထားရသူ

ချွေးပြန်မောဟိုက်ပြီး ဘယ်လိုမှ သက်သောင့်သက်သာမရှိ

မွန်းကျပ် ပူလောင် . . . ပင်ပန်းနွမ်းနယ်ခြင်းတွေ အား

သူ့ရင်ခွင်ထဲ ငြိမ်သက်ဆဲမှာ အားလုံးလွင့်ပြေးကုန်တော့၏

အချစ်ကြောင့် မြတ်နိုးဘဝသည် အသက်ဝင်လာသလို

ရေငတ်နေသော သစ်တစ်ပင်လို . . . ဇော့်မေတ္တာကို တမ်း

မျှော်လင့်နေခဲ့မိသည်လေ။

"မြတ်နိုး ဇော့်ကိုချစ်ရဲ့လား"

သည်မေးခွန်းလေး မေးစရာလိုအပ်ပါရဲ့လား။

သူ့ရင်ခွင်မှာ သံလိုက်စ,တစ်ခုလို တွယ်ကပ်နေသူ

ချစ်လား၊ မုန်းလား၊ မချစ်လား မေးစရာမလိုပါ။





"ဇော် သိပါတယ်"

ဝန်ခံခြင်းကို သွယ်ဝိုက်စွာ ဆိုမိသည်။

"သိပါတယ်၊ ဇော် အရမ်းသိတယ်၊ ဒီလိုပဲ ဇော်

အခုလို ရောက်လာတာပေါ့၊ အခုမှ မင်းလွမ်းပြနေနဲ့"

ဇော်က မြတ်နိုးကို ပခုံးနှစ်ဖက်ကိုင်ပြီး ခေါ်ခွာ ပြောနေမိစေ

သည်၊ မြတ်နိုး နှုတ်ခမ်းစူမိ၏။

"ပြောတုန်းကပြောပြီး ခုမှဝေးရင် သေပါရယ်ဆိုတဲ့ပုံစံ

လုပ်နဲ့တော့"

မြတ်နိုးနှုတ်ခမ်းကိုက်တော့ သူက ပြန်ပြုံးပါလား၏။

ဇော်ရယ် . . .

ဇော် စိတ်နာပါစေဆိုပြီး တမင်ပြောတာ မှားခဲ့ပြီလား။

ဘာလို့ နားမလည်ရတာလဲ။

"ဇော် မလာဘဲနေတော့မလို့ ခင်ဗျား ကိုမမှားခဲ့တာ

သိနေလို့ လာခဲ့လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်နိုးက ဇော့်ရင်ခွင်မှာ ငြိမ်သက်ပြီး စကားမဆို။

"ကော်ဖီဆိုင် သွားထိုင်ရအောင်"

"အင်း"

ဇော်က . . . ခင်မြတ်နိုးလက်ဖျားလေးကို တင်းတင်း ဆွဲခေါ်၏။

"ခဏနေဦး"

"ဟင် ဘာလို့လဲ"

"ဇော်တို့ ပြေလည်တဲ့အထိမ်းအမှတ်အနေနဲ့"

ဇော်က ပါးတစ်ဖက်ထိုးပေးသည်။

မြတ်နိုးက ခြေဖျားလေးထောက်ပြီး ဇော်ပါးလေးကို နှာဖျားလေးနှင့် ထိရုံထိသည်။

"မရဘူး"

ဇော်က . . . မြတ်နိုးခါးလေးကို တင်းစွာဖက်ထားပြီး နှာဖျားလေးကို မွှေးရှိုက်၏။





"အင်း ဖယ်တော့ . . . သူများတွေ မြင်ကုန်မယ်"

ဇော်က ရယ်သည်။

ဟုတ်သားပဲ . . . ခင်မြတ်နိုးက ခုမှ ရှက်ဖို့သတိရတာ၊ ...မ်းလွန်းလို့ လိမ့်နေခဲ့တာ ကိုယ်ပဲသိသည်။

သတိလက်လွှတ် ဇော့်ရင်ခွင်မှာ ခိုနားချင်မိသည်။

"ဇော် စဉ်းစားပြီးပြီလား"

ခင်မြတ်နိုးမေးခွန်းကို ဇော်က ခေါင်းခါသည်။

"လောလောဆယ် မစဉ်းစားရသေးဘူး"

"ဟင်"

အရမ်းစိတ်ဓာတ်ကျသွားမိပြီး သူ့ကို စိတ်ပျက်စွာ ကြည့် ...၏၊ တကယ်ဆို . . . ပေါ့ပေါ့ဆဆ မဖြေသင့်ဘူးမဟုတ်လား၊ ...းနက်တိကျသောအဖြေတစ်ခု ပါလာခဲ့သင့်တာမဟုတ်လား၊ ... ဘာလို့ သည်လိုမရေမရာဖြေပါလိမ့်၊ နားလည်ရခက်သည့် ...ထဲမှာ ဘဝင်မကျ။



www.burmeseclassic.com

www.burmeseclassic.com



"ဇော် မြတ်နိုးကို ချစ်တယ်၊ ချစ်တာပဲသိတယ်၊ အရမ်းတွေ့ချင်တယ်၊ အဲဒါကြောင့် . . . အားလုံး ခဏဖယ်ထားပြီးလာခဲ့တာပါ၊ စိတ်ညစ်စရာတွေ မပြောပါနဲ့လား မြတ်နိုးရာ၊ လောလောဆယ်ရှိနေတဲ့ ပျော်ရွှင်မှုကို မဖျက်ဆီးချင်ပါနဲ့၊ ဇော် တောင်းပန်ပါတယ်"

"မဟုတ်ဘူးလေ ဇော်၊ အဲဒီကိစ္စကြောင့် ဇော်နဲ့မြတ်နိုး ကွေးများခဲ့ကြရတာလေ"

"ဟုတ်ပါတယ်"

"အဲဒါကို မစဉ်းစားဘူး၊ ထည့်မတွေးဘူး ဟုတ်လား"

သူဆွဲထားသောကိုယ့်လက်ကို ဆတ်ခနဲ ဆောင့်ရုန်းပစ်ကာ မေး၏။

သူက . . . မေးတာကို မဖြေဘဲ မြတ်နိုးလက်ကို အတင်းပြန်ဆွဲပြီး ဆုပ်ထွေးထား၏။

"ဇော် မြတ်နိုးကို အလေးမထားဘူး"





"မြတ်နိုးရယ် . . . အခြေအနေအားလုံးက အခုလိုပဲ အဆင်ပြေနေတယ် မဟုတ်လား"

"ဇော် မြတ်နိုး ဒီကိစ္စကို အမြဲပြောမှာပဲ"

"ပြောချင်လဲ ပြောပေါ့"

ခင်မြတ်နိုးက သူဆွဲထားသောလက်ကို ဒုတိယအကြိမ် ရုန်းဖယ်ပြီး ခြေလှမ်းအမြန်နှင့် ရှေ့က လျှောက်သည်။

ဇော်က ချက်ချင်းဆုံးဖြတ်ရခက်စွာ တွေဝေရပ်နေပြီးမှ နောက်ကနေ ပြေးလိုက်လာ၏။

"မြတ်နိုး ဇော်ပြောတာ နားထောင်ပါဦး"

"တော်ပြီ လာမပြောနဲ့ . . . နားမထောင်ချင်ဘူး"

"မြတ်နိုး"

ခင်မြတ်နိုးလက်မောင်းကို ဇော်က ဖမ်းဆွဲထားသည်။

"လွှတ် မထိနဲ့၊ ရှင့်ကို မတွေ့ချင်ဘူး"

"မြတ်နိုး လူတွေအများကြီးပဲ ကြည့်နေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ကြည့်"

"ဇော့်ကို သိက္ခာကျအောင် မလုပ်ပါနဲ့"

"အေးအေးဆေးဆေး လွှတ်လိုက်ပေါ့"

"မလွှတ်ဘူးကွာ"

လမ်းထိပ်ရောက်လာပြီမို့ လမ်းမကြီးပေါ်မှာ စည်ကား နေ၏။ ဈေးဆိုင်ကလေးတွေ ... ကားမှတ်တိုင် ... ပြီးတော့ ဆိုက်ကားဂိတ်။ ပြီးတော့ ... လူတွေကလည်း ဝရုန်းသုန်းကား သူတို့နှစ်ဦးကို ကွက်ကြည့်ကွက်ကြည့်။

မြတ်နိုး ဘာမှ မတွေးနိုင်၊ ခေါင်းထဲမှာ ထူပူနေသည်။ ပစ်စလက်ခတ် ပြောသောစကားကို သည်းမခံနိုင်။

ကိုယ့်ဘက်က ရန်ဖြစ်ခဲ့ပြီး၊ ရင်နာခဲ့ပြီး တိုက်တွန်းခဲ့ရ သောကိစ္စ၊ သူက ပြီးစလွယ် ...။

ခင်မြတ်နိုးက ဒေါသကိုမထိန်းနိုင်ဘဲ သူ့ကို ဆောင့်တွန်း ပစ်သည်။ ကိုယ့်လက်မောင်းကို ဖမ်းဆုပ်ထားသည့် သူ့လက် တွေကို ဆွဲဖယ်ပစ်သည်။





"အသုံးမကျတဲ့ရှင့်ကို ကျွန်မ စိတ်ကုန်ပြီ ... ဖယ်"

ဇော်က ... ခင်မြတ်နိုး၏အပြုအမူ၊ အပြောအဆိုကို အရမ်းအံ့အားသင့်သွားပြီး မျက်နှာကြီးပျက်ကာ အေးစက် တင်းမာလာ၏။

ခင်မြတ်နိုးလက်မောင်းကို ဖျတ်ခနဲဖြေလွှတ်လိုက်သည်။ သူ့မျက်လုံးတွေမှာ ဒေါသနဲ့နာကြည်းခြင်းကို မြင်ရသည်။

လူတွေအများကြီးရှေ့မှာမို့ ဇော် အရမ်းရှက်သွားမှာ သိသည်။ သို့ပေမယ့် စိတ်ကိုမထိန်းနိုင်၊ ဘာကြောင့်မှ ထိုကိစ္စကို အလျှော့မပေးချင်။

"မင်း အရမ်းမိုက်ရိုင်းတယ်"

ဇော် ... ခပ်တိုးတိုးပြော ကျန်ရစ်တာကို ချာခနဲ လှည့်အထွက်မှာ မြတ်နိုး ကြားလိုက်သည်။

ထိုနေရာကနေ အမြန်ဆုံး ခွာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှက်လည်း ရှက်သည်။ ငိုလည်း ငိုချင်သည်။ ဝမ်းလည်း နည်းမိသည်။ ရင်ထဲမှာ တဆစ်ဆစ်နာသည်။

တော်ပါပြီ ဇော်ရယ် . . .

မြတ်နိုးကို ဇော် မချစ်ဘူး။

မြတ်နိုးစကားကို အလေးမထားဘူး။

မြတ်နိုးဆန္ဒကို အရေးမလုပ်ဘူး။

✧✧✧✧✧





## အခန်း (၅)

ခင်မြတ်နိုးက ပင့်သက်ရှိုက်သည်။

"အင်းလေ . . . သင်းချိုရယ်၊ မြတ်နိုးကလဲ သူ့ကို နာကျင်အောင် ခံရခက်အောင် လုပ်ခဲ့မိပြီပဲ . . . သူ ဘယ်လာ ပါ့မလဲ၊ မြတ်နိုး မျှော်လဲ မမျှော်တော့ပါဘူး"

ဟု အတွေးတွေအဆုံးမှာ ဆိုမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မမျှော်ပါဘူး ဟု နှုတ်က ငြင်းနေပေမယ့် . . . စိတ်က အလိုက်မသိစွာ မျှော်တော့ မျှော်မိတုန်းပါပဲ။

"ကြိုးစားမေ့ပစ်ရမှာပေါ့။ ဖြစ်မှ မဖြစ်နိုင်တော့တာ။ ငါက အကောင်းပြောပေမယ့် . . . သူက အဆိုးမြင်တယ်။ ညှိလို့မှ မရတော့တာ"

သင်းသင်းချိုက နှုတ်ဆိတ် နားထောင်နေ၏။

"ဒီနေ့ သူနဲ့ အမြဲသွားနေကျ ကော်ဖီဆိုင်ကလေးထဲ မိုးဝင်ခိုမိလို့ အနာဟောင်း ပေါ်လာတာပါဟာ"

"ဩော် . . . ဒီလိုလား"

သင်းသင်းချိုက သည်နေ့ ဒေအော့ဖ် (အားလပ်ရက်) မို့ ကုမ္ပဏီကိုမလာ။ အပြန်မှာ ခင်မြတ်နိုးတစ်ယောက်တည်း . . .

"သင်းချို . . . နင်ရော အဆင်ပြေရဲ့လား"

"အင်း . . . အေးအေးဆေးဆေးပါပဲ"

သင်းသင်းချိုတို့စုံတွဲက လူကြီးဆန်သည်။ တစ်ယောက် အပေါ် တစ်ယောက် နားလည်မှုရှိသည်။





"မြတ်နိုး"

"ဟင်"

"အားတင်းထားစမ်းပါ။ နင့်အပေါ် ဂရုစိုက်ကြင်နာမယ့် လူတစ်ယောက် တွေ့ဦးမှာပါဟာ"

"အင်း"

သင်းချိုက သူငယ်ချင်းကောင်းပီသစွာ အားပေးစကား ဆို၏။

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"လိုက်ခဲ့ပါဟာ"

သင်းသင်းချိုက ကွက်ခေါ်ပါသည်။

"ရပါတယ်ဆို...ဒီဆိုင်ကလေးမှာ ကော်ဖီသောက်ရင်း အချုပ်ဖတ်ရင်း စောင့်မယ်၊ အားမနာပါနဲ့"

ညက်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်နိုးက Cafe Blue ဆိုင်ကလေးဆီ မေးငေါ့ပြရင်း လက်ထဲပိုက်ထားသောစာအုပ်ကို ထိုးပြရင်း ဆိုမိ၏။

"တစ်ယောက်တည်း"

"ရပါတယ် ဟယ်"

ခင်မြတ်နိုးက ... မလိုက်ချင်။ သူတို့ အလုပ်ကို သူတို့ဘာသာ ဆွေးနွေးတာအကောင်းဆုံး။

သင်းသင်းချိုအမျိုးသားက ... ရှေ့နေတစ်ယောက်နှ လာတွေ့တာမို့ ... မြတ်နိုးက ကော်ဖီဆိုင်ထဲမှာပဲ နေခဲ့ တွေးသည်။

"ဖြစ်ရင်လဲပြီးရော"

ခင်မြတ်နိုးက စိတ်မချသလို၊ အားနာသလို ကြည့် သော သူငယ်ချင်းကို လက်ကလေးပြပြီး ... Cafe Bl ဆိုင်ကလေးထဲ မှန်တံခါးဖွင့်ကာ ဝင်လာမိ၏။





ခုံမှာဝင်ထိုင်ပြီး Cappucino ကော်ဖီပျော့ပျော့ကလေး တစ်ခွက်မှာသည်။ Cappucino ကော်ဖီကပြင်းလျှင် ခင်မြတ်နိုး မသောက်နိုင်။

သည်ဆိုင်ကလေးမှာက ... အဲဒီကော်ဖီ အရမ်း လူသောက်များသည်။ ဇော်နှင့်အတူတူ နှစ်ခါလာထိုင်ဖူးသည်။

ခုံမှာထိုင်ပြီး ကော်ဖီမှာပြီးသောအခါ ... ခုနလေးမှ လတ်လတ်ဆတ်ဆတ် ဝယ်လာသော စာအုပ်ကို လှန်လှော ကြည့်မိသည်။

ခင်မြတ်နိုးကတော့ စာအုပ်ဆို လတ်လတ်ဆတ်ဆတ်မှ ကြိုက်သည်။ စက္ကူအသစ်ကလေးနှင့်ဆို ပိုကြိုက်သည်။ အခု နောက်ဆုံးထွက်သော စာအုပ်အသစ်စက်စက်မှ ဝယ်ချင်သည်။ ဂျာနယ်ဖြစ်ဖြစ်၊ မဂ္ဂဇင်းဖြစ်ဖြစ် ...

သင်းချိုက ပြောသည်။ စာအုပ်ဆိုတာ ဟောင်းလေ တန်ဖိုးရှိလေတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သင်းချိုက စာအုပ်အဟောင်းတွေ မြတ်နိုးစွာ သိမ်းတ[illegible]
သည်။

စားပွဲပေါ် ရောက်လာသော ကော်ဖီကို လှမ်းကြည့်မိ[illegible]
အပြင်းစားကြီးပါလား . . .

Cappucino ကော်ဖီကို ပျော့ပျော့ကလေး လုပ်ပေး[illegible]
ဆိုတာ . . .

"ဒီမှာ . . ."

ဒီမှာဆိုသော အသံက တစ်ပြိုင်နက်တည်း ထွက်ပေ[illegible]
လာ၏။ ခင်မြတ်နိုးက ဆတ်ခနဲ နောက်လှည့်ကြည့်သည်
စားပွဲထိုးလေးက ဟိုလူဆီ အရင်ဦးဆုံးသွားသည်။

"ကော်ဖီက အရမ်းပျော့လွန်းတယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

သူတို့ စကားသံကြောင့် . . . ခင်မြတ်နိုး သိလိုက်[illegible]
ကော်ဖီခွက်ချင်း မှားသွားပြီ။

ဉာဏ်ဝင်းစာပေ



"ဒီမှာက ပြင်းလွန်းနေတယ်ရှင့်။ ကော်ဖီခွက် မှားပြီ
[illegible]င်တယ်နော် . . .

ခင်မြတ်နိုးစကားကို . . . စားပွဲထိုးလေးက ချက်ချင်း
[illegible]ခါင်းညိတ်လက်ခံပြီး . . .

"ဆောရီး ဆောရီး မှားသွားတာပါ" ဟု ကော်ဖီခွက်ချင်း
[illegible]ြန်လဲပေး၏။

ခင်မြတ်နိုးက အရှေ့ဘက်ပြန်လှည့်ပြီး . . . စာအုပ်ကို
ဆက်ဖတ်နေပေမယ့် စိုင်းဇေကတော့ အလွန်အမင်း အံ့အား
သင့်လျက် မယုံနိုင်အောင်ပင် ဖြစ်သွားရသည်။ တိုက်ဆိုင်လွန်း
နေပါလား။

ဖြစ်ချင်တော့ ကော်ဖီခွက်ချင်းပင် လာမှားနေသေးသည်။
သူ ရုတ်တရက်ပြုံးမိသည်။

ဒုတိယအကြိမ် တိုက်ဆိုင်စွာ ဆုံဆည်းရခြင်းကို သူ
[illegible]မ်းသာသည်။ ကျေနပ်သည်။ ပီတိဖြစ်မိသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ရက်ကလိုပါပဲ . . . အဲဒီ ကောင်မလေးက ကျောနေးထိုင်နေသည်။ ဝိုင်းဇေ ကြည့်နေတာကို မသိ။ ဝိုင်းဇေက အေးအေးလူလူကြည့်နေမိတုန်းမှာပဲ ကောင်မလေး က နောက်ဘက်ကို ပြုန်းခနဲ ဝေ့ဝဲကြည့်လာ၏။

သူ မျက်လုံးလွှဲချိန်မရလိုက်ပါ။ တည့်တည့်အကြည့်ချင်း ဆုံသည်။ သူ့ရင်ထဲမှာ တဒိတ်ဒိတ်နဲ့ လှုပ်ရှားလာ၏။ အားနာ ပေမယ့် သူ့အကြည့်မလွှဲချင်။ ခပ်ကြာကြာ ကြည့်နေဖြစ်သည်။

ကောင်မလေးက . . . နှုတ်ခမ်းလေး မသိမသာစူပြီး ပြန်လှည့်သွား၏။ သူ့ရင်ထဲမှာ ဟာတာတာနှင့် . . .

စူးလဲ့တောက်ပသော မျက်လုံးစိုစိုကလေးက သန်မာ သော စတီးလ်ကြိုးမျှင်ကလေးတွေလို သူ့ရင်ကို ရစ်ပတ်လာ၏။

ဝေဒနာတစ်ခု . . . ရင်ထဲမှာ ရစ်သီလာသည်။ စောစောတုန်းကလိုပဲ မျက်လုံးချင်း ဆုံကြည့်နေချင်သည်။ ထိုကောင်မလေးနှင့် အကြည့်ချင်းဆုံရတာ . . . နှစ်သက်သော





ဆွဲချင်းတစ်ပုဒ်ကို နားထောင်နေရသလို နှစ်မျောပျော်ဝင်နေမိ ပါသည်။

ဘေးနားထိုင်ပြီး စကားလေးတွေ တွတ်တီးတွတ်တာ ပြောခွင့်ရလျှင် . . .

ဆံပင်ပျော့ပျော့ကလေးတွေကို သပ်ပေးပြီး အတူတူ ယ်မောခွင့်ရလျှင် . . .

နူးညံ့သော နှုတ်ခမ်းကလေးကို . . .

ဟာ . . . မင်းလွန်နေပြီ ဝိုင်းဇေ။

အတွေးတွေက . . . သိပ်အတင့်ရဲလွန်းနေပြီ။ ဝိုင်းဇေ ခေါင်းခါယမ်းမိသည်။

သူ ဇော်ဇော်စိတ်ကူးတွေ လွန်နေပါရောလား။

တစ်ယောက်နှင့်တစ်ယောက် သိပင်မသိကြသေးပါ။

ကောင်မလေးကဖြင့် သူ့ကို မှတ်မှတ်မိမိပင် ရှိပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က တစ်ဖက်သတ်ကြီး ဖြစ်နေပါပြီ။

ပိုင်းဇေ ရှက်ရှက်နှင့် အတွေးတွေ ရပ်ပစ်လိုက်၏။

နှစ်ခါဆုံဖြစ်ကြရုံနှင့် ခုလောက်အထိ နက်ရှိုင်းသင့်ပါ့ရဲ့လား . . . မဖြစ်သင့်သေးပါ။

သို့ပါသော်လည်း ရင်ထဲက နှလုံးသားသည် စည်းကမ်းကို နားမလည်။ ကန့်သတ်ချက်ကို မလိုက်နာ။

သူ့ကိုဆန့်ကျင်သည်။ ရင်ခုန်သံက အလိုက်မသိဖြစ်ထွန်းလာ၏။

နောက်ထပ်တစ်ကြိမ် ကောင်မလေးက လှည့်မကြည့်တော့ပါ။ သူ့မျက်လုံးတွေကို ဂရုမစိုက်တာလား၊ အသိမှတ်မပြုတာလား . . . တစ်ခုခုပါပဲ။

ခဏကြာတော့ . . . ကောင်မလေးတစ်ယောက်နှင့် အမျိုးသားတစ်ယောက် စုံတွဲရောက်လာပြီး စကားပြောဆိုရယ်မော စားသောက်ကြသည်။

ဉာဏ်ဝင်းစာပေ



ကော်ဖီဆိုင်က ပြန်သွားချိန်အထိ တစ်ချက်မှ လှည့်မကြည့်ပါ။ ပိုင်းဇေကသာ သူတို့ မထ,မချင်း ထိုင်နေမိတာပါ။

သက်ပြင်းဖောတစ်ရှိုက်နှင့်အတူ . . . သူ ဆိုင်ထဲက ထွက်လာခဲ့၏။

သူ့ဘဝမှာ ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားမိတာ . . . သည်တစ်ခါ ပထမဦးဆုံးပါ။

✧✧✧✧✧

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

ဂစ်တာတီးပြီး စိတ်ပါလက်ပါ ခံစားချက်အပြည့်နှင့် သီချင်းဆိုနေသော ဇော့်ကို . . . ဝိုင်းဇေက တိတ်တဆိတ် ကြည့်နေ၏။

ဇော် အသည်းကွဲနေတာလား၊ လွမ်းနာကျနေတာလား တစ်ခုခုပါပဲ . . . ဇော့်ကောင်မလေးကို ဝိုင်းဇေ မမြင်ဖူးပါ။ အလုပ်ချိန်ပြီးမှ ညပိုင်းဆုံဖြစ်ကြတာမို့ ဇော့်ကောင်မလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မဆုံဖူးပါ။ ဇော်ကောင်မလေးက ဇော့်ဆို အလုပ်ဝင်ခိုင်းတာ ကြားသည်။ သူတို့ ပြဿနာဖြစ်ကြတာ သိသည်။ အခုတော့ တကယ်ပြတ်သွားကြပြီလား။

" ငှက်ကလေးများတို့ရယ်
မနက်ခင်းမိုးလင်းတိုင်းကွယ်
သီချင်းများညည်းလို့
ပြတင်းပေါက်ဖွင့်တော့
လောကကြီးတွေ့ရတယ်
အိမ်ပြတင်းပေါက်မှကွယ်
လေညင်းကလေးများရယ်
ဟိုမှာ ပန်းကလေးများ
ဟိုမှာ မိုးသားများ
သာယာကြည်လင်စွာ ရောင်စုံရှုခင်းများ
လှမ်းလို့မြင်နေဆဲ





ဘယ်မှာလဲ မင်းလေးတစ်ယောက်မရှိတော့
လောကကြီးက လှနေလည်း
မပြည့်စုံဘူးလို့ ဆိုမယ်
အချစ်ဆုံး မင်းမရှိရင် ရင်မှာ ဟာဆဲပဲ
မပြည့်စုံဘူး အချစ်ကလေးရယ် . . . "

"ဘယ်လိုလဲကွာ . . . ဗီလင်အပြည့်ပါလား"

ဇော်က ဖွဖွပြုံးသည်၊ နွမ်းသောအပြုံး၊ စိတ်ထိခိုက်သော အပြုံး။ ဝိုင်းဇေက မကြည့်ရက် . . .

"ကဲပါကွာ . . . ငါ ဖုန်းခေါ်ပေးမယ်"

"နေပါစေကွာ တော်ပါပြီ"

"ဘာဖြစ်လို့လဲ"

ဇော်က သက်ပြင်းရှိုက်သည်။

"ငါတို့အတတ်လမ်း ဇာတ်သိမ်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့လား . . . မင်း ဒီလောက်ဆွေးနေတာ"

ဇော်က အတည်ပြောလာသည်။

"ငါ . . . သူ့ကို ခွင့်လွှတ်လို့မရတော့ဘူး"

ဝိုင်းဇေက သက်ပြင်းချသည်။

"မောင်ဝိုင်း . . . သူ ငါ့အပေါ် အရမ်းမောက်မာ တယ်ကွာ . . . မင်းမသိဘူး"

ချစ်သူတို့ . . . တော်တော်ကလေး စိတ်နာနေပုံပါ။ သည်တစ်ခါတော့ သူတို့ တကယ်ကွဲတော့မှာလား မသိပါ။ ဝိုင်းဇေကတော့ ရည်းစားလည်းမထားဖူး၊ ရည်းစားလည်းမကွဲဖူး။ ရည်းစားကွဲမှာလည်း ကြောက်တတ်သည်။

သည်ဘဝမှာ တစ်ယောက်တည်းကိုပဲ တစ်သက်လုံး ချစ်သွားချင်ပါသည် . . . သူ့ရည်ရွယ်ချက်ပါ။

"ငါ ဆုံးဖြတ်ပြီးပြီ . . . အချစ်သစ်ရှာတော့မယ်"

ဉာဏ်ဝင်းစာပေ



ပြတ်သားလွန်းလှချည်လား . . . ပြတ်သားမှုက မြန်ဆန်လွန်းနေပါလား။ ဟုတ်မှဟုတ်ပါ့မလားဟု သံသယဝင်ရအောင် ကလည်း ဒါမျိုးကိစ္စကို ဇော် နောက်ပြောင်မှာမဟုတ်။

ဇော်က သူ့ကောင်မလေးကို . . . အရမ်းအလေးအနက် ထားသူပါ၊ ကပျက်ကချော် ပြောမှာမဟုတ်။

"မင်းတို့ တကယ်ပြီးဆုံးသွားပြီလား"

"အေး"

"ငါနဲ့တောင် မိတ်ဆက်မပေးဘူး"

"ကြုံမှ မကြုံတာ"

"အေးလေ စိတ်သဘောထားချင်း မတိုက်ဆိုင်တော့လဲ စောစောလမ်းခွဲတာ ပိုကောင်းပါတယ်"

"ဟုတ်တယ် . . . သူ့စိတ်က အရမ်းပြင်းထန်တယ်ကွာ လူတစ်ဖက်သားကို နားလည်မှုမရှိဘူး"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ သူပြောတာလဲ မှန်တော့မှန်တယ်၊ သူ မမှား ပါဘူး"

ဝိုင်းဇေစကားကြောင့် . . . ဇော် မျက်နှာပျက်သည်မို့ ထပ်မပြောတော့ပါ။ အခုအချိန်မှာ ဝေဖန်လို့မရ၊ ဇော့်စိတ်က တင်းလွန်းသောကြိုးတစ်ချောင်းလို ပြတ်ထွက်ဖို့အဆင်သင့်။

သည်ကိစ္စကြောင့် . . . ချစ်သူနှင့် လမ်းခွဲခဲ့ရပြီးပြီ၊ နောက်ထပ် ထိုးနှက်ချက်ကို သည်ကောင် သည်းခံနေမှာ မဟုတ်။

ဝိုင်းဇေနှင့်ပါ စကားများရလိမ့်မည်။

နှုတ်ဆိတ်နေလိုက်တာ အကောင်းဆုံးပါပဲ။

သွေးပူနေတုန်း ထပ်ဆွပေးသလို ဖြစ်သွားနိုင်သည်၊ ဇော့်စိတ်ကို ဝိုင်းဇေ သိသည်။

"ငါ သူ့ဆီ . . . ဘယ်တော့မှ မသွားတော့ဘူး"

ဝိုင်းဇေကို တိုင်ပင်ဖွင့်ဟလာ၏။





"အစားထိုးအချစ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ငါ သူ့ထက်သာတဲ့ ဘာကလေး ရှာတွဲမယ်"

သူက ဘာမှ ဝင်မစွက်ပါ။ ကိုယ်ရေးကိုယ်တာကိစ္စမို့ အသာကလေး ဘေးထွက်နေတာ . . . ပိုသင့်တော်လိမ့်မည်။ ဇော့်စိတ်က ညစ်တွန်း တွန်းချင်နေတာ။

"မောင်ဝိုင်း ဟိုလမ်းထိပ်ကကောင်မလေး ဘယ်လိုလဲ၊ တိုးဆိုင်ကလေ . . . ဆံပင်ရှည်ရှည်ကလေးနဲ့ အသားညိုညို ကလေး . . ."

"ဩော် အဲဒီဆိုင်က အန်တီကြီးရဲ့တူမလား . . . ဖြူတဲ့ တစ်ယောက်က . . . သမီး"

"ဖြူတဲ့တစ်ယောက် စိတ်မဝင်စားပါဘူး"

"မင်းနဲ့ မျက်လုံးချင်း ချိတ်မိလို့လား"

ဝိုင်းဇေက သိချင်စွာနှင့် မေးကြည့်မိသည်။

"ဒီလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇော့်အဖြေက မရေမရာ ဇဝေဇဝါနှင့် ...

ပြောရလျှင် အဲဒီစတိုးဆိုင်က ဆံပင်ရှည်ရှည်၊ အသား ညိုညိုကလေးနှင့်ကောင်မလေးက ... ဝိုင်းဇေအပေါ် အရေး ပေးလွန်းသည်။ ဝိုင်းဇေက ဝိုင်းဇေတစ်ယောက်တည်းကိုပဲ သီးသန့်အရေးပေး ဖော်ရွေနွေးထွေးလွန်းသည်ဟု ထင်ခဲ့မိတာ

အခုတော့...ဇော့်ကိုလည်း မျက်နှာသာပေးသတဲ့လား သည်လိုသာဆို မလွယ်။

ဝိုင်းဇေထင်ထားတာ မှားသွားပြီ။

"အဲဒီကောင်မလေးနာမည်က 'မြကလေး' တဲ့"

"ဟုတ်လား"

ငါ့စိတ်တွေပြောင်းပစ်လိုက်ပြီ၊ ငါ့အပေါ် အမိန့်ပေး ချုပ်ချယ်တင်းမာတဲ့ မိန်းမမျိုး ငါမလိုချင်တော့ဘူး။ မုန်းတယ် ခါးတယ်။ တပည့်လေးတစ်ယောက်လို ရိုကျိုးတဲ့ ကောင်မလေး ချစ်ချင်တယ်"





ဝိုင်းဇေက ဇော့်ကိုကြည့်နေလိုက်၏။ ရှေ့ဆက် ဘာတွေ ဖြစ်လာမလဲ မသိနိုင်ပါ။

ကြည့်ရတာ ဇော် သူ့ချစ်သူကောင်မလေးကို နာကြည်း သွားခဲ့ပြီ။

သည်လောက်မြန်မြန် ဇာတ်သိမ်းသွားမည် မထင်ခဲ့ပါ၊ သူ့အတွက်တော့ နားမလည်နိုင်စရာ၊ အံ့အားသင့်စရာ ဖြစ်နေ သည်။

သူနှင့် ဇော် အတွေးအခေါ်၊ အယူအဆ လုံးဝမတူ။ စားပုံချင်းလည်း မတူ။

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ငါပြောတာ အဲဒီတစ်ယောက်ပေါ့"

"အင်း"

ဇော်က ကားထဲမှာ အတူတူထိုင်နေရင်း . . . စတိုးဆိုင်က်လေးဘက် မေးငေါ့ပြသည်။

ဝိုင်းဇေက သိပြီးသားပါ။ နာမည်ကိုသာ ဇော်ပြောမှ သိခဲ့တာ၊ ဝိုင်းဇေက ဘာရယ်မဟုတ်ဘဲ လှမ်းကြည့်နေမိ၏။ ဇော်က 'ခဏ' ဆိုပြီး ကားပေါ်က ဆင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ . . . သူ ဇော်နှင့်အတူတူ လိုက်ဆင်းသွား မလို့ပါ။ ဇော်က မြန်မြန်သွက်သွက် ထွက်သွားတော့ သူ ကားထဲမှာပဲ နေရစ်ခဲ့တော့သည်။

ဆံပင်ရှည်ရှည်၊ အသားညိုညို ကောင်မလေးက ဇော့်ကို ဖော်ရွေစွာ ပြုံးပြနှုတ်ဆက်သည်။

သူ့ထက် . . . ဇော်က သွက်လက်ရဲတင်းသည်။ သူက ခပ်အေးအေး၊ ပြီးတော့ သူ့မျက်နှာက တည်သည်။

ဆံပင်ရှည်ရှည်ကောင်မလေးက သူ့ကို လှမ်းကြည့်ပြီး ဘာတွေပြောနေမှန်း မသိပါ။

ဇော်က စီးကရက်တစ်ဘူးဝယ်ပြီး ကားဆီပြန်လျှောက် လာ၏။ ကားထဲ ဝင်ထိုင် စက်နှိုးပြီး ကောင်မလေးကို လက်ပြ သည်။ ဇော့်အပြုံးတွေက . . . ချိုမြိန်လွန်း၏။ စတိုးဆိုင်က တော်တော်ကလေးကျော်လာပြီးမှ ဇော်က ဝိုင်းဇော်ကို စကား တစ်ခွန်းမေးလာသည်။

"မောင်ဝိုင်း မင်း . . . မြကလေးနဲ့ သိလား တဲ့"

"မသိဘူး"





အမှန်အတိုင်းပဲဖြေမိသည်။ ဒါတွေက ညာလို့ရတာမျိုးမှ မဟုတ်တာ၊ ပြီးတော့ . . . ဇော်က သူငယ်ချင်းအရင်းကြီး။

"မင်းကို မေးနေတယ်"

ဇော့်အသံက အောင့်သက်သက်နှင့် မကျေမနပ်သလို မျိုးကြီး။ သူလည်း ဇော်နေရာမှာဆို အဲဒီလိုဖြစ်မိမှာ မလွဲမသွေ။

"မင်းကို တော်တော်သတိထားဂရုစိုက်ခဲ့ပုံပဲ"

"ဟုတ်လား"

ဝိုင်းဇော ဇော့်ကို အားနာမိ၏။

သူငယ်ချင်း အချင်းချင်းတွေကြားမှာ သည်လို မျက်နှာပူ ရမျိုး မကြုံချင်။ သူ့လမ်းကို ဝိုင်းဇော မဟန့်တားချင်ပါ။

ဝိုင်းဇော့်ကြောင့် အနှောင့်အယှက်လည်း မဖြစ်စေချင်။

"မင်းက သူ့ကို စိတ်ဝင်စားလို့လား"

"လောလောဆယ်တော့ . . . ငါ ပစ်မှတ်ထားတယ်"

"အဲဒါဆိုလဲ သေချာသွားအောင် ငါ့မှာ ကောင်မလေး ရှိတယ်လို့ ဖယ်ထုတ်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဇေ အကြံဉာဏ်ပေးတာကို ဇော်က ရယ်သည်။

"အေး . . . ကောင်းသားပဲ"

ဇော်က တစ်ချက်စဉ်းစားပြီး . . .

"မင်း အိုင်ဒီယာ မဆိုးဘူး တဲ့"

"ငါ့အလှည့်မှာ ဒါမျိုးကြုံလာလဲ . . . ငါ မင်းက အဲဒီလိုပဲ ဖယ်ထုတ်မှာကွ သိလား။ မင်းမှာ မိန်းမရှိတယ်လို့ ပြောပစ်မှာ ဇော်"

"ဟာ အဲဒီလောက်ကြီးတော့ မလုပ်ပါနဲ့"

စောစောစီးစီး တောင်းပန်ထား၏။

ဝိုင်းဇေနှင့်သူက နားလည်မှုရှိသော သူငယ်ချင်းပါ။

"ဟာ . . . မင်းကွတ်သီးတွေ အရမ်းကောင်းပါလား"

ဇော်က ကားကို ရုတ်တရက်ရပ်လိုက်၏။ အကျင့်ပါ လို့ပါ။ မြတ်နိုးက မင်းကွတ်သီးအရမ်းကြိုက်သည်။ ကော်ဖီလည်း အရမ်းကြိုက်သည်။ မင်းကွတ်သီးကို ကော်ဖီနှင့် အချိန်ကပ် စားဖို့ သူ အမြဲမှာထားရသည်။





"မင်းကွတ်သီး ဝယ်မလို့လား"

ဝိုင်းဇေက တအံ့တသြမေးသည်။

"မဝယ်တော့ပါဘူး"

ဇော် မျက်နှာပျက်သွား၏။ လျှပ်တစ်ပြက်အချိန်ကလေး မှာ သူ မြတ်နိုးကို မမေ့နိုင်သေးတာ ပေါ်လွင်သွား၏။ သူ အရမ်း ကြိုးစားနေရသည်၊ မြတ်နိုးဆီ မသွားမိအောင်ပါ။

မြတလေးကို မြတ်နိုးနေရာမှာ အမြန်ဆုံးအစားထိုးမှ ဖြစ်လိမ့်မည်။

မြကလေးအတွက် တရားသည်ဖြစ်စေ၊ မတရားသည် ဖြစ်စေ သူ့အတွက်တော့ အဲဒီလိုလုပ်မှ ကို ဖြစ်ပါလိမ့်မည်။

"မင်း မမေ့နိုင်သေးဘူးလား"

"ငါ တဖြည်းဖြည်းတော့ မေ့ပစ်နိုင်မှာပါ"

"မင်း ဘာလို့သူ့စကားကို လက်မခံတာလဲ၊ နှစ်ယောက် စလုံး စိတ်ချမ်းသာမယ့်ကိစ္စ"

"နိုး . . . ငါ လုံးဝလက်မခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ချင်း နားလည်မှုလွဲတာနေမှာပါ၊ ခုလောက်ဆို သူလဲ မင်းကို မျှော်ချင်မျှော်နေမှာ"

ဇော်က ခေါင်းယမ်းသည်။

အလုပ်တစ်ခုခု အမြန်ဆုံးလုပ်ဖို့ . . . သူ တွေးပြီးသားပါ၊ သို့ပေမယ့် မြတ်နိုးကြောင့်မဟုတ်။ သူ့ကို အမိန့်ပေးစေခိုင်းတာကို စိတ်က တန့်နံ့နာကျင်သည်။ သူ့ကို စပ်ဖျဉ်းဖျဉ်းနှင့် ဒဏ်ရာရစေသည်။ သူ မြတ်နိုးကို မချစ်တော့ပါ။

✧✧✧✧✧





## အခန်း (၉)

လွန်လေခဲ့ပြီးသော ပြက္ခဒိန်စာမျက်နှာရဲ့ တစ်ခုသော တနင်္ဂနွေနေ့ . . . မြတ်နိုး ရေချိုးပြီး အလှပြင်နေချိန်မှာ ဇော် ဖုန်းဆက်လာခဲ့သည်။

"ဟဲလို"

"မြတ်နိုး"

"အင်း . . . မြတ်နိုးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်း ထူးလိုက်ကတည်းက ဇော်သိပါတယ်၊ မြတ်နိုးတာ ဇော့်အသံတစ်ခွန်းကြားရုံနဲ့ မမှတ်မိတာ"

"အဲဒါ . . . ဖုန်းသံက ကြားတစ်ချက်၊ မကြားတစ်ချက် ဖြစ်နေလို့ ဘယ်သူလဲမေးမိတာပါ"

ဟိုတစ်ရက်က ဖုန်းထဲမှာ ဘယ်သူလဲဟု ခပ်မာမာ မေးမိပါတယ်ဆိုပြီး . . . ဇော်က ခုထက်ထိ အစာမကြေနိုင်ဘဲ ဖြစ်နေသည်။

သူ့အသံကို . . . ချက်ချင်းမမှတ်မိရကောင်းလား ဟု အပြစ်တင်ချင်ချင်ပါ။

သူဟာ . . . တစ်ခါတစ်ရံ ဂျစ်ကန်ကန်နှင့် အလွန် ကလေးဆန်သူပါ။ ဒါပေမဲ့ . . . ဘာကြောင့်မှန်း မသိဘဲ အကြောင်းပြချက်လည်း မရှိဘဲ ဇော့်ကို မြတ်နိုး ချစ်သွားခဲ့ သည်လေ။

"မကြားတစ်ချက်ဆိုလဲ ကြားတဲ့တစ်ချက်မှာ ဒက်ခနဲ မှတ်မိသင့်တယ်"

ဉာဏ်ဝင်းစာပေ



"ကဲပါ အဲဒီကိစ္စ . . . ဟိုနေ့ကတည်းက မြတ်နိုး ဆောရီး ပြောပြီးသားကို"

"မြတ်နိုး . . . ဇော့်ကို ချစ်လား"

"မေးပြန်ပြီ"

"မေးမှာပဲ၊ မေးတိုင်း ဖြေရမယ် . . . ဒါပဲ"

ကြည့်ဦးလေ ချစ်လားမေးတဲ့အသံက စိတ်တိုနေသံကြီး။

မြတ်နိုး တစ်ချက်ပြုံးမိကာ . . .

"အင်းပါ . . . ချစ်ပါတယ်"

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဘာတော်လဲ"

"သိပါတယ်"

"သိတယ်လို့ လွယ်လွယ်မပြောနဲ့၊ ဘာလဲဆိုတာ ဖြေ"

"ရည်းစား"

"ရည်းစားဆိုရင် နှစ်ရက်မတွေ့ဘဲ ဘာလို့ပစ်ထားလဲ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ပစ်ထားတာလဲ၊ ဇော်မှ ဖုန်းမဆက်ဘဲ"

"ဇော် မဆက်လည်း မြတ်နိုးဆက်လို့ရတာပဲ"

"ဇော် ဆက်တာကိုပဲ စောင့်နေတယ်"

"အဲဒါတွေ စားတာပေါ့"

မြတ်နိုး တစ်ခုခုပြောလိုက်ရင် စားတာပဲ၊ ပြဿနာပဲ ဟု ရေရွတ်ကာ သူက ခေါင်းကို ဖွပစ်တတ်သေးသည်။

ဖုန်းထဲကနေ . . . သူ့အမူအရာကို မြင်ယောင်နေမိကာ မြတ်နိုးနှုတ်ခမ်းတွေ ပြုံးနေရသည်။

သူ့စကားသံက . . . ဂျစ်တစ်တစ်နိုင်ပေမယ့် မြတ်နိုးက ထိုအသံမှာ မျှော်ပါကြည်နူးခဲ့မိပြီကိုး။

သူ့ဆီမှာ မြတ်နိုးမကြိုက်တဲ့ အချက်တွေ တော်တော်များများ ရှိနေသည်။

ဒေါ်သစာကြီးနှင့် မိန်းကလေးတစ်ဦးအပေါ် အရှုံးမပေးဘဲ အခြင်းအခုံသန်တတ်တာ . . .။





ကားမောင်းကြမ်းတာ ဖြေးဖြေးမောင်းလို့ သတိပေးရင် ရယ်ကျဲကျဲနှင့် မိုင်နှုန်းပိုမြှင့်ပစ်ဝတတ်တာ။

မြတ်နိုးနှင့် . . . ချိန်းထားပြီးသား ဖြစ်ပေမယ့်လည်း သူငယ်ချင်းက ဘီယာသောက်ဖို့ခေါ်ရင် . . . ဒီဘက်ကကိစ္စကို မြန်မြန်ဖြတ်ကာ ဘီယာအတူ စုသောက်ဖို့ကို ပိုအရေးပေးတတ်တာ၊ ဒါဟာ မိန်းကလေးတစ်ယောက်ကို သူငယ်ချင်းလောက် သူ့ခေါင်းထဲမှာ အရေးတကြီး နေရာမပေးဘူး ဆိုတာကို ပြသနေတာပဲ ဖြစ်တာမို့ အားလုံးထဲမှာ မြတ်နိုးက ထိုအချက်ကိုတော့ အမုန်းဆုံးဖြစ်ပါသည်။

နောက်လည်း သူ့ဆီမှာ ကြည့်မရလှတဲ့ ပြစ်ချက်တွေ အများကြီးပါ။

စကားပြောရင် . . . ကြီးကြီးကျယ်ကျယ်နှင့် ဖောတွေ သိပ်များလွန်းတာ ကိုယ့်ကိုယ်ကိုအထင်ကြီးတာ၊ မိန်းမငကြောင့် ဘဝပျက်မခံဘူးလို့ တွေ့တဲ့သူကြွားပြောတတ်တာ၊ မိဘပိုက်ဆံ ထိုင်သုံးနိုင်တာဟာ ကုသိုလ်ထူးလို့ ရတဲ့ အခွင့်အရေးလို့



www.burmeseclassic.com

www.burmeseclassic.com



ခံယူထားတာ၊ တစ်ခါတစ်ရံ ဘောလုံးပွဲ လောင်းတတ်တာ၊ တွေ့တဲ့သူကို အကြောမခံဘဲ ... ချက်ချင်း ရန်ဖြစ်လိုက်ဖို့ ဝန်မလေးတာ၊ ဘယ်အရာမဆို အနိုင်နဲ့အရှုံးကိုပဲ ခေါင်းထဲက အလျှင်အမြန် တွက်ထုတ်နေတတ်တာ ... ပြီးတော့ အပေါင်းအသင်းတွေနှင့် စကားပြောတဲ့အခါ ပါးစပ်အကျင့် ပါပြီး ဆဲရေးစတိုင်လ် လုပ်တတ်တာ။

စီးကရက်ကို ... မနားတမ်း ဖွာရှိုက်တတ်ပြီး သူ့ကို ဆရာလုပ် တားမြစ်ရင် မကြိုက်တဲ့အကြောင်း ကြိုတင် သတိပေးထားတာ။

မြတ်နိုးကို ဟိုဟာ မဝတ်ရ၊ ဒီဟာ မဝတ်ရလို့ ရည်းစား စ,ဖြစ်ကတည်းက ပါဝါပြချင်တဲ့ အကျင့်စရိုက် အပါအဝင် သူ့ဆီမှာ မကြိုက်တာတွေက တစ်နေ့တစ်မျိုး မရိုးနိုင်အောင် တွေ့ရတတ်သည်။

သို့သော် မကြိုက်တာတွေက သီးသန့် အချက်အလက် အုပ်စုတစ်စုဖြစ်ပြီး ...ထိုအထဲမှာ ဘယ်လိုမှ သည်းမခံနိုင်တဲ့





ပါတ်စဉ်တွေပါမလာလို့ ... မြတ်နိုးဘာသာ ပယ်ချနေကာ သူ့ကိုမြင်ရင် ပျော်ရွှင်ကြည်နူးသာယာတာက အားလုံးရဲ့ ခေါင်းစဉ်ကြီးတစ်ခုအဖြစ် ကြီးကြီးမားမား ထင်ရှားပေါ်လွင် နေပြီး ... ထိုခေါင်းစဉ်အောက်မှာ စုစည်းတည်ရှိနေသော အချက်တို့က မှိန်ဖျော့နေရတာအမှန်။

ထိုအခါ သူ့ကို အပြစ်မြင်လိုသောစိတ်တို့ဟာ အလိုလို ငုပ်လျှိုးသွားရပြီး ချစ်တဲ့စိတ်က ပိုမိုကြီးစိုးထားသည်။

တခြားမိန်းကလေးတွေရော ... သူတို့ရည်းစားအပေါ် ဘယ်လိုအမြင်သဘောထားရှိသလဲ။

မြတ်နိုးမသိ၊ မြတ်နိုးသိတာကတော့ ... ချစ်တာနှင့် အလိုမကျတာဟာ တွဲဖက်လျက် ပေါ်ပေါက်နေတတ်တာပဲ ဖြစ်သည်။

ဒီတော့ ... ချစ်တာကို ဦးစားပေးမလား။

အလိုမကျ၊ စိတ်တိုင်းမကျ ... ကြည့်မရလှတာကိုပဲ ရွေးတန်းတင်မလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ရွေးချယ်ရပါသည်။

"မြတ်နိုး"

ဖုန်းခွက်ကို နားနှင့်ကပ်ကာ ငြိမ်တွေနေမိရာမှ ဆတ်ခ
ဖြစ်သည်။

"ဟင်"

"တိတ်သွားလို့ ဘာဖြစ်တာလဲ အိပ်ချင်နေပြီလား"

"မဟုတ်ပါဘူး"

"ကျွန်တော်ဖုန်းပြောတာ မပျော်ဘူးလား။ စိတ်ညစ်စ
ပျင်းစရာကောင်းနေလား"

"မဟုတ်တာဘဲ . . . ဇော်ကလဲ"

"ဒါဆို . . . ဘာလို့ စိတ်မပါတာလဲ"

"ဩော် . . . စွပ်စွဲနေတာပဲ၊ နည်းနည်းပါးပါး
စိတ်ရှုည်လက်ရှည် ရှိစမ်းပါဦးဇော့လား"





"နှစ်ရက်လုံးလုံး မတွေ့ရတာ ညစ်နေတယ်၊ ခင်ဗျားကို
စိတ်ထဲမှာ တင်းနေတယ်"

"အဲဒါ . . . မြတ်နိုးအပြစ်လားကွာ"

"ကဲ . . . ဒါဆို အခုပြော ကျွန်တော့်ကို သတိရလား"

"ချစ်လား၊ ပြီးရင် သတိရလား၊ ပြီးရင် တွေ့ချင်လား၊
တွေ့ချင်ရင် အခုချက်ချင်းတွေ့မယ်"

"မတွေ့ချင်ရင် နောင်ဘယ်တော့မှ မတွေ့တော့ဘူး၊
တော်ပြီ . . ."

အဲဒါတွေက သူ့ရဲ့လက်သုံးစကားဖြစ်ပါသည်။

စ,ပြီး ကြားရကာစ,တုန်းက မြတ်နိုးရင်မှာ မာနနှင့်
ကျင်ဒေါသ ဖြစ်ရပြီး . . . ကြားရဖန်များလာသောအခါ
သူ့အကျင့်ပဲ . . . မြတ်နိုး မနှစ်သက်တဲ့စကား ပြောဆိုပုံ
စမျိုးပဲဟု နားလည်ခွင့်လွှတ်ခဲ့ရပါသည်။

သူ တွေ့ချင်တဲ့အခါ . . . စက္ကန့်မဆိုင်းဘဲ တွေ့လိုပြီး
တ်နိုးက တွေ့ချင်ရင်တော့ ရှာမရအောင် အလုပ်များကာ



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲနေပုံ ဖမ်းတတ်တာဟာ ဘာကြောင့်ရယ်လို့ ခုထက်ထ
သဘောမပေါက်နိုင်ပါ။

ဇော်ကိုယ်တိုင်က နားလည်ရခက်သော ကောင်လေး
တစ်ယောက်ဖြစ်ပါသည်။

သူ့ဆီမှာ ... အစွဲ့တိုက်ချင်တာ၊ ပညာပြချင်တာ
သူအနိုင်ပဲရချင်တာ၊ လူတစ်ဖက်သား မခံ့ချိမခံသာ ဖြစ်သွား
အောင် လုပ်ပစ်ချင်တာ၊ စကားနှင့် တင်စီးထားချင်တာ
ဘာမှန်းမသိ အတော်ညစ်ထေးထေးဆန်တာတွေ ရှိသည်။

"မြတ်နိုး ... ကျွန်တော်မေးနေတယ်လေ"

"ဇော်ရော ... သတိရလား"

"ကျွန်တော့်မေးခွန်းက အရင် ... မေးခွန်းကို အဖ
ဖြေလေ ... ဒါလေးတောင် မသိဘူးလား ..."

"သတိရပါတယ် ... စနေနေ့မနက်ကတည်းက ဇော်
ဖုန်းဆက်မလားလို့ မျှော်နေတာ ... တွေ့လဲတွေ့ချင်ပါတယ်





ဇော့်မျက်နှာပေါ်က အတ္တတွေကို ကျေနပ်စွာ ထိုင်
ကြည့်ချင်ပါတယ်ဟု ထည့်ပြောရမလား ...။

သူစိတ်ဆိုးမည် ထင်တာပဲ ...

"တွေ့ချင်တယ် ... သေချာလား"

"ဇော် နော် ..."

"ဟား ... ဟား ..."

သူလိုချင်သောအဖြေကို ရလျှင်တော့ ကျေနပ်ရွှင်မြူး
သွားတတ်သည်။

"ကောင်းပြီ ... ဒါဆိုရင် နောက်ဆယ့်ငါးမိနစ်အတွင်း
ဇော်လာခေါ်မယ်။ အဆင်သင့်စောင့်နေနော်၊ ညစာအပြင်မှာ
စားမယ်။ ကျွန်တော်ရွေးတဲ့ဆိုင်မှာ ကျွန်တော်စားချင်တာကို
အတူတူလိုက်စားပေးရမယ်။ ချစ်သူဆိုတာ တစ်စိတ်တစ်ဝမ်း
တည်းပဲ ဖြစ်ရမယ်၊ အကြိုက်ချင်းတူရမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ... ဇော်ပဲပြောပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"မြတ်နိုး အခုဘာလုပ်နေလဲ"

"သနပ်ခါး လိမ်းမလို့ . . ."

"ကျွန်တော် သနပ်ခါးသွေးပေးရမလား"

"အမယ် . . . အပိုတွေ"

"တကယ်ပြောတာ၊ မြတ်နိုးနှင့်အတူတူနေမှ ကျွန်တော် ဘယ်လောက်သနပ်ခါးသွေးတတ်သလဲဆိုတာ ပြမယ်"

ပြောပြီး . . . သူဘာသာ ရယ်နေပါသည်။

တစ်ခါတစ်ရံတော့လည်း မြတ်နိုးရင်ထဲ သိမ့်ခနဲ ကျေနပ်သွားအောင် သူ ပြောတတ်ပါသည်။

ထိုအခါမျိုးမှာ . . . အလိုမကျချင်တာတွေကို မြတ်နိုး မေ့သွားသည်။

"အတူတူနေကြဖို့ဆိုရင် ဖော် ဝင်ငွေရတဲ့အလုပ်တစ်ခုခု ကို စပြီး ဖောက်ချလုပ်တော့လေ"

"ကျွတ် . . . ပြောထားတယ်၊ ဆရာ မလုပ်နဲ့ဆိုတာ မင်းလို မိန်းမမျိုးဆယ်ယောက် . . . အိမ်ပေါ် ခေါ်တင်ပြီး ကျွေးထားနိုင်တယ်"





ဆတ်ခနဲ တုံ့ပြန်သောအသံက . . . ပြတ်သားမာကျောနေသည်။

ဘယ်လိုမိန်းကလေးမျိုးက ထိုလေသံနှင့် စကားလုံးကြမ်းကြမ်းတို့ကို နားဆင်နိုင်ပါမည်လဲ။

မြတ်နိုးလည်း စကားနည်း ရန်စဲသဘောမျိုးဖြင့် . . .

အင်းပါ... တွေ့မှပြောမယ်၊ တော်ပြီ။ ဒါပဲ...မြတ်နိုး စောင့်နေမယ်။

သက်ပြင်းတစ်ချနှင့် လိုက်လျှောလိုက်ပါသည်။

တွေ့ကြပြန်ရင်လည်း ထိုအခြင်းအရာဆီရောက်တဲ့အခါ တစ်ယောက်တစ်ခွန်း ငြင်းခုံရဦးမှာပဲ။

သူက ပိုစိတ်တိုနေတဲ့အခါ . . . သူက စိတ်လုပ်ပြီး တော်တော်နှင့် မခေါ်သလို မြတ်နိုးက စိတ်တိုမိပြီဆိုလည်း သူ့ကို စကားမပြောဘဲ စိတ်ကောက် ရန်ထောင်မိသည်။

"နေဦး ... တွေ့ရင် အဲဒီအကြောင်းပြောလို့ ကျွန်တော်တို့ အဆင်ပြေမှာ မဟုတ်ဘူး။ မြတ်နိုးရာ ရန်မဖြစ်ချင်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ရန်မစပါနဲ့။ ကျွန်တော့်စိတ်ကို မြတ်နိုးသိတယ် နော်။ ကျွန်တော် မိန်းမတစ်ယောက်ရဲ့ အမိန့်ကို ဘယ်တော့ မနာခံဘူး၊ အဲလို ခပ်ညံ့ညံ့ယောကျ်ားထဲမှာ ကျွန်တော်မပါဘူး

"ကောင်းပြီလေ၊ ဒီနေ့ မဆွေးနွေးတော့ဘူးဆိုရင်လ နောက်တစ်နေ့ပေါ့ ဟုတ်ပြီလား . . . ဖော့်ဘက်က ရာသီဥတု ကြည်လင်တဲ့နေ့ကို မြတ်နိုးစောင့်ပေးရမှာပေါ့"

"ကျွန်တော့်ဘက်က ရာသီဥတုကတော့ မပြောင်းလဲဘူး ဒါဆိုရင် ဒါပဲ . . . ကျွန်တော် မလုပ်ချင်တဲ့ အလုပ်ဆိုရင် ကျွန်တော့်အဖေတောင် ခိုင်းလို့မရဘူး။ ဘာမဆို ကျွန်တော် ကိုယ်တိုင်စိတ်ပါမှ . . . သူများပြောလို့ လုပ်ရမယ်၊ သူများ ခလုတ်နှိပ်မှ ဆိုရင် ကျွန်တော်ဘာလဲ . . . ကျွန်တော် စက်ရုပ် လူသား ဖြစ်သွားမှာပေါ့"

ကတ်သီးကတ်သတ်နိုင်လှသော ချစ်သူကို . . . မြတ်နိုး ပြုံးလို့သာ ခေါင်းယမ်းမိတော့သည်။





"တော်ပါပြီ ဖော်ရယ်၊ တွေ့ရင် စိတ်ချမ်းသာစရာတွေပဲ ပြောကြရအောင်"

"ဟုတ်တယ် . . . ဖော်လဲ လွမ်းတယ်၊ ချစ်လဲချစ်တယ်၊ မြတ်နိုးပါးဖောင်းဖောင်းလေးကို ဆွဲလိမ်ပစ်ချင်နေပြီ"

"ဟင်း"

နှုတ်ခမ်းလေးစူလျက် မြတ်နိုးဖုန်းပိတ်လိုက်တော့သည်။

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မြတ်နိုးသည် သူမရဲ့ ဆံနွယ်ပျော့စင်းစင်းလေးများကို ဒီအတိုင်းပဲ ဖြန့်ချထားလိုက်သည်။

နဖူးစပ်မှာ ညှပ်ကလစ်ပန်းနုရောင်သေးသေးလေးနှစ်ခုတို ပူးကပ်၍တပ်လိုက်သည်။ နှုတ်ခမ်းကိုလည်း စိုလက်နေသောစတော်ဘယ်ရီရနံ့ ပါသည့် ပန်းဆီရောင် ဖျော့ဖျော့လေးတင်ပြီးသား ... မျက်လုံးကိုလည်း ညိုမှောင်မှောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ခဏနှင့် ခြယ်လိုက်ပြီမှ . . . ကျေနပ်စွာ မှန်ထဲ ကြည့်မိသည်။

မြတ်နိုးက အရောင်ရင့်တွေထဲမှာ အဖြူကို နံပါတ်တစ် ပန်းရောင်၊ သခွါးရောင်လေးတွေကို . . . နံပါတ်နှစ်ကြိုက်ပြီး အနီရဲရဲလေးကိုနံပါတ်သုံးမို့ ဒီနေ့ကတော့ ဒုတိယအကြိုက်ဆုံး ဖြစ်တဲ့ . . . ပန်းနုရောင်၊ ကိုယ်နှင့်တိတိ ဂါဝန်လေးပေါ်က ခါးပတ်ကွင်းသေးသေးပါသော ဂျာကင်ပုံစံလက်ရှည် ကော်လံ နှင့် အပြောင်သားကုတ်လေးကို ထပ်ဝတ်လိုက်ပါသည်။

ပြီးမှ . . . အောက်ဘက်က ဂါဝန်က လက်ပြတ် လည်ပင်းကျယ်လေးမို့ ဇော် ဘာပြောဦးမလဲ တစ်ချက်တွေး မိသည်။

မှန်ထဲမှာတော့ ဒီလောက်ကြီး မဟိုက်လှပါဘူးလေ။

ဖိနပ်စင်ပေါ်က . . . ကြိုးသိုင်းဖိနပ် ပန်းရောင်နှင့် အညှိအကြားလေးကို ချစီးဖို့ပြင်နေခိုက် တံခါးဆီက ဘဲလ်သံ ချိုချိုလေး မြည်လာသည်။





ဇော် ကားထဲကစောင့်ဖို့ စိတ်မရှည်လို့ တက်လာပြီလား ဟု ရုတ်တရက်ထင်လိုက်ပေမယ့် ဘဲလ်ကို တစ်ချက်ပဲ ဖွဖွ နှိပ်ကာ အကြာကြီးစောင့်တတ်သော သင်းချိုရဲ့အမှတ်အသားကို သိသောအခါ မြတ်နိုးက ချောင်းကြည့်မနေတော့ဘဲ တံခါးကို ဟတဟဖွင့်လိုက်တော့သည်။

"အား . . . မွှေးသွားပါလား"

သင်းချိုရဲ့ အပြင်ကပြန်လာသောပုံစံလေးက မျက်နှာက နွမ်းမနေဘဲ လန်းဆန်းသောအပြုံးလေး ရှိနေမြဲ။

မြတ်နိုးက . . . သင်းချိုအပြုံးကို မျက်နှာလေးရှုံ့ကာ ပြောင်ပြရင်း . . .

"ဇော် လာမယ်လေ"

"သြော် . . . ဒါကြောင့် အရမ်းလှနေတာကိုး"

"အပြန် မုန့်ဝယ်လာခဲ့မယ်"

"အင်းပါ မအိပ်ဘဲစောင့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သင်းချိုနှင့် မြတ်နိုးက ကုမ္ပဏီတစ်ခုထဲ အလုပ်ဝင်ဖြစ်သလို တိုက်ခန်းလေးမှာလည်း နှစ်ယောက်စပ်တူဝယ်ပြီး နေဖြစ်ကြတာမို့ ညီအစ်မလိုပဲ ဖြစ်နေပုံပြီ။

သင်းချိုက ကံကောင်းလှစွာ သူ့ရည်းစားနှင့် အမြဲတမ်းလိုလို အဆင်ပြေနေတတ်ပြီး၊ မြတ်နိုးကတော့ . . . ဇော်နှင့် မကြာခဏ ပြဿနာတက်ကာ သင်းချိုကို ရင်ဖွင့်ညည်းညူတတ်မြဲ မဟုတ်လား။

တစ်ခါတစ်ရံတော့ မြတ်နိုးလည်းပဲ သင်းချိုလို စိတ်ရှည်သဘောကောင်းပြီး နားလည်မှုပေးတတ်တဲ့ ရည်းစားမျိုးရခဲ့ရင် အကောင်းသားဟု တွေးမိပါသည်။

သို့သော် သီဟဇော်လို တစ်ဇွတ်ထိုး တယူသန်ဆန်နှင့် စိတ်တိုဒေါသထွက်လွယ်လှသော ဂျစ်ကန်ကန် ကောင်လေးတစ်ယောက်ဟာ မြတ်နိုးလိုချင်သောပုံစံမျိုး . . . ဘယ်တော့မှ ဖြစ်လာမည်မထင်ပါ။





“ကဲ . . . မြတ်နိုး ဆင်းတော့မယ်နော်။ ဇော်က စောင့်နေရရင် စိတ်ဆိုးဦးမှာ . . . သူက အချိန်တိကျချင်ပြီ ဆိုရင်လဲ သိပ်တိကျတာ သိလား”

“အင်းပါ . . . ဇွတ်လပ်၊ ရန်ဖြစ်စိတ်ကောက်မလာနဲ့ဦး”

မြတ်နိုးက ရယ်သံနှင့် . . .

“ကောက်သင့်ရင်တော့ ကောက်ရမှာပဲ”

ဟု ခွန်းတုံ့လိုက်မိသည်။

ခဏကြာလျှင်တော့ ဇော်မောင်းသော စူပါဆလွန်းကား အဖြူလေးထဲ . . . သက်သောင့်သက်သာ လိုက်ပါလာရင်း သားတိုက်မြင်မနေရသော ဇော်ရဲ့ ရှုတည်တည်မျက်နှာထားလေးတို့ နှစ်သက်စွာ ငေးနေမိသည်။

အင်း . . . ဒီမျက်နှာကို မြင်လိုက်ရင် တင်းထားတဲ့ စိတ်တွေဟာ ပြေလျော့သွားစမြဲပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်တွေဟာလည်း ယိုင်နဲ့သွားပြီး ပြောမည်ပြင်ထားတဲ့ ပြတ်ပြတ်သားသားစကားလုံးတွေဟာလည်း ရင်ထဲတို့ တိတ်တိတ် ငုပ်လျှိုးသွားတတ်ပြန်ပါရောလား။

ဒီလိုနဲ့ပဲ အားလုံးဟာ မင်းသဘောအတိုင်းပဲ ထာဝစဉ်စီးမျောသွားနေရမှာလား။

ဇော်က အကင်းပါးလှစွာ သူ့ကို မြတ်နိုး ကြည့်နေတာကို သိပြီး ဒီဘက်ကိုလှည့်ကာ မျက်လုံးတစ်ဖက်မှိတ်ပြသည်။

မြတ်နိုးချစ်တာကို သေချာပိုင်နိုင်စွာ ဂုဏ်ယူနေသော မျက်နှာလေးပေါ့ . . . ။

ထိုအချိန်မှာ ဇော်ရဲ့ ဟင်းနဲ့ဖုန်းလေးက မြည်လာသည်။

ဇော်က ပေါ်လာသော ဖုန်းနံပါတ်ကိုကြည့်ပြီး ဒေါနှင့်ချက်ချင်း ဖုန်းပိတ်ပစ်လိုက်၏။

သူ့အပြုအမူကို မြတ်နိုးက မျက်မှောင်ကုတ်နှင့် . . .

"ဘာလို့ပိတ်ပစ်တာလဲ၊ ဘယ်သူမို့လဲ"





"စပ်စုတယ်ကွာ"

"ဪ မြတ်နိုးသိခွင့်မရှိဘူး ဆိုပါတော့"

"မဟုတ်ပါဘူး၊ မြတ်နိုးထင်သလို . . . မိန်းကလေးတစ်ယောက်လည်း မဟုတ်ပါဘူး၊ ဇော့်သူငယ်ချင်းပါ"

"သူငယ်ချင်းဆိုရင် ဘာလို့မပြောတာလဲ"

"ဒီကောင် အကြွေးတောင်းနေလို့"

"ဘယ်လို"

"အဲဒါကြောင့်ပြောတာ မြတ်နိုးမသိပါဘူး၊ ဘောလုံးပွဲပြီး ဒီကောင်ညစ်ထားတော့ . . . ဇော်တို့ကလဲ သူ့ကိုပြန်ပြီးညာပေးထားတာ၊ ဝမ်းတောဘယ်ရှင်းခိုင်းလိုက်တယ်၊ ဒီကောင်ဘာမှ မတတ်နိုင်တော့ . . . သူ့အစ်မဆီက ပိုက်ဆံချေးပြီးင်းထားတယ်၊ အဲဒီပိုက်ဆံကို ဇော့်ဆီက တကျီကျီ ပြန်တောင်းနေတာကွ . . . တော်တော်ကျစ်တဲ့ကောင်"

"အဲဒါဆို ဇော် မပေးနိုင်သေးရင် မပေးနိုင်သေးဘူး၊ ပြောလိုက်ပါလား . . ."

www.burmeseclassic.com



"ဟာ ဘယ်ဖြစ်မလဲ ... ဒီကောင့်ကိုပတ်ပြေးနေရတာ တစ်ခါတလေ ရှောင်တဲ့နည်းက ပိုကောင်းတယ် မြတ်နိုးလေးရဲ့ ဘော်ဒါတွေကိစ္စ မြတ်နိုးမသိပါဘူး"

သူက အစ်ကိုကြီးတစ်ယောက်စတိုင်လ်နှင့် မြတ်နိုး မေးစေ့လေးကို ဖျတ်ခနဲလာဆွဲညှစ်ပြီး ဆိုသည်။

"ကောင်းကောင်း မောင်းဦး"

"ရပါတယ်"

မီးပွိုင့်မှာ ကားရပ်စဉ်ခဏ မြတ်နိုးလက်ကို လာဆုပ်ကိုင် ထားပြီး . . . ကားထွက်လို့ ဂီယာချိန်းရပြီဆိုမှ ကမန်းကတန်း လက်ကိုလွှတ်သည်။

မြတ်နိုးလက်ကလေးကို . . . သူလွှတ်လိုက်တဲ့အခါတိုင်း ရင်ထဲမှာ ဟာ သွားရသည်။

သူ့ကြောင့် လုံခြုံနွေးထွေးရတဲ့ ခံစားချက်ကို သူ သိ မလား။





မြတ်နိုးက သူ့တစ်ယောက်တည်းပဲ ယုံကြည်ကိုးစားစွာ ချစ်ထားတော့ ဘဝရဲ့တစ်ချိန်ချိန်မှာ သူ ဆတ်ခနဲလက်တွဲဖြုတ် ခဲ့လျှင် ခံနိုင်ရည်ရှိပါ့မလား။

မြတ်နိုးမှာ အစားထိုးဖြေသိမ့်စရာ နောက်ထပ် ချစ်သူ တစ်ယောက်လည်း မရှိဘူးလေ။

စိတ်ထဲမှာ ဇော်နှင့်ဝေးရမှာ စိုးရွံ့မိသည်။

ဘာကြောင့်မှလည်း မဝေးချင်ပါ။

ဇော်က . . . သူ သွားစားနေကျဟိုတယ်မှာပဲ ဘူဖေး သွားစားကာ အပြန်မှာအချိန်စောနေသေးတာကြောင့် ကရဝိက် နန်းတော်ဘက်သို့ ကားကို ဦးတည်လာသည်။

"မိုးချုပ်မှာ စိတ်ပူမနေနဲ့နော်၊ ကိုးနာရီကျော်ပိတ်တာ ခင့်တယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဂိတ်ကြေးပေးကာ ကားကိုမောင်းဝင်လာတော့ မီးမှောနှင့် လင်းလက်ဖြာလဲ့နေသော ဓာန်တော်ကြီးဥယျာဉ်ရဲ့ သာယာလှပမှုကို ကြည်နူးစွာ ခံစားရသည်။

"ဘယ်အထိ မောင်းနေမှာလဲ"

"ဒီနားပဲ ပတ်မောင်းနေတာပါ"

"မှောင်တဲ့ဘက် မရပ်ဘူးနော်"

ဇော်က ရယ်သည်။

"ရှင်းတဲ့နေရာပဲ ရှာနေတာ"

မချိုမချဉ်ပြုံးလေးနှင့် စိုက်ကြည့်ကာ ကျီစယ်၏။

"မြတ်နိုးရယ် ကျွန်တော့်တို့ချစ်သူဖြစ်တာလဲ ကြာနေပြီ မြတ်နိုး ကြောက်တတ်၊ ရှက်တတ်မှန်းသိပါတယ်၊ အမှောင်ထဲ မခေါ်ပါဘူးဗျာ၊ လူကို ခင်ဗျားက မယုံမကြည်နဲ့ . . ."

"မယုံတာတော့ မဟုတ်ပါဘူး"

"ခင်ဗျားမပေးဘဲနဲ့ ဘာအခွင့်အရေးမှမယူဘူး စိတ်ချ





"အဲလိုပြောတာမဟုတ်ပါဘူး ဆို"

ဇော်က ချစ်သူစုံတွဲတွေ ဖြစ်ဟန်တူသော ကားအချို့ ရပ်ထားရာဆီ သစ်ပင်အောက်မှာ ဘေးကပ်ရပ်လိုက်သည်။

"ဒါဆိုရင် ဖြတ်သွားဖြတ်လာလမ်းလျှောက်တဲ့သူတွေက ကားထဲကို ကြည့်တော့မယ် . . . အဲဒီတော့ ကျွန်တော် ဘယ်လို အနားကပ်ရမလဲ"

"မကပ်နဲ့ပေါ့ . . ."

မြတ်နိုးစကားကို သူက နှုတ်ခမ်းတစ်ချက်ကိုက်ကြည့်ကာ ပြုံးခနဲ ရင်ခွင်ထဲ အတင်းဖက်လိုက်သည်။

"ဇော် နော်"

"ဘာလဲကွာ မှောင်ရင်လဲမှောင်လို့၊ လူတွေကြည့်ရင်လဲ ရှက်လို့၊ အိမ်ကိုလာတော့လဲ သူငယ်ချင်းရှိနေလို့ အဲလိုချည်းပဲ အကြောင်းပြနေတာနဲ့ . . . တစ်ခါမှ အေးအေးဆေးဆေး နေမ်းရဘူး"



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်ရေရွတ်ရင်း မြတ်နိုးပါးကို နမ်းရှိုက်သည်။ ဘေးဆီမှာ လူရှင်းနေတော့ . . . သူက အတင့်ရဲကာ နှုတ်ခမ်းလေးကို ထိတွေ့ဖို့ ကြိုးစားသည်။

မြတ်နိုးက ရုန်းဖယ်တော့ . . . သူက မြတ်နိုးခါးကို တင်းကျပ်အောင် ရစ်သိုင်းဆွဲယူကာ သူ့နှုတ်ခမ်းနွေးနွေးများက မြတ်နိုးကို ညင်သာစွာ ထိတွေ့လာသည်။

ရှက်ရှက်နှင့် မျက်လုံးတွေမှိတ်ကာ . . . သူ့ရင်ခွင်မှာ မျက်နှာဝှက်ဖို့ အကာအကွယ်ယူမိသည်။

ဇော်ကတော့ မြတ်နိုးမေးစေ့လေးကို ဆွဲယူ ပင့်မော့စေသည်။

"မျက်နှာလေးက မော့ပါဦးကွာ . . . ဘာဖြစ်လို့လဲ ကျွန်တော့်ကိုရှက်လို့လား . . . ရည်းစားထားတာ ရှက်စရာမရှိပါဘူး"

"ဟင့်အင်း . . ."





တစ်ယောက်ယောက်ကြည့်နေမှာ . . . ရှက်လန့်စိတ်နှင့် ရင်ခုန်သံတွေတောင် တိုးသက်နေရပါသည်။

ဇော်ရဲ့အယုအယကို မကြည်နူးလို့ မနှစ်သက်လို့ဖြင့် မဟုတ်ပါ။

ဒါတွေကြောင့်လည်း ဇော့်ကို နှစ်ယောက်သောဘဝခရီး အတူစကြဖို့ အစီအစဉ်တွေ ခေါင်းထဲထည့်စေချင်တာ။

ဇော့်ဆီမှာ ကိုယ်ပိုင်ဝင်ငွေလေး ရှိစေချင်တာ။

ဒါကို သူက နားမလည်။

သူ့ဆီမှာ မိဘပိုင်သောကားနှင့် မိဘပေးသောပိုက်ဆံတွေ ရှိနေတာ အဟုတ်ကြီးထင်နေသည်။

ဒီနေ့ . . . သူ ကားမောင်းရမ်းလို့ တစ်ခုခုဝင်တိုက်ပြီး၊ ဘားထိပြီး လျော်ကြေးပေးရပြီဆိုတာနှင့် မနက်ဖန် ဒီကားကို မောင်းခွင့် သူ့မှာမရှိတော့၊ အဖေကစိတ်ဆိုးပြီး ဆူပူကြိမ်းမောင်းသို့ မကျေမနပ် အိမ်ပေါ်က ဆင်းမိပြီဆိုပါတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ သုံးစရာပိုက်ဆံ"

ဇော်က သူ့အပေါင်းအသင်းတွေကိုလည်း သိပ်အားကိုး သိပ်အထင်ကြီးသည်။

တကယ်တမ်းမှာ သူ့ကို ဘယ်သူငယ်ချင်းက အိမ်ပေါ် အလ...းတင်ပြီး ကျွေးထားမှာမို့လို့လဲ။ ဘယ်နှစ်ရက်ထိ လက်း ထားနိုင်မှာမို့လို့လဲ။ အဲဒီအခါကျရင် ခုလို မာနကြီး တစ်ခွဲသား နဲ့ ငါက သူဌေးသားဆိုပြီး လက်မ ထောင်နိုင်ဦးမှာလား ...

မိဘအိမ်ပေါ်ပဲ မျက်နှာငယ်ငယ်နှင့် ပြန်တောင်းပန်ပြီ တက်ရမှာ မဟုတ်ဘူးလား ...။

ဒါမျိုးအဖြစ်တွေလည်း သူ့ဘဝမှာကြုံဖူးပြီးသားပါ။

အရွဲ့တိုက် ရန်ဖြစ်စရာမရှိရင် ... သူ့အဖေနှင့်တော ကတ်သတ် ရန်ဖြစ်တတ်တာ ...။

ထိုအကျင့်တွေကို မကြိုက်မှန်းသိလည်း သူ မပြင် ပြင်ခိုင်းမိတဲ့ မြတ်နိုးကပဲ အပြစ်ရှိသလို ဖြစ်ရ၏။





"ဇော်ရယ် ... အပျော်တွဲပုံစံ စုံတွဲမျိုး မြတ်နိုးမကြိုက် ပါဘူး ... မြတ်နိုးတို့မှာ ရည်မှန်းချက်တစ်ခုနဲ့ အချိန်ကာလ တစ်ခု သတ်မှတ်သင့်ပြီနော်။ မြတ်နိုးသိက္ခာကို တန်ဖိုးထားတယ် ဆိုရင် လက်မထပ်ဘဲ အကြာကြီးတွဲနေမယ်လို့ ပေါ့ပေါ့ဆဆ သဘောမထားနဲ့ကွာ ..."

"ဪ ... ဒါလား ... ဒါ မခက်ပါဘူး ... မြတ်နိုး ဇော်နဲ့ မခွဲချင်ဘူးဆိုရင် အခုချက်ချင်းလိုက်ခဲ့ တစ်နေရာကို ခိုးပြေးမယ်၊ ဇော့်မှာ ဟဲန်ချိန်းပါတယ် ... ရွှေနှစ်ကျပ်သား ရှိတာပဲ တည်းခိုခန်းမှာ အေးအေးဆေးဆေး ဇိမ်နဲ့သွားနေလို့ ရပါတယ်"

"အဲဒီပိုက်ဆံ ကုန်ရင်ရော"

"လွယ်ပါတယ် ... ဒီကားရှိသေးတာပဲ"

"ဇော် ... မနောက်နဲ့နော်"

"ဟ ... တကယ်ပြောတာ၊ ခိုးပြေးရင် ပျော်စရာ ကောင်းမယ်၊ ကျန်တာ နောက်မှရှင်း၊ ကွန်တော့်မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်တာပဲ၊ ပစ်ထားလဲ ခဏပေါ့၊ ကြာကြာပစ်မထားနိုင်ပါဘူး . . . သူတို့ ပြန်ခေါ်ကြမှာပဲ၊ အဲဒီကျရင် ချွေးမ,ပါ အဆစ်ရလာပြီ . . . ဟဲ ဟဲ”

ကြည့်ဦးနော် ဒင်းကလေး ပြောပုံဆိုပုံကို . . .

“တော်တော်အားကိုးလောက်ဖွယ်ယောကျ်ားမျိုးပဲ”

မြတ်နိုးပခုံးကိုဖက်ထားတဲ့ သူ့လက်က . . . ဆတ်ခနဲ ဖယ်သွားပြီး . . .

“အားမကိုးရဘူးထင်ရင် ဘာလို့ချစ်လဲ . . ., မချစ်နဲ့ပေါ့၊ ခင်ဗျားအထင်ကြီးတဲ့ ယောကျ်ားမျိုး သွားရှာလိုက်”

ဖြုန်းခနဲ မျက်နှာပျက်ကာ သူ ဒေါသထွက်သွား၏။

မြတ်နိုးလည်း ထပ်မပြောမိအောင် နှုတ်ခမ်းလေးဖိကိုက်ထားကာ ငြိမ်သက်နေမိသည်။

ထပ်ပြောရင် ထပ်ပြီးပေါက်ကွဲကြဖို့ပဲ ရှိသည်။





ဇော်က မောင်းသူဘက်က သူ့ကားတံခါးကို အနည်းငယ် တွန်းဖွင့်လိုက်သည်။

ပြီးတော့ စီးကရက်တစ်လိပ်ထုတ်ယူ မီးညှိဖွာရှိုက်ရင်း ဟိုဘက်လှည့်နေသည်။

ဒါဟာ မြတ်နိုးကို မကျေမနပ်ဖြစ်နေတဲ့ အမူအရာ . . .

သူတပဲ စိတ်ဆိုးရတယ်ရှိသေး။

မိန်းကလေးဘက်က စိတ်ကောက်ဖို့ပင် မကျန်။

မြတ်နိုးလည်း သူ့စတိုင်လ်ဖမ်းပြီး တစ်ဖက်လှည့်နေရမှာလား . . .။

မြတ်နိုးက ကားထဲက ဆင်းလိုက်သည်။

“ဘယ်လဲ”

လှည့်မကြည့်ဘဲ သူ မေးသည်။

“ပြန်မလို့ . . .”



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ချင်ရင် ကားပေါ်တက် . . . ရတယ်၊ ပြန်ပို့မယ်"

မြတ်နိုးက မတက်ဘဲ ကားနားမှာ ဟိုဘက်သည်ဘက် လျှောက်နေသည်။

ညကြီးမိုးချုပ် ... တစ်ယောက်တည်းလည်း ဝေးဝေး မသွားရဲ။ မြင်တဲ့သူတွေ တစ်မျိုးထင်မည်လေ။

ဇော်ကလည်း ဆင်းမချော့ပါ။

မိန်းကလေးတွေက . . . အလျှော့ပေး ချော့မော့ရင် ရောင့်တက်ပြီး . . . နောက်နောင်လည်း အမြဲအကျင့်ဖြစ်သွား တတ်သည်။

ဒီတော့ အစကတည်းက ချော့တဲ့အကျင့်ကို မလုပ်တာ အကောင်းဆုံးပါပဲ။

ခင်မြတ်နိုးက ကြည့်ရင်တော့ ရုပ်ရည်လေးတွေ ပြောင် ဆိုပုံ၊ အမူအရာပါ နူးညံ့သိမ်မွေ့အေးချမ်းပြီး ယောကျ်ားလေး တစ်ယောက်ရဲ့ နောက်ပါးမှာ အေးအေးဆေးဆေး မှီခိုလိုက် ပါမည့်သူရယ်လို့ ထင်ရပေမယ့် . . . တကယ်တမ်း ချစ်သူတွေ

ဖြစ်လာတော့မှ သူမဟာ ထက်ထက်မြက်မြက်နှင့် အောင်မြင် ပျော်ရွှင်သော ကိုယ်ပိုင်ဘဝကို ဘည်ဆောက်ချင်သူမှန်း သိရသည်။

သူမ ဖြစ်ချင်တာတစ်ခုကို မရအရ ဖျောင်းဖျသိမ်းသွင်း နားချမည်ဆိုသော ဆုံးဖြတ်ချက်မျိုး ရှိသည်။

ဇော်ကလည်း မိန်းကလေးတစ်ယောက်က ဆိုရာပုံသွင်း ဩဇာပေးတာကို အမုန်းဆုံးပဲဖြစ်သည်။

မြတ်နိုးက သူ့အမုန်းဆုံးကိစ္စကိုမှ လာလာခလုတ်တိုက် ချင်သည်။

ယောကျ်ားဆိုတာ အိမ်ဦးနတ်၊ အိမ်ထောင်ဦးစီး။ မိန်းမ တစ်ယောက်ရဲ့ရှေ့မှာပဲ မားမားမတ်မတ်ရပ်မှာပေါ့၊ ဘာကြောင့် မိန်းကလေးစကား တစ်ခွန်းမကျန်နာခံပြီး နောက်လိုက်နောက်ပါ လုပ်ရမှာလဲ . . . မဖြစ်နိုင်။

ဇော်က . . . သူ့ဆုံးဖြတ်ချက်၊ သူ့အယူအဆကိုပြင်ဖို့ စိတ်မကူးပါ။





www.burmeseclassic.com

www.burmeseclassic.com



အစွဲအလမ်းလည်း မထားချင် ... ကောင်မလေး တစ်ယောက်နှင့်ပြတ်သွားရော...ဘာအရေးလဲ။ နောက်ထပ် ကောင်မလေးတွေ လောကမှာ အများကြီး ...။

အရေးကြီးတာ ကိုယ်က အောက်စည်းရောက်သွားပြီး မြတ်နိုးက သူ့ကို ခေါက်ရိုးလာမချိုးဖို့ဘဲ။

ယောက်ျားတစ်ယောက်နှင့် မာနချင်း လာမယှဉ်ပါနှင့် ဒေါ် ခင်မြတ်နိုး ...။

ခင်ဗျားပဲ မှားသွားလိမ့်မယ်။

ဇော်ရဲ့စိတ်ကိုလည်း မစမ်းသပ်ပါနှင့် ... ဇော့်အချစ်ကို ပိုပြီးမစမ်းသပ်နှင့် ... မရဘူး။

◇◇◇◇◇





## အခန်း (၁၁)

ညကလေးက ... အေးချမ်းဆွတ်ပျံ့ဖွယ်၊ တိတ်ဆိတ် ငြိမ်သက်လို့နေသည်။

ခပ်ဝေးဝေးက တိုက်ခန်းတွေ တော်တော်များများမှာ မီးပိတ်ကုန်လေပြီ။

မြတ်နိုးတို့အခန်းမှာလည်း ဝရန်တာ မီးရောင်ပြာလဲ့လဲ့ လေးသာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်းချိုကတော့ အိပ်ပျော်နေပြီ။ သူမှာက အပူအပင် သောကရယ်လို့လည်း မည်မည်ရရ မရှိဘူးလေ။

မိန်းမတစ်ယောက်ရဲ့ ကံကောင်းခြင်းဆိုတာ အချစ်ရေးနှင့် အိမ်ထောင်ရေးအပေါ် အခြေခံပြီးမှ ဖြစ်လာနိုင်တဲ့အရာတဲ့။

ကြားဖူးတာပဲ . . . ဟုတ်လားမသိ။

မြတ်နိုးကတော့ ချစ်သူနှင့်တွဲ သွားလာလည်ပတ်မြန်လာတဲ့ မိန်းကလေးတစ်ယောက်ရဲ့မျက်နှာနှင့်မတူဘဲ ဟန်ပန်လေးက ညှိုးနွမ်းနေခဲ့သည်။

ခေါင်းစွပ်ဆွယ်တာ အပြာရောင်လေးနှင့် ဆံနွယ်လေးတွေ ကပိုကရိုကျနေသော မိန်းကလေးတစ်ယောက်သည် ညဥ့်နက်နက်မှာ အတွေးနက်စွာ ငြိမ်သက်နေသည်။

ဘောင်းဘီရှည်ပွပွနှင့် ဒရင်ဘက်ဒ်ပေါ် အေးအေးလူလူ ခြေဆင်းထိုင်နေရင်း သူမရဲ့ ခေါင်းထဲမှာ ဇော်အကြောင်းတွေသာ ထပ်တလဲလဲ စဥ်းစားနေမိသည်။

ညက်ဝင်းစာပေ



ဇော့်အယုအယနှင့် မြတ်နိုးပါးလေးတွေ နွေးထွေးနေရပေမယ့် ပြတ်သားတဲ့ ဇော့်အမူအရာနှင့် စကားသံတွေဟာ သူမရဲ့နှလုံးသားမှာ မနွေးထွေးနိုင်။

ပူလောင်ရှုပ်ယှက်ခတ်နေသည်။

ဇော် ဘာကြောင့် ခေါင်းမာမာနှင့် သူမရဲ့ဆန္ဒတွေကို အမြဲတမ်း ဆန့်ကျင်ငြင်းပယ်ရတာလဲ။

လူတွေပြောပြောနေကြတဲ့ "နားလည်မှု" ဆိုတဲ့အရာ မြတ်နိုးတို့နှစ်ဦးကြားမှာ ရှိမနေခဲ့လို့လား . . .

အင်း ပြောတော့သာ "နားလည်မှု"

စကားလေးက သုံးလုံးတည်းပေမယ့် . . . အဓိပ္ပာယ်က ကျယ်ဝန်းနက်ရှိုင်းပါဘိ။

လူတစ်ယောက်ကို အမြဲတမ်း နားလည်ခွင့်လွှတ်ပေးနေဖို့ လွယ်ကူပါ။

ညှိနှိုင်းလို့မရတဲ့ ပြဿနာဆိုတာ ရှိနိုင်သေးတာပဲ။

ညက်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာမှာ နှင်းဆီပန်းရန့်လေးက မွှေးကြိုင်နေသည်

သင်းချိုစိုက်ထားတဲ့ ရေမွှေးနှင်းဆီပန်းရောင်လေးတွေ

ပွင့်အာ လန်းဆန်းနေကြတာကိုး . . . ။

ဖော့ကို စိတ်ဆိုးနေတာမှန်ပေမယ့် လွမ်းလည်းလွမ်းသွား

ရသည်။

ဂျစ်ကန်ကန် စိုက်ကြည့်တတ်တဲ့ . . . မျက်လုံးလေး

ချစ်သည်။ ဖော် ပြောတဲ့ စကားလေးတွေကိုလည်း မြတ်

မမေ့နိုင်။

တစ်ခါတစ်ခါတော့လည်း သူက စိတ်လိုလက်ရနိုင်

မိန်းကလေးတစ်ယောက်အပေါ် ကြင်နာငဲ့ညှာတတ်ပါသည်

ဖော်ရယ် မြတ်နိုးတို့နှစ်ယောက် ခဏတာ နားလည်

လွဲမှားနေတာမျိုးပဲ ဖြစ်ပါစေ။

မပြေလည်တဲ့အဖြစ်မျိုး မြတ်နိုး မခံစားနိုင်ဘူး။

ဖော်နှင့်တစ်သက်သုံးပြေလည်ချင်ပါတယ်၊ တစ်သက်

စိတ်ချမ်းသာစွာ ချစ်မြတ်နိုးသွားချင်ပါတယ်။

ညက်ဝင်းစာပေ



မျက်လုံးလေးတွေ မှိတ်လိုက်စဉ် . . . ဘယ်အခန်းက

ဖွင့်လိုက်သည်မှန်းမသိသော သီချင်းသံ တိုးသဲ့သဲ့ကို ကြား

ရသည်။

ပြောင်းလဲတိုင်း × × × မပြောင်းလဲနဲ့

ဘယ်တော့မှ မင်းမမုန်းနဲ့ အချစ်ရေ × × ×

မင်းနဲ့တို့ ဝေးများဝေးရင် × × ×

သေချာတယ် × × × ကိုယ့်အသက်တိုလိမ့်မယ် × × ×

ချစ်သူလေးရယ် × × × ကိုယ့်အသည်းကို × × ×

ရက်ရက်စက်စက် ခွဲမသွားနဲ့ × × ×

ခွဲမသွားပါနဲ့ × × ×

တိတ်ဆိတ်သောညမှာ . . . သီချင်းသံလေးက မြတ်နိုး

ခံထဲသို့ တိုးဝှေ့လာသည်။

အမှန်ပါပဲ ဖော်ရယ် . . .

ညက်ဝင်းစာပေ

www.burmeseclassic.com



မင်းနှင့်ခွဲရရင် . . . မြတ်နိုးလည်း အသက်တိုလိမ့်မယ် ထင်ပါရဲ့။

မင်းနဲ့ကိုယ် ဒီလိုဝေးရမှာ အကြောက်ဆုံးပဲ . . .

မဝေးပါရစေနဲ့ . . .

ဇော် . . .

မြတ်နိုးမမှားတဲ့ကိစ္စတစ်ခုမှာ မြတ်နိုးကလည်း အရှုံးပေး တောင်းပန်ရမှာလား။

ဒီအရှုံးကိုပဲ တစ်သက်လုံး ရင်မှာပိုက်သွားရမှာလား။

တစ်နေ့နေ့လက်ထပ်ဖြစ်တဲ့အခါ . . . ဇော်ပြောသလို ဇော့်မိဘပိုင်တဲ့ အိမ်ပေါ် မျက်နှာငယ်ငယ်နှင့် တက်လာပြီး သူတို့ပေးတဲ့ ငွေနှင့် လက်ဝေခံဘဝနှင့် အရာရာအလျှော့ပေး စတေးပစ်ရမှာလား။

မြတ်နိုးဘက်ကို ဘာကြောင့် . . . မကြည့်ပေးတတ်တာ လဲကွယ်။

ဥက္ကာဝင်းစာပေ



ဇော် ဘာကြောင့် အတ္တကြီးနေရတာလဲ။

မြတ်နိုးသည် သူနှင့်မဝေးနိုင်၊ မခွဲနိုင်တာ သေချာသလိုပဲ သူ့အတျင့်တွေ မပြင်နိုင်မှာလည်း ရှေ့ရေးကို မျှော်တွေးပြီး ရင်လေးအားပျက်လှပါသည်။

ယောကျ်ားဆိုတာ ဘာပဲဖြစ်ဖြစ် အနည်းငယ်တော့ အထင်ကြီးအားကိုးချင်စရာ ကောင်းမှာပါပဲ။

အခုတော့ စကားအစမခံချင်တဲ့ သူ့ရဲ့ အကျင့်ဆိုး စိတ်ဓာတ်တွေကို နောင်အခါ အိမ်ထောင်ရှင်ဘဝ ရောက်မှ ပြင်မှာလေလားရယ်လို့ မစမ်းရဲ၊ မမျှော်လင့်ရဲတာအမှန်။

မှားနေတာကို နားချဖျောင်းဖျလို့မရတဲ့ လူတစ်ယောက် အပေါ် မြတ်နိုးကရော . . . ဘယ်လောက်အထိ အလျှော့ပေး သည်းခံနိုင်စွမ်းအား ရှိမှာမို့လဲ။

သူ့ကို အစကတည်းက မချစ်ခဲ့ရင် အကောင်းသား ဟု တစ်ချီတစ်ချီ နောင်တရချင်သည်။

ဥက္ကာဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ပျော်ရတဲ့အခါ ဘာနှင့်မှနှိုင်းဆမရအောင် ပျော်ရွှင်ကြည်နူးရသလို . . . စိတ်ညစ်ရပြီ ဆိုတော့လည်း တခြားအရာတွေ လိုက်မမီဘူး ထင်ပါသည်။

ခုတလော ဇော်နှင့်ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရတဲ့အကြိမ်တွေ များပြီ။

အစတုန်းက . . . ဟိုး ချစ်စတုန်းကတော့ မြတ်နိုးလည်း ဒီလောက်အထိ ကြုံမတွေ့တတ်တာ အမှန်ပါ။

သူ့ကို မမျှော်လင့်ဘဲ ချစ်သွားခဲ့ရတာ . . .

သူက မြတ်နိုးကို ကြိုတင်မြင်ဖူးထားပြီး . . . မြတ်နိုးက သူ့ကို သတိမထားမိတဲ့အတွက် သူ့စိတ်ထဲ မခံမရပ်နိုင်ဖြစ်ပြီး တစ်ညမှာ သူ့ဘက်က ဖုန်းဆက်သွယ်ဖို့ ကြိုးစားခဲ့ရတာတဲ့လေ။

အင်း ထိုညက မြတ်နိုး စိတ်ဆိုးမာန်ဆိုးနှင့် တော်တော် နှင့် အိပ်မရဘဲ သင်းချိုကို မကျေမနပ် . . . အသည်း တယားယား ရေရွတ်မြည်တွန်တောက်တီးဖြစ်အောင် ဖန်တီး ခဲ့တဲ့ တရားခံဟာ . . . နောင်သောအခါ မြတ်နိုးချစ်မိသော သီဟဇော်လေး ဖြစ်သတဲ့။

ဉာဏ်ဝင်းစာပေ



မှတ်မှတ်ရရ ထိုညက တနင်္ဂနွေနေ့ရဲ့ည . . .

အိမ်မှာ အုန်းထမင်းကိုယ်တိုင်ချက်ပြီး ညဘက် ပြန်နွေး ထားတဲ့ အုန်းထမင်းကို ပန်းကန်ထဲ ဇွန်းတပ်ပြီး ဧည့်ခန်းမှာ ထွက်စားနေခိုက်မှာပေါ့။

သင်းချိုက ထွန်းထွန်းရဲ့ "မမစိမ်း" သီချင်းကို ဖွင့်ထားတဲ့ အချိန် . . .

ငယ်ငယ်တုန်းက ကစားခဲ့တဲ့

စွန်ငယ်စက္ကူစိမ်းလေးရယ်

လေထဲကို ကြိုးပြတ်လွင့်ထွက်သွားတဲ့

အချိန်မှာတော့

ကျွန်တော်ဟာ ဝမ်းနည်းခဲ့ရတယ်။

ဧည့်ခန်း မှန်စားပွဲပေါ်မှာတင်ထားတဲ့ ကြိုးဖုန်းအနီရဲ့ လေးက ထ,မြည်တော့ သင်းချိုနှင့်မြတ်နိုး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သင်းချို"

"ငါ့ဖုန်း မဖြစ်နိုင်ဘူး၊ သူ ခရီးထွက်နေတယ်လေ"

"အဲ ဟုတ်သားပဲ"

သင်းချိုက သူ့ရည်းစားကလွဲလျှင် ကျန်တဲ့သူတွေနှင့် ဖုန်းပြောလေ့သိပ်မရှိ။

သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ၊ ရုံးကဖုန်းတွေ၊ အလုပ်ကိစ္စတွေအတွက်တော့ . . . မြတ်နိုးက ဒိုင်ခံအော်ပရေတာလုပ်ရတာမို့ . . . ဘာမှစဉ်းစားမနေတော့ဘဲ ထမင်းစားရင်း ဖုန်းထူးလိုက်ပါသည်။

"ဟဲလို"

ထူးပေမယ့် အသံမပေးတာမို့ . . .

"အမိန့်ရှိပါရှင်"

ရုံးကအန်တီကြီးက ညဘက် တစ်ခါတစ်ခါ ဆက်တတ်တာကြောင့် မြတ်နိုးက ထပ်တစ်ဆင့် ယဉ်ကျေးစွာ ထူးလိုက်ပါသည်။





"ခင်မြတ်နိုးနဲ့ ပြောချင်တယ်တဲ့"

"ဟုတ်ကဲ့ . . . ကျွန်မ မြတ်နိုးပါ။ အခုပြောတာ ဘယ်သူပါလဲ"

မကြားဖူးသော သူစိမ်းယောကျ်ားတစ်ဦးရဲ့အသံကြောင့် မြတ်နိုးက မျက်မှောင်ကုတ်ရင်း မေးခွန်းထုတ်လိုက်ပါသည်။

"ခဏလေး ကိုင်ထားပါ"

"ဟုတ်ကဲ့"

ဖုန်းခွက်ကို နားနှင့်ကပ်ကာ စောင့်နေသဖြင့် သင်းချိုက ဘယ်သူလဲဟု မေးသည်။

"မသိဘူး"

"ဘာတဲ့လဲ"

"ခဏကိုင်ထားတဲ့"

သင်းချိုက ဖက်ရှင်စာအုပ် ဆက်ဖတ်နေသည်။

မြတ်နိုးမှာ တစ်ဖက်က စကားလာပြောနိုး နားစွင့်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းကြာလာတော့ စိတ်မရှည်ဘဲ ဟဲလို ဟု ထပ်၍ အသံပြုပေမယ့် ဟိုဘက်က စကားပြောမည့်လူကို ဘယ်အထိ သွားခေါ်နေရသလဲ မသိနိုင်ဘဲ သီချင်းသံမဲ့ ကြားနေရသည်။

ဟိုဘက်ကဖွင့်ထားတဲ့ အင်္ဂလိပ်သီချင်းက F.R David ရဲ့ သီချင်း ဖြစ်ဟန်တူသည်။

စကားပြောသံနှင့် ဖုန်ခွက်သံတို့လည်း မသဲမကွဲ ကြားနေ ရပါသေးသည်။

သူက ဖုန်းကိုင်ထားပါဆိုတော့ လူမှုရေးအရ ဖုန်းချပစ်လို့ ကလဲ မကောင်း။ ပြီးတော့ . . . စကားပြောချင်တဲ့သူက ဘယ်သူမှန်းလဲ မသိတော့ . . . စိတ်ကိုရှည်အောင် ဆွဲဆန့်ပြီး နားစွင့်နေရတာ လူကတော့ မျက်နှာရှုံ့မဲ့ နေရပါပြီ။

သင်းချိုက တစ်ချက်လှမ်းကြည့်သည် . . . မြတ်နိုးက မျက်နှာကို အစွမ်းကုန်ရှုံ့ပြသည်။

ဖုန်းခွက်ကို ကိုင်ထားရတာ . . . လက်တောင်ညောင်းပြီ အဟုတ်။





ကျွတ် . . .

"ဟဲလို"

"ပြောပါရှင်"

အမယ်လေး တော်ပါသေးရဲ့။ ကိုယ်တော်ချော အသံ ပေးပေလို့ပဲ။

"ဆယ်မိနစ်ပြည့်သွားပါပြီ၊ ဖုန်းကိုင်ထားဖို့ မလိုတော့ ပါဘူး . . . ဟဲ ဟဲ"

"ရှင်"

မြတ်နိုး အငိုက်မိသွားရဆဲ ဖုန်းလိုင်းပြတ်သွားပါသည်။ လိုင်းမပြတ်ခင် နောက်ဆုံးကြားလိုက်ရတာက . . . ရယ်သံ ခပ်အုပ်အုပ်တွေ . . .။

"တောက်"

"ဟဲ့ ဘာဖြစ်လို့လဲ"

"ဘယ်က အစုတ်ပလုတ်ကောင်တွေလဲမသိဘူး၊ ဖုန်းကိုင် ထားပါဆိုပြီး . . . ဆယ်မိနစ်ပြည့်မှ ရပါပြီဆိုပြီး ချသွားတာ၊ မသာတွေ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုး ဒေါတွေ ပွနေသလောက် . . . သင်းချိုက ရယ်လိုက်သည်။

"နင်က ဘာရယ်တာလဲ"

မြတ်နိုးက နိုင်ရာ ဖိရမ်းနေတော့၏။

"အလုပ်မရှိ၊ အကိုင်မရှိ။ တော်တော်အားနေကြတဲ့ဟာတွေ လူကိုဘာမှတ်နေလဲ မသိဘူး၊ အပြင်မှာတွေ့လို့ကတော့ ပါးဆွဲအရိုက်ပဲ၊ မဖြစ်ပါဘူး။ မြတ်နိုးတို့ဖုန်းကို သေချာ အမြန် တပ်မှပါပဲ . . . နို့မို့ဆိုရင် ဖုန်းသရဲတွေကို ဖမ်းလို့မရဘူး"

"ဆက်တဲ့လူက ယောကျ်ားလေးလား"

"အင်း"

"မြတ်နိုးကို တမင်စ,တာနေမှာပေါ့"

"စ စရာလား"

"နင့်နာမည်ကို မေးတာလား"

"အင်း . . . မေးတယ်၊ ဟုတ်တယ်"

ဉာဏ်ဝင်းစာပေ



"ဒါဆို နာမည်သိတယ်ဆိုတော့ . . . အသိထဲက တစ်ယောက်ယောက် နောက်တာနေမှာပါ"

သင်းချိုက ထင်ကြေးပေးသည်။

မြတ်နိုးလည်း စဉ်းစားရခက်သွားသည်။

ဒါဆိုရင် ဘယ်သူနောက်တာလဲ . . .။

မြတ်နိုးပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲက တစ်ယောက်ယောက် ဖြစ်နေရင်ကော . . .။

ကိုယ် လုံးဝမသိသော ကိစ္စတစ်ခုကို ဘယ်လိုအဖြေရှာလို့ ရမှာလဲလေ။

သီဟဇော်က ပြုံးစိစိနှင့် စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး ငါးသုံးလုံးစီးကရက်ဘူးကို မှန်စားပွဲပေါ်သို့ ပြန်ပစ်တင်လိုက်သည်။

"မင်းကွာ . . . ဘာအမိပ္ပာယ်လဲ၊ စကားပြောခွင့်ရတော့ ဘာမှမပြောဘဲနဲ့"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သီဟဇော်က စီးကရက်ကို အားပါးတရ ရှိုက်ဖွာလိုက်ပါသည်။

ပြီးမှ သူငယ်ချင်းတွေဘက်ကို မျက်နှာမလှည့်ဘဲနှင့် ...

"ငါက သူ့ကို ကျွန်တော်စိတ်ဝင်စားလို့ မိတ်ဆက်ပါရစေလို့ City FM ကလို ပြောရမှာလား၊ မပြောပါဘူး။ လုံးဝပဲ"

"မင်းကို စိတ်ဆိုးသွားလောက်ပြီ"

"ဆိုးပစေလေ၊ အဲဒါမျိုးလေး လိုချင်တာပဲ"

"ဒီဖုန့်နံပါတ် ပေါ်နေရင်ရော . . . ကွိုင်ရှာလို့ ရှုပ်ကုန်ဦးမယ်"

"မပေါ်ပါဘူး၊ စိတ်ချ ...သူသိရင် ပြန်ကောက်ခေါ်ပြီပေါ့ ဟား ဟား"

"မင်းက သူ့ကို ဘယ်နှခါတွေ့ဖူးလို့ ကြိုက်သွားရတာလဲ"

"သုံးလေးခါတော့ရှိပြီ၊ သူက နေ့လယ်ဘက်ဆို သူတို့ကုမ္ပဏီကအဖွဲ့တွေနဲ့ ကော်ဖီလာသောက်ပြီ။ ငါလဲပဲ ဒီဆိုင်





ထဲမှာ ရှိတာပဲ၊ သူက စကားပဲ ပြောနေတာပဲ၊ သူ ရယ်နေရင် မျက်နှာလေးက ချိုနေတာပဲ၊ သိပ်အေးချမ်းတယ်"

ဇော်က ချစ်စနိုး ပြန်ပြောပြနေမိသည်။

ပထမဆုံးတစ်ရက်က သူတို့ကုမ္ပဏီမှာ ဘာပွဲရှိသလဲ မသိပေမယ့် ခင်မြတ်နိုးက ဆံပင်ကို လှလှလေး ထုံးဖွဲ့ထားပြီး လည်တိုင်မှာလည်း ပတ္တမြားလည်ဆွဲလေးနှင့်ဆိုတော့ နန်းတွင်းသူလေးတစ်ယောက်လို ကြော့ရှင်းလှပနေတာ . . .။

ဇော်က ငေးမိသွားသည်။

ယူနီဖောင်းကတော့ . . . သူတို့ကုမ္ပဏီရဲ့ ဝတ်စုံကိုပဲ ဝတ်ထားတာပါ။

ကော်ဖီမှုန့်ရောင် ရင်ဖုံးလက်ပြတ်လေးနှင့် အထက်အောက် ဆင်တူ ချည်ထည်ဝတ်စုံလေးပါ။

တခြားကောင်မလေးတွေလည်း . . . အဲလိုမျိုး ပုံစံအွေ အဆင်အသွေးတူကို အတူတူ ဝတ်ဆင်ထားတာ ဖြစ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်နိုးရဲ့ မြင့်သောအရပ်နှင့် သွယ်နွဲ့သောကောက်ကြောင်းရယ်၊ ဖြူဝင်းသောအသားအရေရယ်ဟာ အားလုံးထဲမှာ လမင်းတစ်စင်း လင်းနေသလို ခံစားမိသည်။

ပင်ကိုအလင်းရောင်နှင့် . . . ချစ်စဖွယ်မျက်နှာလေးကို ပိုင်ဆိုင်ထားတဲ့ မိန်းကလေးပါ။

သူမတာ ဆိုင်ထဲမှာ စားပွဲတိုင်း အပြည့်နီးပါးရှိနေသော လူတွေကို သေချာမကြည့်၊ သူမတို့အချင်းချင်း စကားတွေသာ တတွတ်တွတ်ပြောလိုက်၊ ရယ်မောလိုက် . . . လုပ်နေကြတာ။

ဘာတွေ ဒီလောက်ပြောစရာ များပြားနေရသလဲ မသိပါ။

သီဟဇော်မှာ . . . အစ်ကိုလိုခင်မင်ရသော မိတ်ဆွေသုံးယောက် ပါလာသေးတာကြောင့် ခင်မြတ်နိုးကို ခိုးပဲကြည့်ရသည်။ ပေါ်တင်သွားကြည့်လို့က မဖြစ်။

သူမရဲ့ အမည်နှင့် နာမည်ကိုတော့ လည်မှာကြိုးအမည်းလေးနှင့် ဆွဲထားတဲ့ ကတ်ပြားပေါ်ကနေ တစ်ဆင့် ဖတ်လိုက်ရတာ . . .။





"KHIN MYAT NO" တဲ့ . . .။

ထိုအမည်လေးကိုလည်း သူသဘောကျမိသည်။

မကျေနပ်စရာကောင်းတာက ကောင်မလေးက သူ့ကို ကြည့်တာ . . . သတိမထားမိတာပါပဲ။

ကောင်မလေး သတိထားမိတောင် သူတစ်ခုခုလုပ်ချင်ပေမယ့် ဘာမှ အကောင်အထည်မဖော်ဖြစ်။

နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဇော်ပုံစံက ထိုအချိန်က တည်တည်ဖြစ်နေလိမ့်မည်။

မိန်းကလေးတစ်ယောက် သဘောကျမိလောက်အောင် က်ရှန်းစူးရှတောက်ပသော မျက်လုံးပိုင်ရှင်လည်း မဟုတ်ပါ။ လိုလည်း စိုက်ကြည့်နေဖို့ အခွင့်အရေးက မပေး။

မသိမသာလေးသာ တစ်ချက်တစ်ချက် ခိုးဝှက်ကြည့်နေတာမျိုး ဖြစ်သည်။

သို့သော် သူက နည်းနည်းလောဘကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အဲလို ခပ်တည်တည်နှင့် သူ့ဘာသာထိုင်နေတာကိုပဲ ကောင်မလေးဘက်က လှမ်းကြည့်ပြီး သတိပြုမိစေချင်တာ။

အရင်ကတော့ သူ့ကို ကောင်မလေးတွေဘက်က စ,တင် မျက်နှာသာပေးတာ အခွင့်အရေးပေး - မိတ်ဖွဲ့တာမျိုးတွေ ခဏခဏ ကြုံဖူးသည်။

သူဟာ အပြောကောင်းပြီး ရုပ်ရည်ကလည်း ဆွဲဆောင်မှု ရှိသော သူဌေးသားလေးတစ်ယောက် ဖြစ်နေတာနှင့် ဆိုင်ပါလိမ့်မည်။

ပြီးတော့ . . . သူ့ကို လက်တွေ့အထောက်အပံ့ဖြစ်စေတာကတော့ . . . လက်ထဲက GSM ဖုန်းနှင့် ခပ်ကြမ်းကြမ်း အချိန်မရွေး မောင်းခွင့်ရှိနေသော စူပါဆလွန်းကားလေး ဖြစ်ကြောင်း သူ့ရဲ့ကိုယ်တွေ့အဖြစ်အပျက်တွေက သက်သေပေးကြသည်။

သူ့ရဲ့ ဘဝအတွေ့အကြုံအရ . . . သူ ဖြတ်သန်းရင်ဆိုင်ရသော အတွေ့အကြောက်တွေအရ . . . သူ ဆက်ဆံပတ်သက်





ခွင့်ရသော လူတွေရဲ့ စိတ်အတွင်းသဘောတွေအရ . . . သူ ...ခေါက်နားလည်မိသော မိန်းကလေးတွေရဲ့ လိုချင်ဆန္ဒတွေအရ အားလုံးကို ပြန်သုံးသပ်ပြီးသောအခါ အထင်မကြီးနိုင်၊ ...လေးအနက်မထားနိုင်၊ အယုံအကြည်မရှိနိုင်၊ မလေးစားနိုင် ...သော သင်ခန်းစာအမှတ်စဉ်တွေကိုပဲ ပေးသည်။

ထိုအခါ သီဟဇော်ဆိုသော ကောင်လေးတစ်ယောက် ...သည် ထောင့်မကျိုးသော၊ အမိန့်မနာခံတတ်သော၊ မေတ္တာ ...ရား၏ သိမ်မွေ့မှုကို မခံစားဖူးသော လူရွယ်ခပ်ရိုင်းရိုင်းလေး ...ဖြစ် ဘဝကို အလိုက်သင့်မျောပြီး . . . ရပ်တည်နေသူဟု ...နိုင်သည်။

"သူ့ကိုစိတ်ဝင်စားတယ်၊ မြတ်နိုးနဲ့ တွဲကြည့်ချင်တယ်၊ ...ကြိုးစားမယ်ကွာ . . ."

စီးကရက်မီးခိုးငွေ့တွေကို မျက်နှာကြက်ပေါ် မှော့ပြီး ...တ်ထုတ်ရင်း . . . သူပြောသည်။

"ဒါ မင်းကြိုးစားတဲ့ပုံစံလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကြိုးစားမယ်ဆိုတာ အောက်ကျို့မယ်လို့ ပြောတာ မဟုတ်ဘူး။ ငါ့ကို ဘယ်မိန်းမမှ ခေါက်ရိုးလာချိုး မစဉ်းစားနဲ့ ဒါတော့မရဘူး၊ ငါက ငါ့ချစ်သူဆိုရင် ငါက ထဆိုထ ထိုင်ဆိုထိုင် ငါ့သဘောအတိုင်းလိုက်နာမှကြိုက်တာ၊ စားလက် ထမင်းပန်းကန်တောင် ငါက အခုထားခဲ့လို့ပြောရင် ချက်ချင်း ထားခဲ့ပြီး . . . ငါ့နောက်ကို အချိန်မရွေးလိုက်နိုင်ရမယ်၊ ဒ ငါ့ရဲ့ သီအိုရီပဲ"

သူငယ်ချင်းတွေက သူ့ကို ပခုံးတွန့်သူတွန့်၊ မေးငေါ့ ငေါ့နှင့်ရှိကြမှာ သူ သိသည်။

သူ မဖြုံပါ။

သီဟဇော်ဟာ . . . ပြောတဲ့အတိုင်း လုပ်တတ်ပြီး ကိုယ်ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင်လည်း ဖန်တီးတတ်သူ တစ်ယောက်ဆိုတာ သိစေချင်သည်။

"လာကွာ ပျင်းတယ်၊ ကားတစ်ပတ်မောင်းရအောင်"

"Club သွားမှာလား"





"သွားချင်လဲ သွားပေါ့ . . . ငါ သူ့အိမ်ရှေ့ ကား ခဏ သွားရပ်မယ်"

"ဘာကြောင့်ဦးမှာလဲကွာ"

"မင်းတို့ မသိပါဘူး"

"ဟော့ကောင် . . . အချိန်ကိုလဲကြည့်၊ မင်းကောင်မလေး အိပ်နေရောပေါ့"

"အိပ်ပျော်ဦးမှာ မဟုတ်ဘူး . . . ဒီလောက်ဆိုရင် ငါဘယ်သူလဲဆိုတာ ဒေါသဖြစ်ဖြစ်နဲ့ သူ သိချင်နေပြီ၊ ဝရန်တာ ထွက်ပြီး စဉ်းစားမနေဘူးလို့ ပြောနိုင်မလား။ သိပ်အသံကောင်း တဲ့ ကောင်လေးကြောင့် သူ ဟတ်(ထ်) ထိသွားလောက်ပါပြီ"

"ဟား ဟား"

"သီဟဇော် . . . သီဟဇော်"

"အေးလေ၊ သူ့ကိုယ်သူတော့ တော်တော်အထင်ကြီးတာ ဘယ်အချိန်မှ ခွေးကျ ကျမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်လိုက်လေ . . . မနက်ဖြန်ကျရင် မင်းတို့
အားလုံးရဲ့ရှေ့မှာ သူ့ကို ငါ ရည်းစားစကားပြောပြမယ်"

"တယ်ဟုတ်ပါလား"

"သူ့ကို ကြည့်ရုံလေးကြည့်ပြီး . . . ငါ့ဘက်က မဟာသေ
လို့ပါ။ 'ဟ' တာနဲ့ အိုကေပြီ"

သီဟဇော်က . . . ကားသော့လေးကို ပစ်ဖမ်းရင်း
အပိုင်ပြောထားလိုက်သည်။

✧✧✧✧✧



## အခန်း (၁၂)

လမ်းထဲကို မီးရောင်စုံးရှုရှုနှင့် ဝင်လာသောကားတစ်စီး
ကို မြတ်နိုးရော သင်းချိုပါ ဘာရယ်မဟုတ် ကြည့်မိကြသည်။

မြတ်နိုးတို့နှစ်ယောက်သား . . . ခုနဆက်တဲ့ဖုန်းသံဟာ
ဘယ်သူဖြစ်နိုင်မလဲ လျှောက်စဉ်းစားရင်း ငြင်းခုန်နေကြတာ...



www.burmeseclassic.com

www.burmeseclassic.com



သင်းချိုက မြတ်နိုးကို စိတ်ဝင်စားတဲ့ . . . ကုမ္ပဏီက တစ်ယောက်ပြီး တစ်ယောက်ကို . . . ညှောက်ပြီး ထင်ကြေး ပေးနေတာ . . .။

မြတ်နိုးကတော့ သင်းချိုထင်သလို မထင်။

အပြင် သူစိမ်းထဲကလို့ပဲ ယူဆမိသည်။

"ဖုန်းချလို့ရပါပြီ" လို့ ပြောလိုက်တဲ့ အသံလေးက ရယ်သံသဲ့သဲ့နှင့် ဆွဲဆောင်မှုရှိတာတော့ အမှန်။

မှုန်းမှုန်းနှင့် နားထဲစွဲနေတော့တာ . . . တော်ကြာ စိတ်နာနာနှင့် ချစ်မိဦးမှာ ကြောက်ရသေးသည်။

"မြတ်နိုးရယ် _ သိပ်လဲအဖြေရှာမနေပါနဲ့။ သေချာတာ ကတော့ ချစ်လို့စ,တာဖြစ်မှာပါ။ နင့်စိတ်ကို အခုလိုမျိုး နိုးလုခုလု ဖြစ်စေချင်လို့ပေါ့။ ဘာမှတွေးမနေနဲ့။ ဈေးဆစ်တယ်ဆိုတာ အဲဒီပစ္စည်းကို လိုချင်တဲ့သဘောပါ။

"ဟုတ်ပါ့မလား။ မဖြစ်နိုင်တဲ့ အောက်ဈေးကြီးလာပေးပြီး ငါ့ကို ရန်စ,စိန်ခေါ်တာရော မဖြစ်နိုင်ဘူးလား"





"မဖြစ်နိုင်ပါဘူး။ ဟဲ့ . . . မြတ်နိုး ဟိုကားက ငါတို့ တိုက်ရှေ့ လာရပ်ပါလား။ ဘယ်အိမ်ကိုလာတာလဲ မသိဘူး"

သင်းချိုက တိုက်အောက်ခြေကို ငုံ့ကြည့်ရင်း သတိ ထားမိစွာ ဆိုသည်။

ကားက ရပ်ထားပြီး . . . ဘယ်သူမှလည်း ကားပေါ်မှ မဆင်း။ ကောင်လေးတွေချည်းပဲ ဖြစ်ပုံရသည်။

ဆူညံရယ်မောနေသံ . . . ကြားရသည်။ ပြီးတော့ ကားကက်ဆက်ကို ဖွင့်သည်။

ဖွင့်လိုက်တဲ့သီချင်းကလည်း . . . ခုတလောလေးမှာ ကြားနေကျ "နာမည်ကြီး" စီးရီးထဲက "မယ်တင်" သီချင်း ဖြစ်နေတော့ သင်းချိုက သဘောကျစွာ ပြုံးရယ်လိုက်ရင်း . . .

"ဟဲ့ . . . ထူးတော့ ထူးနေသလိုပဲ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးရင်ထဲလည်း ဘာရယ်ကြောင့်မှန်းမပြောတတ်ဘဲ ရင်ခုန်သွားရသည်။

"စောစောက ဖုန်းသူရဲလေးလား"

"မဖြစ်နိုင်ပါဘူး"

မြတ်နိုးက ဖွတ်မိုတ်ငြင်းပယ်လိုက်သည်။

"ဒါဆိုရင်တော့ . . . အိမ်ကိုလဲ သိတယ်"

"ဟုတ်ပါ့မလား"

သူမတို့ အဖြေရှာနေဆဲ ဖုန်းက ထပ်မြည်သည်။

"ဟော"

သင်းချိုရဲ့ "ဟော" ဆိုတဲ့ ရေရွတ်သံမှာ တစ်စုံတစ်ခု သော အဓိပ္ပာယ်ပါသည်။

မြတ်နိုးက ဖုန်းကို ကောက်ထူးသည်။

"ဟဲလို"

"မြတ်နိုးလား"

ဥက္ကာဝင်းစာပေ



"ရှင် ဘယ်သူလဲ"

"ဒီတစ်ခါ ဖုန်းကိုင်ထားပါလို့ မပြောတော့ပါဘူး"

"ဟင် . . . ရှင်"

"ဝရန်တာမှာ အေးတယ်၊ အိမ်ထဲဝင်တော့လို့ ပြော မလို့ပါ။ စိတ်မဆိုးကြေး"

စကားဆုံးတာနှင့် ဖုန်းပိတ်လိုက်သည်။

မြတ်နိုး . . . လျှင်မြန်စွာ ဝရန်တာမှ ပြေးငုံ့ကြည့်သည်။

ကားမောင်းသူနေရာမှ လူက . . . ခေါင်းအပြင်ထုတ် မော့ကြည့်ကာ လက်ပြနှုတ်ဆက်သွားသည်။

သင်းချိုနှင့်မြတ်နိုးတို့နှစ်ယောက်သား ကားနံပါတ်ကို ပြူးပြူးပျာပျာ လိုက်မှတ်ပေမယ့် ကားက မြန်လွန်းစွာ ဝေါခနဲ မောင်းထွက်ကာ ချက်ချင်းလို လမ်းမပေါ် ပန်းတက်သွားတာမို့ အကွေ့ရာပဲမြင်လိုက်ပြီး နံပါတ်မသဲကွဲလိုက်ပါ။

"ဟဲ့ ၁/က . . . လား၊ ၈/က . . . လား"

ဥက္ကာဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး . . . ၁ လို့ ထင်တာပဲ"

"၁/က"

"အင်း . . . မြတ်နိုးရော"

"ဟုတ်မယ်ထင်တယ်"

"ခုနစ်ထောင်ကျော်လား၊ နှစ်ထောင်ကျော်လား"

"မသဲကွဲလိုက်ဘူး"

"အင်း . . . သင်းချိုရောပဲ"

"ဩော် . . . မျက်စိကလဲ မလျှင်လိုက်တာနော်"

"မြတ်နိုးကို ဘာပြောလဲ"

"အိမ်ထဲဝင်တော့ တဲ့"

"အောင်မယ် . . . သူကများ"

"အင်းလေ ဘာသဘောလဲမသိပါဘူး . . . ကျွတ်"

မြတ်နိုးက မကျေမနပ်နှင့် နှုတ်ခမ်းလေး စူမိသည်။





သူ့ကို နောက်တစ်နေ့မှာ သိကျွမ်းရတော့မည်။ သူ ပြောသော ရည်းစားစကားကို နားနှင့်ဆတ်ဆတ်ကြားရတော့မည်ဟု လုံးဝမမျှော်လင့်ပါ။

သို့သော် နောက်တစ်နေ့ရဲ့ သာယာသော နေ့လယ်ခင်း တစ်ခုမှာ မြတ်နိုးရှေ့သို့ ဘွားခနဲ သူ ပေါ်လာတာ အမှန်ပဲ ဖြစ်သည်။

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ရုံးက ခဏလစ်လာပြီး ကော်ဖီဆိုင်မှာထိုင်ရင်း ခါးဆိမ့်သော ကော်ဖီမွှေးမွှေးကို တစ်ငုံချင်း ဖြည်းဖြည်းဇိမ်ဆွဲကာ သောက်နေမိသည်။

သင်းချို မှာလိုက်သော ဆင်းဒဝစ်ချ်မှာ အုန်းသီးမျှင်တွေ ဖုံးလွှမ်းထားသဖြင့် . . . မြတ်နိုးက အကြိုက်တွေ့ကာ အုန်းသီးချည်းပဲ ယူစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကတော့နော် . . . အုန်းသီးဆို အသေကြိုက်"

"အင်း . . . ဟုတ်တယ်၊ မြတ်နိုးကြိုက်တာ အုန်းသီးနှင့် မင်းကွတ်သီးပဲ"

"ဟိုတစ်ယောက် . . . အင်တာဗျူးလုပ်မှ ဖြေလိုက်"

"ဘယ်တစ်ယောက်လဲ"

"ညက တစ်ယောက်"

သင်းချိုက ပြုံးစိစိနှင့် သတိတရဆို၏။

"သူပဲ အာရုံထဲရှိတယ်"

"ချော် . . . ရှင်က မရှိဘူးပေါ့လေ"

သင်းချိုက ကော်ဖီပန်းကန်လုံးကို ပန်းကန်ပြားပေါ် ပြန်တင်ရင်း မှန်ထဲကနေတစ်ဆင့် မြင်နေရသော တန်းစီ ရပ်ထားသော ကားစတင်းဆီ စူးစမ်းစွာကြည့်ရင်း . . .

"ဟဲ့ ဟိုကား . . . စူပါဆလွန်းအဖြူလေး"

"ဟင်"





ဆင်းလာသော ကောင်လေး လေးယောက်ထဲမှာ ရှေ့ဆုံးက ကားသော့ လက်ထဲ ကစားရင်း ဝင်လာသော တစ်ယောက်မှာ ညက ဖျတ်ခနဲမြင်လိုက်ရသော ကောင်လေး ပဲလား၊ မြတ်နိုး စိတ်ထဲလည်း ဇဝေဇဝါ။

နှစ်ယောက်သား သူတို့ကို သံသယမျက်လုံးတွေနှင့် ကြိတ်အချက်ပေး စောင့်ကြည့်နေမိကြသည်။

ဟိုလေးယောက်သားဟာ တိုင်ပင်ထားသလို မျက်လွှာ ချပြီး အေးအေးဆေးဆေး . . .

အမူအရာတွေက ထူးခြားနေသလိုပင်။

ဒီလိုလေးယောက်အတွဲလေးကို ဒီကော်ဖီဆိုင်လေးထဲ အရင်ကလည်း မြင်ဖူးနေသလို ထင်မိလာသည်။

အထူးသဖြင့် ဒီလို နဖူးပေါ် ဆံပင်ဝဲကျပြီး ဂျစ်ကန်ကန် ရှုရှုစတိုင်လ်နှင့် ရှေ့ကတစ်ယောက်ကို အရင်က မြင်ဖူးတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုး အမှတ်တမဲ့ ဖြစ်နေမိလို့သာ။

"ဟုတ်လား မသိဘူး"

သင်းချိုက တိုးတိုးလေး ကပ်ပြောသည်။

သူတို့က မြတ်နိုးတို့ဘေးကစားပွဲထိ လျှောက်လာတော့ သံသယက ပိုမိုခိုင်မာလာသလိုပါပဲ။

ရင်ထဲ တထိတ်ထိတ်နှင့် သေချာချင်လာသည်။

သူတို့ထိုင်ပြီး . . . ကော်ဖီမှာသည်။ အအေးခန်းထဲမှာ လေးယောက်သား အားမနာတမ်း . . . စီးကရက် ကိုယ်စီ သောက်ကြသည်။

မြတ်နိုးက စီးကရက်မီးခိုးငွေ့ကို လက်ဖျားလေးနှင့် ယပ်ခတ်သလိုဖယ်ရှားရင်း မျက်နှာရှုံ့မိစဉ်မှာပဲ ဟိုဘက်ဝိုင်းက ထူးခြားသောစကားတစ်ခွန်းကို . . . မြတ်နိုးတို့ကြားအောင် ပြောလိုက်ပါသည်။

"အဲဒီ ကောင်မလေးက ... တော်တော်ပြိန်းတယ်ကွ သိလား၊ ငါက ဖုန်းကိုင်ထားပါဆိုတော့ တကယ်ကိုင်ထားပြီး





စောင့်နေတယ်၊ ငါ့အသံကိုတော့ ဆက်ပြီးကြားချင်သေးပုံပဲကွ ဟား ဟား"

"မင်းကလဲ ကောင်မလေး သနားပါတယ်၊ ဆယ်မိနစ်ကြီးတောင် စောင့်ခိုင်းပြီးမှ"

ဟင် ကြည့်စမ်း . . .

ဒါဆို သင်းတို့ပဲပေါ့ . . .

မြတ်နိုးမျက်နှာလေး နီမြန်း ခက်ထန်သွားပြီး . . .

"ငါ သွားမေးမယ်"

"ဟဲ့"

သင်းချို တားလိုက်ချိန်မှာ . . . ခင်မြတ်နိုးက ဆတ်ခနဲ ထရပ်လိုက်ပြီးပြီ။

"ရှင် ဘာစကားပြောတာလဲ"

"ဗျာ"

သူတို့စားပွဲနားသွားကာ ခပ်မာမာ ရန်စွာလိုက်သည်။

www.burmeseclassic.com



"အူကြောင်ကြောင် လုပ်မနေနဲ့"

"ကျွန်တော် ခင်ဗျားကို ဘာများပြောမိလို့လဲ"

ဇော် ပြန်မေးပုံက မထိတထိ။

မြတ်နိုးက မျက်နှာထား တင်းနေသလောက် သူတို့က ပြုံးစိစိနှင့် . . .။

တော်တော်မုန်းစရာကောင်းတဲ့ ဟာလေးတွေ . . .

"ညက ဖုန်းသရဲလုပ်တာ ရှင်မဟုတ်လား"

"ဟာ ဘာကြောင့် ကျွန်တော် သရဲလုပ်ရမှာလဲ၊ လူပါ လူအစစ်ပါ၊ မယုံရင် ဒီနားလာထိုင်ကြည့် . . . ကျွန်တော် အသက်ရှူနေတယ်၊ ရင်ဘတ်ကိုစမ်းကြည့်လို့လဲ ရတယ်"

"အောင်မာ"

"သူများတွေ ကြည့်နေပြီ။ ဒီမှာ ခဏလေးထိုင်ပါလား မြတ်နိုး။ ကျွန်တော်လွန်သွားရင်လဲ ကြိုက်သလို အပြစ်ပေးပါ မြတ်နိုးရန်တွေ့လဲ ကျွန်တော်ငုံခံပါ့မယ်"

ဉာဏ်ဝင်းစာပေ



"ဟုတ်ပါဘယ်၊ မိတ်ဖြစ် ဆွေဖြစ် ခဏထိုင်လိုက်ပါဗျာ၊ ကျွန်တော်တို့ လူရမ်းကားတွေမဟုတ်ပါဘူး။ အထင်မလွဲပါနဲ့"

"ဟုတ်ပါတယ်၊ မိကောင်းဖခင်သားလိမ္မာလေးတွေပါ"

တောင်းတောင်းပန်ပန် တိုးလျှိုးသံနှင့် ပြောနေပုံတွေကြောင့် . . . စိတ်ဆိုးရခက် အပြစ်ယူရခက်အောင် ဖြစ်သွားရပါသည်။

သူတို့အနားကို ရောက်သွားတုန်းကတော့ မကျေမနပ် ဒေါင်းတင်မောင်းတင်နှင့်ပေါ့ . . .။

မျက်နှာချို သွေးလိုက်တော့လည်း မြတ်နိုးရဲ့ ဒေါသမျက်နှာက ပြေသွားရကာ ရှက်သလိုတောင် ဖြစ်မိသည်။

သူတို့ညွှန်သောကုလားထိုင်မှာ ဝင်ထိုင်ရင်း . . .

"ဘာကြောင့် ကျွန်မကို နှောင့်ယှက်ရတာလဲ"

"နှောင့်ယှက်တာ မဟုတ်ပါဘူး၊ လုံးဝအထင်လွဲနေပြီ"

"ဟုတ်တယ်၊ သီဟဇော် ရောဂါသည်းနေတာကြာပြီဗျ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ဒီမှာတွေ့ဖူးနေတယ် မဟုတ်လား"

"အမှတ်တမဲ့ပဲ"

"အခု အမှတ်တရ ဖြစ်သွားပြီ"

"ရှင်တို့ အဲလောက် နောက်ရွတ်ရွတ်မလုပ်သင့်ဘူး"

"မှန်ပါတယ် . . . နောက်နောင် ဆင်ခြင်ပါ့မယ်၊ တကယ်တော့ ... ကျွန်တော်က နောက်ချင်တာ မဟုတ်ပါဘူး မြတ်နိုးကို ကျွန်တော်ချစ်တယ်ဆိုတာ အတည်တကျ ပြောချင်တာပါ . . ."

မထင်မှတ်သော သီဟဇော် စကားကြောင့် မြတ်နိုး မျက်နှာလေး နီမြန်းသွားရသည်။

ဘေးမှာ သူငယ်ချင်းသုံးယောက်ထားပြီး ရည်းစားစကားကို ပြောင်ချပြောရဲတာကို အံ့အားသင့်မိကာ မြတ်နိုး ငြိမ်သက်သွားရသည်။

"ဟုတ်ပါတယ်ဗျာ၊ သူပြောတာကို စဉ်းစားပေးလိုက်ပါ ကောင်လေးက သနားပါတယ်"

ဉာဏ်ဝင်းစာပေ



မြတ်နိုး သူတို့ကို မျက်စောင်းရွယ်ပစ်လိုက်သည်။

သူတို့နားမှာ ဆက်ထိုင်နေဖို့ မျက်နှာပူ အနေခက်လှတာကြောင့် . . .

"တော်ပြီ . . . ကျွန်မသွားမယ်"

"ညကျ ဖုန်းဆက်မယ်နော်၊ ဒီတစ်ခါ တကယ်ပြောမှာပါ"

"ဟွန်း"

သင်းချိုဘေးနား လာစောင့်ထိုင်သော ခင်မြတ်နိုး မျက်နှာလေးက စောစောတုန်းကလို ဒေါသတွေမရှိတော့ဘဲ ရှက်စနိုးနှင့် နီရောင်ပြေးနေသည်။

"ဘာတဲ့လဲ"

"ဘာမှ မဟုတ်ဘူး . . . အလကား"

သီဟဇော်ထလှည့်ပြီး . မျက်စောင်းရွယ်လိုက်တဲ့ ခင်မြတ်နိုးပုံစံလေးက မကျေမနပ်နှင့် . . . သို့သော် တရင်းတနှီးလည်း ဆန်သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကစပြီး ဇော်က မြတ်နိုးဘဝထဲ တိုးဝင်လာခဲ့တာ ဖြစ်သည်။

သူ တဖွဖွ ချစ်ခွင့်တောင်းတော့ မြတ်နိုး ဘာကြောင့် သူလိုချင်သောအဖြေကို ပေးလိုက်မိသလဲဆိုတာ ခုထက်ထိ စဉ်းစားမရပါ။

နောင်သောအခါ "မှားတယ်" ဟု နောင်တရမိမယ် ဆိုတာ သိခဲ့ရင်တော့ . . . ထိုအဖြေကို ပြန်လည်သိမ်းနုတ် ပြင်ဆင်ချင်မိသည်။

တကယ်တော့ တစ်ခုခု‚လုပ်မိရင် အဆုံးမှာ ဘာဖြစ် မလဲ ဆိုတာ ကြိုတင်သိနိုင်စွမ်းမှ မရှိတာဘဲလေ။

အခုတော့ အစမှားခဲ့တာကိုပဲ ကြေကွဲဝမ်းနည်းမိသည်။

သူမဟာ အစ‚ကတည်းက ဇော်ကို မချစ်သင့်ပါ။

သူဟာ... မြတ်နိုး မချစ်သင့်သော၊ မြတ်နိုးအချစ်နှင့် မထိုက်တန်သော ယောကျ်ားတစ်ယောက်ပါ။





ကဲ . . . မှားမှန်းသိပြီ ဆိုပါတော့ . . .

အဲဒီမိန်းကလေးတစ်ယောက်ဟာ အမှားကိုပဲ ရှေ့ဆက် သင့်သလား။

ရောက်တဲ့နေရာကနေ နောက်ပြန်လှည့်သင့်သလား။

မြတ်နိုးကတော့ လွှမ်းတာကို ကြိတ်မှိတ်လို့ နောက်ဆုတ် ကျောခိုင်းဖို့ပဲ အကြိမ်ကြိမ် ဆုံးဖြတ်သည်။

ဇော့်ကို မြတ်နိုးနှလုံးသားထဲက အပြီးတိုင်သံယောဇဉ် ဖြတ်လို့ ဖယ်ထုတ်ပစ်လိုက်ပါတော့မည်။

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"အဲဒါတွေ ဘာလုပ်မလို့လဲ"

"လွှင့်ပစ်လိုက်တော့မယ်"

"ဟယ်"

သင်းချိုက မျက်လုံးလေး ပြူးသွားသည်။

ခင်မြတ်နိုးပုံစံလေးက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် လုံးဝတုန်လှုပ်ကြေကွဲနေပုံ မရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သင်းချို . . . ငါ့အပေါ်မှာ နားလည် စာနာမှုမရှိတဲ့ ချစ်သူကို ငါ မတမ်းတချင်တော့ဘူး"

"ဓာတ်ပုံတွေရော"

"ဓာတ်ပုံတွေကို ကတ်ကြေးနဲ့ ညှပ်ပစ်လိုက်ပြီ"

သင်းချိုက သက်ပြင်းရှိုက်သည်။

ဘာလိုလိုနှင့် . . . သူတို့ တကယ်ပဲ ပြတ်သွားခဲ့ကြပြီ။ ဇော် ရောက်မလာတာ ကြာခဲ့ပါပြီ။

"ဒီဟာတွေ အမြတ်တနိုးသိမ်းထားရတာ ဝန်ထုပ်ဝန်ပိုး ကြီးတစ်ခု လွယ်ထားရသလိုပဲ"

ခင်မြတ်နိုးက ဆံပင်ကလေးကို ကလစ်လေးနှင့်ညှပ်ပြီး ချစ်သူဘဝ အမှတ်တရ အားလုံးထည့်ထားသော ဆန်ခါလေးကို အမှိုက်ပုံးထဲသွန်ထည့်လိုက်၏။ သည်အချိန်ကစပြီး ရင်နာနေသမျှ ပြေပါစေတော့ . . . ။

ဇော်နှင့်ပတ်သက်သမျှ မေ့ပစ်နိုင်ပါစေ၊ ဟိုတုန်းကတော့ ချစ်သူနှင့်ပတ်သက်လာလျှင် သည်းသည်းလှုပ်မို့ ဘာကလေးမဆို သိမ်းထားတတ်သည်။

ညဏ်ဝင်းစာပေ



"စိတ်မကောင်းလိုက်တာဟယ်"

သင်းသင်းချိုက မေးကြည့်ပြီး တကယ်ပဲ စိတ်ထိခိုက်နေ၏။

အခုတလော အိမ်မှာဖြစ်ဖြစ် . . . အပြင်မှာဖြစ်ဖြစ် ခင်မြတ်နိုး ကော်ဖီမသောက်တော့ပါ။

ကော်ဖီကိုပါရောပြီး မေ့ပစ်လိုက်ပြီထင်ပါရဲ့။

ဇော်နှင့် ကြိုက်ခါစတုန်းက . . . ကော်ဖီဆိုင်လေးတွေ တစ်ဆိုင်ပြီးတစ်ဆိုင် လိုက်ထိုင်၊ မသောက်ဖူးသည့် ကော်ဖီ အမျိုးအစားကလေးတွေ မှာသွားပြီး . . . ကြည်နူးခဲ့ဖူးသည် မဟုတ်လား။

အခုတော့လည်း အိပ်မက်က လန့်နိုးလာသလို လစ်ဟာ ပင်ပန်းလွန်းလှသည်။

✧✧✧✧✧

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

ဝိုင်းဇော . . . ဇော်နှင့်အတူတူ ယှဉ်လျှောက်လာရင်း မျက်စိထဲ တန်းတန်းမတ်မတ် ဝင်လာသော အရိပ်ကလေး ကြောင့် ခြေလှမ်းတွေ တန့်ခနဲ ရပ်သွား၏။

ဟိုကောင်မလေးပါလား . . .

"ဖက်ရှင်"ဆိုင်ကလေးတစ်ခုမှာ ကောင်မလေးက နွဲ့နှောင်းနှောင်း ရပ်စောင့်နေ၏။ ဘေးတစောင်းလေး ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့်လည်း သူက မှတ်မိ၏။ ကြည့်ရတာ အကျီအပ်ဖို့လာတာလား မသိ။

ကော်ဖီဆိုင်မှာ နှစ်ခါဆုံခဲ့ပြီး . . . ဒါ တတိယအကြိမ် သည်ကောင်မလေးကို သူ မှတ်မိသည်။ စိတ်ထဲမှာ ရင်းနှီးနေပါသည်။ ကောင်မလေးကတော့ သူ့ကို မှတ်မိချင်မှ မှတ်မိမှာ သူကသာ မျက်စိထဲအရိပ်ထင်အောင် အလွတ်မှတ်မိနေခဲ့သူပါ။

"မောင်ဝိုင်း . . . ဇော်"

ခြေစုံရပ်ပြီး . . .မောင်ဝိုင်းက တအံ့တဩငေးနေတော့ ဇော်က ဘာရယ်မဟုတ် ကြည့်လိုက်မိတာ . . . ။

ခင်မြတ်နိုးဖြစ်နေသောအခါ ရင်ထဲ ဝုန်းခနဲဖြစ်သွား၏။ ဝိုင်းဇော့်ကို ချက်ချင်းပဲ လက်ဆွဲခေါ်သည်။

"လာကွာ . . . သွားရအောင်"

ဝိုင်းဇော သူ ဆွဲခေါ်ရာ ပါလာ၏။

"ဘာလဲ . . . မင်းက အဲဒီကောင်မလေးကို စိတ်ဝင်စားလို့လား၊ ဟုတ်လား" ဟု မေးဖြစ်သည်။





"မဟုတ်ပါဘူးကွာ၊ ငါနဲ့ ဆုံဖူးလို့ပါ"

"ဟုတ်လား"

ဇော်က ဝိုင်းဇော်စကားကို အံ့အားသင့်ပေမယ့် ဘာမှ မဖြစ်သလို နေသည်။ ဟန်ဆောင်မိသည်။

"ငါ သိတယ်"

"ဟုတ်လား . . . ဘယ်ကလဲ"

"ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ သူငယ်ချင်းပါ"

"ဟာ တကယ်လား"

"တကယ်ပေါ့"

ဇော်က "အဲဒါ . . . ငါမွေးပစ်ဖို့ ကြိုးစားနေတဲ့ ငါ့ချစ်သူ ပေါ့" ဟု ဝန်မခံမိပါ။ သူ ညာမိသည်။

ဝိုင်းဇော မြတ်နိုးကို မြင်ဖူးတာမှ မဟုတ်ဘဲ။

"သူ့နာမည် ဘယ်သူလဲ ဘယ်ကလဲ . . . ရည်းစားရှိလား" ဟု ဝိုင်းဇော အလောတကြီး မေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားမရှိဘူး၊ နာမည်က . . . ခင် တဲ့"

ခင်မြတ်နိုး ဟု သူ မပြောဖြစ်ပေ။

"ခင်တဲ့လား"

ဝိုင်းဇေမျက်လုံးတွေက စူးရှလက်ဖြာ အသက်ပါလွန်း၏ ထူးဆန်းလွန်းလှသည်။

မြတ်နိုးကို ဖော့အရှင့်ကောင်မလေးမှန်းမသိဘဲ ဝိုင်းဇေ က အလွန်အမင်း စိတ်ဝင်စားနေတော့သည်။

"ဖုန်းနံပါတ်သိတယ်၊ စိတ်ဝင်စားရင် ယူပေါ့"

"ယူမှာပေါ့"

ဝိုင်းဇေက . . . မမျှော်လင့်ဘဲ ထိုကောင်မလေးနှင့် အဆက်အသွယ်ရတာကို ဝမ်းသာလုံးဆို့ကာ အပျော်လွန် သွား၏။

"ကျေးဇူးပဲကွာ"

"ရပါတယ်ကွာ၊ ပြောစရာလိုလို့လား မောင်ဝိုင်းရ"





ဖော်က မထင်မှတ်ထားတာမို့ ဘာမှ စဉ်းစားချိန်မရ၊ ဝိုင်းဇေဘက်က အဲဒီလောက် နက်ရှိုင်းနေခဲ့လိမ့်မည်မထင်ခဲ့ပါ။ ဘာလို့ ခင်မြတ်နိုးကိုမှ ဝိုင်းဇေက နှစ်သက်နေခဲ့တာလဲ။

ပထမဦးဆုံး 'စကားတစ်ခွန်းကို ညာခဲ့မိပြီမို့ ရှေ့ဆက် လိမ်ညာဖုံးကွယ်ထားရတော့မည်။

မောင်ဝိုင်းက ခင်မြတ်နိုးအပေါ် . . . ငြိတွယ်အာရုံကျ နေလျှင် မြကလေးကို သူ ပို့ပြီး မြန်မြန်ရနိုင်လိမ့်မည်။

ပြီးတော့ . . . မြတ်နိုးကို သူ စိတ်နာသည်။

ဘယ်သူနှင့်ကြိုက်ကြိုက် . . . သူ့ကိစ္စမဟုတ်တော့ပါ။ ဝိုင်းဇေကို ခင်မြတ်နိုး၏ ဖုန်းနံပါတ်ပေးလိုက်၏။

မင်းအတွက် . . . အကောင်းဆုံးအဖော်ပါပဲ မြတ်နိုး၊ မောင်ဝိုင်းက အလုပ်ကြိုးစားသလောက် ရိုးသားတည်ကြည် တယ်။ မင်းက ကိုယ့်လိုသူဌေးသားနှင့် တန်မှမတန်တာ . . .။

"မင်းကို လခထုတ်ရင် . . . ငါ ညစာကျွေးမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဇော လက်ထဲရောက်လာသော ဖုန်းနံပါတ်လေး တယုတယ တမြတ်တနိုးနှင့် သူ့ကို ကျေးဇူးတင်မဆုံး . . .

"မာနကြီးလား မသိဘူး"

"အဲဒါတော့ မသိဘူးကွ"

ဇော်က . . . သူနှင့် ဘယ်တုန်းကမှ မသိခဲ့ဖူးသ ခပ်တည်တည် ပြန်ဖြေ၏။ ဝိုင်းဇော . . . လုံးဝမရိပ်မိ တိတ်တခိုးရင်ခုန်စွဲလမ်းခဲ့ရသော ကောင်မလေး၏ နာမည်နှ ဖုန်းနံပါတ်ကို သိခွင့်ရလိုက်တာ . . . သူ အရမ်းပျော်သည် သူ့ဘက်က ထိုကောင်မလေးကို လေးလေးနက်နက် တန်ဖိုးထ မြတ်နိုးခဲ့မိတာပါ။

စစ်မှန်သော သူ့မေတ္တာကြောင့် အခုလို အဆင်ပြေ ကံကောင်းတာလဲ ဖြစ်လိမ့်မည်ဟု သူ တွေးသည်။

"မောင်ဝိုင်း"

"ဟင်"





"ဖုန်းနံပါတ် ဘယ်ကရလဲ မေးရင် . . . ငါပေးတာလို့ မပြောနဲ့နော်၊ သူ့သူငယ်ချင်းကတစ်ဆင့် ငါ့ကိုပြဿနာရှာနေဦးမယ်ကွ" ဟု သတိပေး တားမြစ်လာ၏။

"ဟာ . . . သူက စွာလို့လား"

ဝိုင်းဇော မျက်လုံးပြူးနှင့် မေးသည်။

"သူက လုံးဝမစွာဘူး။ သူ့သူငယ်ချင်း . . . ငါနဲ့သိတဲ့ ကောင်မလေးက စွာတာ"

"ဪ . . ."

ဇော်က ဝိုင်းဇောကိုတစ်ချက်ကြည့်ပြီး သက်ပြင်းရှိုက်၏။

အဲဒီတုန်းကတော့ . . . သူ လွယ်လွယ်ကလေးပဲ တွေးခဲ့သည်။ ဝိုင်းဇောဘက်က သည်လောက်ထိ အလေးအနက်ထား မည်ဟု မထင်ခဲ့တာလည်း ပါသည်။

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဝိုင်းဇော့ ဖုန်းနံပါတ်ကို စားပွဲပေါ် ချထားပြီး အနီရင့်ရောင် တယ်လီဖုန်းအိုးလေးကို ခပ်ငေးငေးကြည့်ကာ စိုးရိမ်ကြီးနေမိပါသည်။ သူ ဖုန်းဆက်လျှင် တစ်ဖက်က ကောင်းကောင်းမွန်မွန် ပြန်ပြောပါ့မလား၊ သူ့ကို ဘယ်လိုများထင်မလဲ၊ သူ့ကိုအထင်သေးသွားမလား။ ခင်က သူ့ကိုမှတ်မိပါ့မလား၊ အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေးပြီး . . . သူ တွေဝေနေမိသည်။ ဖုန်းနံပါတ် လက်ထဲ ရောက်လာတာ လေးရက်တိတိ ရှိခဲ့ပါပြီ။

သည်နေ့တော့ အရဲစွန့်ကာ ဖုန်းခေါ်ကြည့်ချင်သည်။ ဖုန်းတစ်ချက်ခေါ်ဖို့ကို သူ တော်တော်ကလေး သတ္တိမွေးနေရသည်။ မခေါ်ဘဲလည်း မနေနိုင်။

ဝိုင်းဇေက ဖွတ်မှိတ်ဆုံးဖြတ်ပြီး ဖုန်းခေါ်ကြည့်လိုက်၏။ "ခင်" ဆိုသော ကောင်မလေး၏အသံကို ကြားဖူးချင်ပါသည်။ စကားတစ်ခွန်းနှစ်ခွန်းပဲပြောရပြောရ . . .

"ဟဲလို"

တစ်ဖက်က ထူးသံကြောင့် ဝိုင်းဇေ ချွေးပြန်ချင်လာ၏။ ယောက်ျားတစ်ယောက်ဖြစ်ပြီး သူ လန့်နေမိ၏။ သူ့ဘက်က လုံးဝမသိဖူးသော မိန်းကလေးတစ်ယောက်ကို ဖုန်းဆက်မိတာ ဒါ ပထမဆုံးအကြိမ်။

"ခင် ရှိပါသလား ခင်ဗျာ"





သူ ခပ်တိုးတိုး မေးလိုက်၏။

"ခင်"

တစ်ဖက်က သူ့မေးခွန်းကို အံ့အားသင့်သွား၏။

"မရှိဘူးလား မသိဘူး"

"ရှိပါတယ်၊ ခဏနော်"

သူ ရင်ခုန်မြန်စွာ စောင့်နေမိသည်။

ခင် ရှိသတဲ့လား . . .

"ဟဲလို"

အသံချိုချိုရှရှကလေးက တိုးဖျော့လွန်း၏။

"ခင်လား မသိဘူး"

"ဟုတ်ပါတယ်၊ ဘယ်သူလဲဟင်"

"ကျွန်တော် ဝိုင်းဇေပါ . . . မောင်ဝိုင်း"

"မောင်ဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်နိုးက မျက်မှောင်ကြုတ်သည်။ သည်အမည်မျိုး မကြားဖူးခဲ့ပါ။ ဘယ်တုန်းကမှ မသိကျွမ်းခဲ့ဖူးတာ သေချာ၏။ တစ်ယောက်ယောက်ကများ . . . တမင် စ,နေတာလား ရင်းနှီးသူတွေထဲက ဘယ်သူ့အသံဖြစ်မလဲ၊ မှန်းဆကြည့်မိ ပေမယ့် အဖြေမထွက်။

"ခင် ကျွန်တော့်ကို မသိပါဘူး"

"အြော်"

တစ်ဖက်က ဝန်ခံလာ၏။ ရိုးသားမှုတစ်ခုများလား။

"ကျွန်တော် ခင့်ကိုသိနေတယ်"

ဘာကိစ္စများလဲဟု ခင်မြတ်နိုးကမမေးဘဲ သူဆက်ပြော လာမည့် စကားများကို နားစွင့်လိုက်၏။

"ကျွန်တော် ခင့်ကို ခင်မင်ချင်တယ်"

"ရှင်"

"ကျွန်တော် ခင်နဲ့ အရင်ဆုံး သူငယ်ချင်းတွေ ဖြစ်ချင် တယ်၊ ခင်ခွင့်ပြုပါ"





"ကျွန်မ မောင်ဝိုင်းကို မသိဘူး"

"ကော်ဖီဆိုင်မှာ ဆုံဖူးပါတယ်၊ ကော်ဖီချင်း မှားသွားဖူး တယ်လေ၊ မှတ်မိလား"

"သြော် . . . သိပြီ"

ခင်မြတ်နိုးက ဖွဖွပြုံး၏။

အဲဒီလူလား၊ သူ ဘယ်လိုလုပ်ပြီး . . . ခင်မြတ်နိုးတို့ ဖုန်းနံပါတ်ကို သိသွားရတာလဲ။

"မှတ်မိလား"

"ဟုတ်ကဲ့"

စူးရှရှမျက်လုံးတွေနှင့် ကြည့်နေလိုက်တာ သတိမထားမိ ဘဲ နေမှာလား၊ အရမ်းသိသည်။ ပြီးတော့ ရိုးသားတည်ကြည် သော မျက်နှာ . . .

"ဖုန်းနံပါတ် ဘယ်ကရတာလဲဟင်"

"သူငယ်ချင်းတစ်ယောက်ဆီက"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

သိချင်စိတ်နှင့် ချက်ချင်းမေးမိ၏။

"သူက မပြောရဘူးလို့ ကတိတောင်းထားတယ်၊ အဲဒါကြောင့်ပါ" ဟု ပွင့်လင်းစွာဆိုလာတော့ . . .

"အင်းလေ၊ ကိစ္စမရှိပါဘူး" ဟု တစ်ထစ်လျှော့လိုက်၏။

"ကျွန်တော် ခင့်ကို ခင်လို့ရတယ်မဟုတ်လား"

"ကျွန်မ မာနတော့မကြီးတတ်ဘူး၊ ဒါပေမဲ့ မောင်ဝိုင်းကို ခင်ပါတယ်လို့တော့ . . . လွယ်လွယ်မပြောနိုင်ဘူး၊ ကျွန်မကို နားလည်ပေးပါ"

ဝိုင်းဇေ အရမ်းပျော်သွား၏။

သဘောကောင်းသော ကောင်မလေး တစ်ယောက်ပါလား၊ စကားပြောပုံလေးကလည်း . . . ရိုးသားဖြူစင်သည်၊ ထင်ထားတာထက် အဆပေါင်းများစွာ အဆင်ပြေခဲ့၏။

"ကျွန်တော် ခင့်ကို ဘယ်မှာ ရှာတွေ့နိုင်မလဲ"





ခင်မြတ်နိုးက နှုတ်ခမ်းလေးစေ့ကာ ပြုံး၏။ သင်းချိုက ဘေးမှာရပ်နေပြီး ဘယ်သူလဲ ဘယ်သူလဲ ဟု အသံမထွက်ဘဲ မေးနေ၏။

သင်းချိုကို လက်ခါပြမိသည်။

"ကျွန်တော် ဘယ်မှာစောင့်နေရမလဲ"

"ဘယ်တော့လဲ"

"အခုပေါ့၊ ကျွန်တော်က အခုချက်ချင်းပဲ တွေ့ချင်တယ်၊ ခင့်ဘက်က အဆင်ပြေမယ်ဆိုရင် . . ."

ခင်မြတ်နိုးက . . . တွေဝေစွာနှင့် ဆုံးဖြတ်ရခက်သည်။ စိတ်ကူးထဲ လုံးဝမရှိသောအဖြစ်မျိုးမို့ အဖြေက အဆင်သင့်မရှိ။ သူ့ကို တွေ့သင့်ရဲ့လား၊ စကားလက်ခံ ပြောသင့်ရဲ့လား၊ သူ ဘယ်လိုလူစားလဲ . . .။

"ခဏလေးပါ၊ ကော်ဖီသောက်ပြီးစကားပြောကြတာပေါ့၊ ခင့်ဘက်က အဆင်ပြေမယ့် နေရာသာပြော . . . ကျွန်တော် လာခဲ့မယ်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်နိုးက ဆုံးဖြတ်လိုက်၏။

"ကောင်းပြီလေ၊ (------) လမ်းထဲက ဆိုင်ကလေးကို လာခဲ့ပါ၊ အိမ်နဲ့အနီးဆုံးဆိုင်ပဲ"

ခင်မင်မိတ်ဖွဲ့တာလောက်တော့ . . . ပြဿနာမရှိဘူး ထင်ပါရဲ့။

ဇော်နှင့် ပတ်သက်ပြီး . . . နာကျင်လစ်ဟာနေသမျှ ခင်မြတ်နိုးအတွက် စိတ်သက်သာရာ ရနိုင်သည်။

တစ်ယောက်တည်းဆိုတော့ . . . သင်းသင်းချိုနှင့် သူ့အမျိုးသား အပြင်ထွက်ပြီဆို ခင်မြတ်နိုး ဇော့်အကြောင်းပဲ တွေးမိသည်။ မတွေးပါဘူးဟု ဇွတ်မေ့ပျောက်ပစ်လေ၊ ခေါင်းထဲ ပိုပြီး ဝင်လာလေပါပဲ။

"ခင် . . . ကျွန်တော်စောင့်နေမယ်" ဟု ပြောပြီး သူက ဖုန်းချသွား၏။ ခင်မြတ်နိုး ချက်ချင်းပဲ . . .

"ဟဲလို ဟဲလို" ဟု ပြန်ခေါ်ပေမယ့် မရတော့ပါ။ သူ့ကို ခင်မြတ်နိုးက မှတ်မိပါ့မလား။ မြင်ရင်တော့ သိချင်သိမှာ၊ အခု အချိန်မှာတော့ စူးရှသောမျက်လုံးတစ်စုံကိုသာ မှတ်မိစွဲငြိနေ၏။

ညာဏ်ဝင်းစာပေ



"ဘယ်သူလဲ"

"မသိဘူး၊ မောင်ဝိုင်းလို့ ပြောတာပဲ"

"ခင်မြတ်နိုးကို သိနေပုံပဲ"

"ဟုတ်တယ်၊ ကော်ဖီဆိုင်မှာ ဆုံဖူးတယ်"

"ဘာတဲ့လဲ ဟင်"

"ခင်ချင်တယ် တဲ့"

ခင်မြတ်နိုးစကားကြောင့် သင်းသင်းချို ပြုံးသွား၏။

"ဘာလဲ . . . ရှင် ဘာပြုံးတာလဲ"

မထုံ့မလဲ ရန်လုပ်မိ၏။ သင်းသင်းချိုက ခင်မြတ်နိုးကို အကဲခတ်ရင်း "သွားတွေ့မယ်ပေါ့" ဟုဆို၏။

"တစ်ယောက်ယောက် နောက်နေတာလား၊ ဘာလား ကွဲကွဲပြားပြား သိချင်လို့"

"အင်း ကောင်းပါတယ်၊ ခဏနေရင် သင်းချိုလဲ အပြင် ထွက်မှာ၊ ရှင် အိမ်ထဲဝင်အောင်းနေစရာ မလိုတော့ဘူး"

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်နိုးက ပင့်သက်ရှိုက်သည်။

အစားထိုးအချစ်ဆိုတာမျိုးကို မုန်းသည်။

ဖြေသိမ့်စရာ တစ်ခုခုရှိနေဖို့ လိုအပ်တာလည်း အမှန်ပါ။ သူ့ကို သတိရစိတ်နှင့် နာကျင်လှိုက်ဟာနေသော ဝေဒနာကို အချိန်က တဖြည်းဖြည်း ကုစားသွားနိုင်သည်ဆိုပေမယ့် သူ ထားရစ်ခဲ့သောဘဝမှာ ခုလို အရှုံးနှင့် မကျန်ရစ်ချင်။

မေမေတို့ဆီပြန်သွားဖို့ . . . ခင်မြတ်နိုး မကြာမကြာ တွေးမိသည်။ ကုမ္ပဏီကအလုပ်ထွက်ရမှာစိုးလို့သာ၊ အလုပ်ကလေးကို ခင်တွယ်နေမိသည်။

ပြီးတော့ သင်းချိုကလည်း တားသည်။

"မပြန်ပါနဲ့ဟာ ဒီလောက်အကြာကြီး အတူတူနေခဲ့ပြီးမှ ခင်မြတ်နိုးမရှိဘဲ မနေတတ်တော့ဘူး"

"သူငယ်ချင်းတစ်ယောက်တိုးလဲ မနည်းပါဘူး"

သင်းချိုကလည်း တိုက်တွန်းအကြံပေးသည်။

ဉာဏ်ဝင်းစာပေ



ခင်မြတ်နိုးက နာရီဝက်အတွင်း စောင့်နေမယ်ဆိုသော သူစကားကြောင့် . . . ကပျာကယာ ဆံဝင်ဖြီးသည်။ ရှပ်အင်္ကျီ အလေးတစ်ထည် ထပ်ဝတ်သည်။

အသားရောင်ဖျော့ဖျော့ (Natural Colour) နှုတ်ခမ်း ကလေး ဆိုး၏။

"မြတ်နိုးရေ သော့ယူသွားဦး"

သင်းသင်းချိုက သတိပေး၏။

"ခင် . . . ခင်ရေ"

ဖုန်းထဲမှာ မောင်ဝိုင်းခေါ်တာကိုကြားပြီး သင်းသင်းချို လိုက်စ,၏။

"ငါလဲ ဒီနေ့ကိစ္စပြီး 'ခင်'လို့ပဲခေါ်တော့မယ်နော်"တဲ့။

"အမယ် မခေါ်ပါနဲ့ . . . နားထဲမှာ တစ်မျိုးကြီးပဲ၊ မယဉ်ဘူး"

"သူ ခေါ်တော့ရော"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သင်းချိုရယ် မနောက်ပါနဲ့၊ နာမည်ကလဲ မောင်ဝိုင်းတဲ့
ဘာကြီးမှန်းလဲ မသိဘူး"

"နာမည်အရင်းတဲ့လား"

"ဟုတ်မှာပေါ့"

"မောင်ဝိုင်း"

"အင်း . . . ဝိုင်းဇော်တဲ့"

"လှတယ်"

အသံကြားရုံနှင့် သင်းချိုက အမှတ်ပေးနေပြီ။

ခင်မြတ်နိုးကို အရမ်း ကရုဏာသက်နေသည်ထ
ဇော်ကြောင့် . . . အလူးအလိမ့် ခံစားနေရတာကို အသိဆုံး
သင်းချိုပါ။ အရမ်းစိတ်ဓာတ်ကျပြီး အလုပ်ထွက်ကာ နယ်
သွားမှာလည်း စိုးသည်။ နှစ်ယောက်တည်းရှိသော အိမ်ကလေ
ထဲမှာ တစ်ယောက်ဝေဒနာက တစ်ယောက်ကို ကူးစက်
သည်။ မြတ်နိုးကို ကြည့်ပြီး သင်းချို စိတ်ဆင်းရဲမိသ





ဇော်ဘက်ကလည်း တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်
ထားပြီးသား ဖြစ်ပုံရသည်။ ခင်မြတ်နိုးဆီ ရောက်ကို ရောက်
မလာတော့တာပါ။

ဇော်ဆီ ဖုန်းဆက်ကြည့်ဖို့ သင်းချိုတွေးသည်။

သင်းချို . . . ကြားထဲက ဝင်မရှုပ်ချင်။ သင်းချိုကြောင့်
ခင်မြတ်နိုး၏မာနကို ထိခိုက်မှာလည်း စိုးသည်။

နှစ်ဦးနှစ်ဖက် ဆုံးဖြတ်ပြီးသားကိစ္စကို . . . ကိုယ်က
င်မပါချင်။

"ခင်" ဆိုသော ခေါ်သံဆန်းဆန်းကြောင့် ထိုလူကို
င်းချို သဘောကျမိသည်။ သူ့ခေါ်သံက လေးနက်သည်။
ည်တစ်ခါ ခင်မြတ်နိုး ကံကောင်းပြီထင်ပါရဲ့။

ခင်မြတ်နိုး ကံကောင်းပါစေလို့လည်း ဆုတောင်းနေ
သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဇော်ဘက်က လွန်ခဲ့သည်။ ရက်စက်
သည်။ နားလည်မှုလွဲတာပဲဖြစ်ဖြစ်၊ ခင်မြတ်နိုးက မိန်းမသား။



www.burmeseclassic.com

www.burmeseclassic.com



ဇော့် မာကျောပြတ်သားမှုကို တစိမ့်စိမ့် ခံစား နာကျင်ခဲ့ရ
ပါသည်။

"သင်းချို"

"ဟင်"

"သူ ဖုန်းဆက်တာကို ချက်ချင်းလက်ခံပြီး သွားတွေ့တာ တစ်မျိုးထင်နေမလား မသိဘူးနော် . . . မြတ်နိုးဘက်က ဘာမှ မရည်ရွယ်ဘူး။ စကားပြောရုံ သက်သက်ပါပဲ၊ သူ့ဘက်က ဘယ်လိုပဲသဘောထားထား . . . မြတ်နိုးဘက်က မိတ်ဆွေပဲ"

"စကားပြောကြည့်ရင် သူ သဘောပေါက်လာမှာပါ"

သင်းချိုက ယုံကြည်စွာဆို၏။

အလိုလိုမှ ဇော်နှင့် မပြေလည်လို့ စိတ်တွေ ညစ်နေရသူပါ . . . ပျော်ရွှင်မှုတစ်ခု မဟုတ်ရင်တောင် ဖြေသာမှု တစ်ခုများ ဖြစ်မလား ဆိုသည့် မျှော်လင့်ချက်ကလေးနှင့် အားတင်းပြီး သွားတွေ့ရမှာပါ။





ဇော်နှင့် ခွဲရလို့ မြတ်နိုးအသည်းက ငွေ့ငွေ့ကလေးပဲ ရှိတော့တာ . . .

ဇော့်ကို မေ့နေချင်သည်။

မေ့ထားချင်သည်။ တစ်သက်လုံး ပြန်သတိမရချင်။

ရင်ထဲမှာ တူးခါး နာကျင်ခဲ့ပြီ။

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

သူ့ကိုမြင်လျှင်မှတ်မိပါ့မလားဟု ထင်ခဲ့ပေမယ့် တွေ့လိုက်ရတော့ သူ့မျက်လုံးအစုံကို မြတ်နိုး သေသေချာချာ မှတ်မိနေပါသည်။

စူးရှရှတောက်ပလင်းလက်စွာနှင့် မြတ်နိုးကို လှမ်းကြည့်နေပုံမှာ ကြည်နူးဝမ်းသာမှု အပြည့်နှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးခြင်းလုံးဝမပါသောအကြည့်ကြောင့် မြတ်နိုး စိတ်တွေ ပေါ့ပါးသွားတာအမှန် . . .။

သူ့ရှေ့မှာထိုင်ပြီး ဖွဖွပြုံးပြတော့ . . .

"ကော်ဖီပဲ မဟုတ်လား" ဟု မေး၏။

"ဟင့်အင်း လက်ဖက်ရည်သောက်မယ်"

"ဗျာ"

ခင်မြတ်နိုးစကားကို သူက အံ့အားသင့်သည်။

"ကော်ဖီ မသောက်ဖူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

နားမလည်စွာ မေးလာ၏။

"လက်ဖက်ရည် သောက်ချင်လို့"

ဝိုင်းဇော ခင်မြတ်နိုးအတွက် လက်ဖက်ရည်တစ်ခွက် မှာပေးသည်။

"ခင်က ကော်ဖီအရမ်းကြိုက်တယ် မဟုတ်လား"





"အခု မကြိုက်တော့ဘူး"

"ဘာဖြစ်လို့လဲ"

ခင်မြတ်နိုးက မဖြေ . . . ဝိုင်းဇောကို စူးစူးစမ်းစမ်း ကြည့်ရင်းက "ကျွန်မ ကော်ဖီကြိုက်တာ ရှင် ဘယ်လိုလုပ်ပြီး သိတာလဲ" ဟု မေးမိ၏။

ဝိုင်းဇောက တစ်ချက်ရယ်သည်။ ရယ်လိုက်တော့ မျက်နှာက အရမ်းချိုသည်။ သည်လို အရယ်အပြုံးကို ကောင်မလေးတွေ ခိုက်လောက်သည်။

"ကျွန်တော် မြင်ဖူးထားလို့ပါ"

"ဟုတ်လား"

ဝိုင်းဇော နောက်ကြောင်းပြန်သည်။ ကော်ဖီနှစ်ခွက် တစ်ပြိုင်တည်းမှာပြီး တစ်ခွက်ပဲ သောက်သည့်ကိစ္စ။

"အင်း အဲ့ဒါလား . . . ပြီးသွားပြီ"

"ပြီးသွားပြီ"

ဝိုင်းဇော အံ့ဩစွာ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းတစ်ခုကို မြန်မြန်စ,ပြီး လက်လွှတ်စပယ်ပြီးချင်ပြီးလိုက်တာမျိုးလား။

"ဘယ်တော့မှ ရှေ့ဆက်လို့ မရတော့ဘူး"

ခင်မြတ်နိုးက ... မျက်နှာကလေးပျက်ပြီး ဝမ်းနည်းစွာဆို၏။ ပြီးတော့ ပင့်သက်ရှိုက်သည်။

"အဲဒီကိစ္စကြောင့် ကျွန်မ အရမ်းခံစားရတယ်။ လူကသာသွားမပျက်၊ စားမပျက် ပုံမှန်စက်ရုပ်တစ်ခုလို လှုပ်ရှားနေတာ၊ တကယ်တော့ လိပ်ပြာလွင့်မတတ် ကျွန်မ ကြေကွဲနေတယ်"

"သြော်"

ဝိုင်းဇေရင်ထဲမှာ တင်းကျပ်သွား၏။

အဲဒီလိုလား ... ။

နာကျင်ကြေကွဲစရာအဖြစ်က ပူပူနွေးနွေး ရှိနေတုန်းပဲလား၊ ဘာကိုမှန်းမသိ နှမြောသွားမိ၏။

"ကော်ဖီကိုပါ စိတ်နာသွားတာပေါ့"

"အဲဒီလိုလဲ မဟုတ်ပါဘူး"





ဝိုင်းဇေက စားပွဲပေါ် လာချပေးသော လက်ဖက်ရည်ကို ဇွန်းကလေးနှင့် မွှေပေးသည်။

"ကျွန်တော်တို့ တခြားအကြောင်းတွေ ပြောရအောင်၊ တစ်ခု ကြိုတင်ကတိပေးထားမယ်။ . . . ကျွန်တော် ဘယ်တော့မှ ခင့်ကို မျက်ရည်ကျအောင်၊ စိတ်ဆင်းရဲအောင် မလုပ်ဘူး"

ခင်မြတ်နိုးက ... မျက်နှာကလေးရဲသွား၏။ ဘယ်လိုကတိမျိုးလဲ၊ ပြုန်းစားကြီးပေးလာသော ကတိက မမြန်လွန်းဘူးလား။ သူနှင့် ခင်မြတ်နိုး ဘာမှဆိုင်သေးတာလည်း မဟုတ်ဘဲနှင့် . . .

"အဲဒါ ခင်ယုံပါ"

ခင်မြတ်နိုးက ရယ်မိသည်။

မောင်ဝိုင်းရယ် . . . ရှင် ဘယ်လိုလူလဲ။

စဉ်စဉ်းစားစားလည်း ပြောပါဦး။

အဆင့်တွေ အရမ်းကျော်နေပြီ။

ခုမှ စတင်သိကျွမ်းကြတာ . . .



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးချင်းဆုံမိတော့ ... ခင်မြတ်နိုးက ... အရင်
မျက်နှာလွှဲသည်။

သူဟာ ... ခင်မင်နှစ်လိုဖွယ်ရာ ကောင်းသော လူ
တစ်ယောက်ပါ။

"သောက်လိုက်ဦးလေ"

"အင်း"

"ခင် နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ခင်တို့အိမ်ကို လာလို့ရမလား"

"ရှင်"

ရုတ်တရက် ခင် မဖြေတတ်ပါ။ သူက ... ခင့်အဖြေ
စောင့်နေ၏။ သူ့ဘက်က ဘာတွေများ မိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်
ထားပြီးပြီလဲ။

"လာခဲ့ပါ၊ ကျွန်မတို့က သူငယ်ချင်းနှစ်ယောက် အတူ
နေတာလေ ..."





"ဟုတ်လား"

"ဟုတ်ပါတယ် ... မိဘတွေက နယ်မှာပါ"

"ဪ ..."

ဝိုင်းဇော ခွင့်ပြုချက်ရသွားတော့ ကျေနပ်သွား၏။

"ကျွန်တော့်ကို ခင်က ... ခင်ချင်ရဲ့လား"

"ခင်ပါတယ်"

"အိုကေ ... ကျွန်တော်တို့ သူငယ်ချင်းဖြစ်သွားကြပြီ၊
မြင်ကတည်းက ကျွန်တော် ခင့်ကို အရမ်းခင်ချင်နေတာ"

"ဟုတ်လား"

ဝိုင်းဇော ခေါင်းညိတ် ဝန်ခံသည်။

သူ့ပုံစံလေးက အင်မတန် ရိုးသားလွန်း၏။

ခင်မြတ်နိုးစိတ်ကို လန်းဆန်းလာစေသည်။

"ဘာမဆို ... တိုင်ပင်လို့ရတယ်၊ လိုအပ်တာရှိလဲပြော၊
အစွမ်းကုန် ကူညီမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်"

သူနှင့်အတူတူ စကားပြောနေခိုက်မှာ ... ခင်မြတ်နိုး စိတ်တွေ သိသိသာသာပေါ့ပါးကြည်လင်နေ၏။ ဇော်ကိုလည်း မေ့နေမိသည်။

မောင်ဝိုင်းဟာ တည်ကြည်သဘောကောင်းပြီး နိုးသား အေးဆေးသူပဲ ဆိုတာ ခင်မြတ်နိုး အကဲခတ်သိရှိလာ၏။

သူက သူဖတ်ဖူးသောစာအုပ်အကြောင်း ပြောပြသည်။ သူဖတ်ခဲ့ဖူးသော ... ထူးထူးဆန်းဆန်း ကိစ္စတစ်ခု ပြန်ပြောပြ သည်။ သူကြိုက်သော သီချင်းအကြောင်း ပြောပြသည်။ သူ ပြောသမျှ နားထောင်နေရတာ ခင်မြတ်နိုးပျော်သည်။ သူက စကားပြောလျှင် ချိုသည်။ ရယ်သံနှင့် ပြောတတ်သည်။ သူ ပြောပြသော အကြောင်းအရာက ... စိတ်ဝင်စားစရာ ကောင်းသည်။

အချိန်တွေကုန်၍ ကုန်မှန်းမသိအောင်ပါ။

"ခင် ပျင်းနေပြီလား"

ဉာဏ်ဝင်းစာပေ



သူက ဂရုတစိုက် မေးတတ်သည်။

"နောက်နေ့ ကျွန်တော့်ဘဝအကြောင်း ပြောပြမယ်" ဟု ဆိုပြီး "ခင့်အကြောင်းလည်း ပြောပြရမယ်၊ စဉ်းစားထား" ဟု တောင်းဆိုသည်။

"တစ်ခုတော့ ခြွင်းချက်ပေါ့ ... အသည်းကွဲခဲ့ဖူးတာ ပြန်မပြောချင်ရင် မပြောနဲ့လေ"

သူ့စကားကြောင့် ခင်မြတ်နိုးက ရယ်မိပါသည်။

မမျှော်လင့်ဘဲ နှစ်သက် လေးစားစရာကောင်းသော လူတစ်ယောက် ခင်မြတ်နိုးရှေ့ကို ဘွားခနဲ ရောက်လာသည်။ သူ့ကို မြတ်နိုး သဘောကျမိပါသည်။

"ခင့်ကို လိုက်ပို့မယ်" ဟု အိမ်နားအထိ ပြန်ပို့ပေးပြီး "ကျွန်တော်လာခဲ့မယ်" ဟု ဆိုကာ နှုတ်ဆက်ပြန်သွား၏။

သူ့ကို လှမ်းကြည့်ပြီး ခင်မြတ်နိုးပြုံးမိသည်။ ဖုန်းနံပါတ် ဘယ်ကရသလဲပင် မမေးလိုက်မိပါလား ...

✧✧✧✧✧

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

တံခါး ဘဲလ်တီးသံကြားတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိ၏။

မြဝတီကလာသော . . . ကိုရီးယားဇာတ်လမ်းတွဲကို စိတ်ဝင်တစား ကြည့်နေမိချိန် . . .။

ဥက္ကာဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်အချိန် ဘယ်သူများဖြစ်မလဲ။

ခင်မြတ်နိုးက ... ချက်ချင်းပဲ တီဗွီကို ပြန်ကြည့်နေ၏။ ကိုယ့်ဧည့်သည် မဖြစ်နိုင်။ သင်းချို အမျိုးသားပဲ အများဆုံး ဖြစ်နိုင်သည်။

သင်းချိုက တံခါးသွားဖွင့်သည်။

"ခင်တို့အိမ်လား မသိဘူး"

ခင်မြတ်နိုးက ပီပီသသ ကြားလိုက်တာမို့ ... ဆတ်ခနဲ နောက်လှည့်ကြည့်၏။

"ခင်ရေ ဧည့်သည်ဟဲ့"

သင်းချိုကပါ 'ခင် ခင်' နှင့် လိုက်စ,ပြီး ခေါ်နေသည်။

"လာပြီ"

ခင်မြတ်နိုးက တံခါးဝဆီ လျှောက်လာ၏။

"မောင်ဝိုင်း ... လာလေ"





"လာခဲ့မယ်" ဟု ပြောထားပေမယ့် ဒီနေ့ချက်ချင်းကြီး ရောက်လာလိမ့်မည်ဟု မထင်။

နေ့ခင်းတုန်းက အကြာကြီး စကားပြောခဲ့ဖြစ်ကြသည်။ ညပိုင်းတစ်ခေါက် ထပ်လာလိမ့်မည်ဟု မထင်ပါ။

"လာလေ ... ထိုင်"

"ရုပ်ရှင် ကြည့်ချင်နေတာလား ... အဲဒီဇာတ်လမ်းတွဲ ဆိုးဘူး၊ အရမ်းကြိုက်နေကြတယ်"

"ဟုတ်တယ်နော်"

ဝိုင်းဇော ခင်မြတ်နိုးတို့ အနှောင့်အယှက်ဖြစ်မှာစိုးပြီး စကားမပြော၊ သူပါ တိတ်တဆိတ် ဇာတ်လမ်းတွဲလေး ကြည့်နေလိုက်၏။ ခင်မြတ်နိုးက အားနာမိသည်။ သူက ဧည့်သည် ဟုတ်လား။

"ရတယ်၊ ကြည့်လေ ... ဘာကိစ္စမှမရှိပါဘူး၊ ရောက်ဖူးချင်လို့ လာခဲ့တာပါ၊ ခင်ကြည့်ပါ အားမနာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခင်မြတ်နိုး၏မျက်လုံးတွေကို သူ နားလည်၏။ သင်း က ကြော်ငြာဝင်တော့ ကော်ဖီနှစ်ခွက်ဖျော်လာ၏။ မောင်ဝိုင်း အားနာ . . . ငြင်းသည်။

"ကျွန်တော် . . . အခုပဲ ထမင်းစားခဲ့ပြီးပါပြီ"

"သောက်ပါ"

ခင်မြတ်နိုးက သူ့လက်ထဲအရောက် ကော်ဖီခွက် လှမ်းပေး၏။

"သင်းချို နင့်ဖို့ရော"

"ဟင့်အင်း . . . မသောက်ချင်ဘူး"

သင်းချိုက ကော်ဖီမကြိုက်ပါ။

ခင်မြတ်နိုးတို့ကို ဧည့်ခန်းမှာထားခဲ့ပြီး ဝရန်တာ သွား နေ၏။

"ခင့်သူငယ်ချင်းက သဘောကောင်းသားပဲ"

"အင်း"





ခင်မြတ်နိုးတို့က တစ်အိမ်တည်းနေကြတော့ ညီအစ်မ ရင်းတွေလို ဖြစ်နေခဲ့ကြတာ . . . ဝိုင်းဇေ မသိသေး။

"ကျွန်တော်လာတာ အံ့ဩသွားလား"

ခင်က မဖြေ၊ မောင်ဝိုင်းကို ကြည့်နေ၏။

"အံ့ဩသွားတာ . . . ခင့်မျက်နှာပေါ်မှာ ပေါ်နေတာ ပါတယ်"

"ဟုတ်လို့လား"

"ဟုတ်တာပေါ့"

ဝိုင်းဇေက ခင်မြတ်နိုးအတွက် စာအုပ်တစ်အုပ် ယူလာ ခဲ့၏။ ပဟေဠိစာအုပ်ကလေးပါ။

"ကျွန်တော်မေးမယ် . . . ခင်က ဖြေပေါ့"

"အင်း"

ကိုရီးယားဇာတ်လမ်းတွဲ ပြီးသွားတော့ ခင်မြတ်နိုးတို့ ပဟေဠိဖြေကြသည်။ မှားတာမှား၊ မှန်တာမှန်နှင့် ပျော်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။ ခင်မြတ်နိုးနှင့် သင်းချိုက ဖြေရင်း၊ ငြင်းရင်း ဆူညံနေ၏။ ဝိုင်းဇော က တဟားဟားနှင့် ပွင့်ပွင့်လင်းလင်း ရယ်သည်။

"အသီး . . . ဒါပေမဲ့ စားလို့မရဘူး"

"အသီး ဟုတ်လား၊ ပဒိုင်းသီး"

"လက်သီး လက်သီး"

နှစ်ယောက် နှစ်မျိုး ဖြေကြသည်။

"မဟုတ်ဘူး မှားတယ်"

"ဟင်"

"ဒါဆို ဘာလဲ"

"မီးသီး"

"အမယ် လက်သီးလဲ စားလို့မှ မရတာ"

"ဒါပေမဲ့ . . . ဒီမှာ ရေးထားတာ မီးသီးပဲ"

ဝိုင်းဇော နောက်တစ်မျိုး ထပ်မေးသည်။





"ပြောတော့ သူ့အိမ်တဲ့၊ ဒါပေမဲ့ သူ့ကို ပေးမဝင်ဘူး၊ အဝင်မခံဘူး"

"သူ့အိမ် သူ့ကို ပေးမဝင်ဘူး"

သင်းချိုက စဉ်းစားနေတုန်း ခင်မြတ်နိုးက . . .

"မသိဘူး" ဟု ပန်းပေးသည်။

"စဉ်းစားပါဦး"

"မစဉ်းစားတော့ဘူး"

"မသင်းချိုရော"

"စဉ်းစားလို့ မရဘူး"

ဝိုင်းဇော ရယ်သည်။

"အဖြေက ကြောင်အိမ်"

"ကြောင်အိမ်"

"ဟုတ်တယ်လေ၊ ကြောင်အိမ်ထဲကို ကြောင်လေးဝင်လို့လား၊ ခေါ်တာက ကြောင်အိမ်"

၈



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . ဟင်း . . . ဟင်း"

"ကတ်သီးကတ်သတ် မေးတတ်တယ်"

"ကဲ ကဲ . . . နောက်တစ်ခု"

"မေး မေး"

"ခါးလို့ပြောပေမယ့် လူတွေက အရမ်းကြိုက်ကြတယ်၊ ဘာမုန့်လဲ"

"အလကား လွယ်လွယ်လေး . . . မုန့်ဟင်းခါး"

ခင်မြတ်နိုးက မဆိုင်းမတွ ချက်ချင်းဖြေသည်။

"မှန်တယ်"

ဝိုင်းဖေ ခေါင်းညိတ်တော့ . . . "ဟေး" ဟု အော်ပြီး လက်ဝါးချင်း ရိုက်လိုက်ကြ၏။

"နောက်တစ်ခု"

"မေး"

"လောကရဲ့ ဆန့်ကျင်ဘက်မြို့"

ဉာဏ်ဝင်းစာပေ



"ကလောမြို့"

သင်းချိုက ချက်ချင်းဖြေလိုက်၏။

"မှန်တယ်"

"ဟေး"

ခင်မြတ်နိုးနှင့် သင်းချို လက်ဝါးချင်းရိုက်ပြန်၏။

ဝိုင်းဧတော ပျော်တတ်သည်၊ ခင်စရာ ကောင်းသည်၊ ကူညီချင်စိတ်လည်း ရှိသည်။

"လေ့ကားမီး ဘာလို့မှိတ်ထားတာလဲ"

သတိထားမိကာ မေး၏။

"မီးလုံးကျွမ်းတယ်မှတ်ပြီး ဝယ်လာ၊ လဲထားတာလဲ မလင်းဘူး"

"ကျွန်တော် ကြည့်ပေးမယ်"

ခုံတစ်လုံးဆွဲယူကာ . . . လက်နှိပ်ဓာတ်မီးတောင်းပြီး ခံပေး၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက်ဘဲ . . . လှေကားရှိ မီးသီးကလေး လင်းလာ၏။

သင်းချိုနှင့် မြတ်နိုးက မိန်းကလေးတွေမို့ ဘာမှမလုပ်တတ်ဘဲ တစ်ခါတလေ အသေးအဖွဲလေးကအစ အလုပ်သမားခေါ်ခိုင်းရသည်။

တချို့ကိစ္စတွေက ယောကျ်ားလေးလုပ်မှ အဆင်ပြေတတ်တာမျိုး၊ ကိုယ်က လုပ်တတ်တယ်ပဲထား . . . မိန်းကလေးဖြစ်နေတော့ ကြည့်ရရုပ်ဆိုးသည်။

သင်းချို အမျိုးသားကတော့ . . . အမြင်မတော်သမျှ လုပ်ပေးတတ်တာပါပဲ၊ ဇော်ကသာ ရှုံးမှားပြီး တစ်ခါတလေ မလုပ်ပေးချင်။ သူဌေးသားလို နေတတ်တာ အကျင့်ပါနေပြီ။ မတွေးပါဘူးဆိုမှ . . . ဇော့်အကြောင်းက ခေါင်းထဲရောက်လာသေး၏။

"မနက်ဖြန်ညမှ ပဟေဠိဆက်ကြတာပေါ့"

"မရပါဘူး . . . မနက်ဖြန် ကွန်ပျူတာဂိမ်းဆော့မယ်။ ပြိုင်မယ်။ ပြိုင်ရဲလား"





"ဘာဂိမ်းလဲ"

"ကြိုမပြောထားဘူး"

"ရပါတယ်"

ခင်မြတ်နိုးက ဝိုင်းဇော်ကို အနိုင်ပိုင်းချင်သလို ဆို၏။ မောင်ဝိုင်းအသံကြား အလျှော့ပေး လိုက်လျောဖို့ အဆင်သင့်။

"ကျွန်တော် ပြန်မယ်၊ တံခါးသေချာပိတ်ဦး"

"ဟုတ်ကဲ့ ကိုမောင်ဝိုင်းရေ . . . သင်းချိုတို့လေးယောက် ခရီးတိုလေးတစ်ခုလောက် သွားရအောင်"

ချက်ချင်းမဲ့ ဝိုင်းဇေနှင့်အဖွဲ့ကျ ခင်မင်လျက် တိုင်ပင်လာ၏။

"ကောင်းသားပဲ"

ဝိုင်းဇော လက်ခံသည်။

ခင်မြတ်နိုးက ဝိုင်းဇော်ကို လက်ကလေးပြနှုတ်ဆက်၏။ သံပန်းတံခါးကို သော့ခတ်ပြီး မောင်ဝိုင်း လှေကားကဆင်းသွားတာကို ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ."

"ဟင် ဘာလဲ"

"ခင် . . . ခင်နဲ့ ခင့်ကို ကြိုက်နေပြီ"

"ဟာ မဟုတ်တာ၊ ဟုတ်လို့လား"

"အမယ်လေး သူ့မျက်လုံးကြီးက အသိသာကြီးပါနော်၊ ဟွန်း . . . သိသာလွန်းလို့"

ခင်မြတ်နိုးက စူတူတူပြုး၏။

"လေးလေးနက်နက်ပဲ . . . ဟဲ့"

"အမှတ်တွေ စွတ်ပေးနေပြန်ပြီ"

"ငါ လူကဲခတ် မညံ့ပါဘူး"

သင်းချိုက သူငယ်ချင်းအတွက် ဝမ်းသာနေ၏။

"ခင်ရယ် . . . နင် ကံကောင်းပြီ"

"ဘာ ခင်လဲ၊ အစကလို မြတ်နိုးပဲခေါ်ပါ"

ခင်မြတ်နိုးက မျက်စောင်းရွယ်သည်။

ဉာဏ်ဝင်းစာပေ



ဟောတော့ . . .

အံ့ပါရဲ့။

ဇော်နှင့်ပတ်သက်ပြီး မှိုင်းပျရှုပ်ထွေးကာ မကြည်လင်သော စိတ်တွေ . . . အလိုမကျသော ဆန္ဒတွေ ဘယ်ရောက်ကုန်ပြီလဲ။

ရင်ထဲမှာ ဘာဝေဒနာမှ မရှိဘဲ သည်တစ်နေ့ခင်းလုံး သည်တစ်ညနေလုံး ကျော်ဖြတ်လာခဲ့သည်။

မောင်ဝိုင်းရယ် . . .

ရှင့်ကို ကျေးဇူးတင်မိပါတယ်။

◇◇◇◇◇

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

အိပ်ရာနိုးလာတော့ မိုးစင်စင်လင်းနေခဲ့ပြီ။

ခါတိုင်းဆို. . . ညအိပ်ရာဝင်ချိန် ဟိုတွေးဒီတွေးနှင့် အိပ်မပျော်။ မနက်ဆိုလည်း အစောကြီးနိုးလာပြီး အမိပ္ပာယ်မဲ့လွန်းသလို ခံစားရ၏။

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အခန်းထဲအထိ သင်းပျံ့လာသော မုန့်ဟင်းခါးနံ့ကလေး ကြောင့် ဗိုက်ဆာသွား၏။

သင်းချိုတော်တယ်။

ဘေးခန်းက ကောင်မလေး ဈေးသွားတုန်း မုန့်ဟင်းခါး မှာထားတတ်တာမို့ တစ်ထစ်ချ အဲဒီလိုပဲ တွက်မိပါသည်။

"သင်းချိုရေ ထမင်းကျက်ပြီလား"

အိပ်ရာနိုးစ ညအိပ်ဂါဝန်ရှည်ကလေးနှင့် အပျင်းဆန့် လျက် အခန်းပြင်ထွက်ကာ အော်မေးမိခိုက်မှာ ဧည့်ခန်းထဲ ထိုင်နေသော မောင်ဝိုင်းကို ဘွားခနဲ မြင်လိုက်ရ၏။

"နိုးပြီလား"

"ဟင်"

မနက်စောစော ရောက်နေတာကို အံ့ဩသွားမိသည်၊ ပျော်လည်းပျော်မိသည်။ သူ့ကို တွေ့တာနှင့် ... ဘာလို့များ ပျော်မိသလဲမသိဇါ။





"ခင် အလုပ်သွားတာကြည့်ချင်လို့ လိုက်ပို့ပေးမယ်လေ၊ ပြီးမှ ... ကျွန်တော် အလုပ်သွားမယ်"

ခင်မြတ်နိုးက ကြည်နူးစွာ ပြုံးမိ၏။

ဟုတ်သားပဲ၊ သူ့ပုံစံက ထမင်းချိုင့်နှင့် ရှပ်အင်္ကျီအဖြူ လေးနှင့် ဆံပင်တွေလည်း သပ်သပ်ရပ်ရပ် ဖြီးထား၏။ မနေ့ညကလို အိမ်နေရင်း ဒူးဆစ်ဖုံးဘောင်းဘီနှင့် တီရှပ်နှင့် မဟုတ်တော့ပါ။

"အိပ်ပုပ်ရေ နိုးပြီလား ... ဒီမှာ ကိုမောင်ဝိုင်းက မုန့်ဟင်းခါး ဝယ်လာတယ်"

"ဟုတ်လား"

ညတုန်းက စကားထဲမှာ မုန့်ဟင်းခါးကြိုက်တတ်တာ ပါသွားခဲ့သည်လေ။

"ကျေးဇူးပဲ"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဟင်းခါး ဝယ်လာပေးတာ"

"အတူတူစားကြမယ်"

"အင်း ခဏလေး"

ကပျာကယာ မျက်နှာသစ် ရေချိုးပြီး အဝတ်အစားလဲကာ ထွက်လာခဲ့ရသည်။ မောင်ဝိုင်းစောင့်နေရတာ အားနာလို့ပါ။ သင်းချိုက ထမင်းချိုင့်အဆင်သင့် ထည့်ပေးထား၏။

"ခင်ရေ ကိုမောင်ဝိုင်းအတွက် ဒီမှာ ဟင်းတစ်ခွက်လှူပြီး ထည့်ပေးလိုက်"

"အင်း"

"ဟာ . . . အားနာစရာကြီး"

မောင်ဝိုင်းက ရယ်ပြုံးပြုံးနှင့်ပြော၏။

တကယ်ဆို . . . ခင်က ဂရုတစိုက် ထည့်ပေးသော ဟင်းကို စားချင်မိတာပါပဲ။

"သူက အိပ်ပျော်ရဲ့လား"





"ရှင်"

မောင်ဝိုင်းက ခင်ဘေးနား တိုးကပ်လာပြီး မေး၏။

"ကျွန်တော်တော့ အိပ်လို့မပျော်ဘူး"

"ဟင်"

"တစ်ခုခုကို စိုးရိမ်နေမိတယ်၊ ဒါပေမဲ့ ဘာကို စိုးရိမ်နေတာလဲလို့ အဖြေမရှာရဲဘူး"

သူ့စကားအဓိပ္ပာယ်က ဘယ်လိုပါလိမ့်။

ခင်မြတ်နိုးက . . . ဆံပင်လေးတွေ နားရွက်နောက်ထဲ သပ်ထည့်ပြီး နှုတ်ဆိတ်နေမိ၏။

"ကျွန်တော် ခင့်ကို ချစ်တယ်လို့ပြောရင် အရမ်းစောနေမလား" တဲ့၊ ပါးပြင်လေးတွေ ပူရှိန်းရှိန်းဖြစ်သွားလျက် မျက်နှာလွှဲမိသည်။ မောင်ဝိုင်း သည်လောက်မြန်မြန်ဖွင့်ပြောလိမ့်မည် မထင်ခဲ့ပါ။

"ကျွန်တော် . . . တကယ်စိုးရိမ်နေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝိုင်းက ခင်မြတ်နိုး လက်ဖျားလေးကို ဖျတ်ခနဲ ဆွဲယူဖျစ်ညှစ်လျက် ဆို၏။

"ဖယ်ပါ . . . သင်းချိုလာပြီ"

သင်းချိုက သူတို့ကိုလှမ်းမြင်သွားပြီး ခြေလှမ်းတန့်ကာ "ငါ ဘာမှမမြင်ဘူး" ဟု ရွှတ်နောက်နောက်ဆိုလျက် ပြန်လှည့်ထွက်သွားသည်။

"ဘာမှန်းလဲ မသိဘူး"

ခင်မြတ်နိုးက မျက်စောင်းရွယ်သည်။

မောင်ဝိုင်းရယ် . . .

ခင့်မှာလဲ နူးညံ့တဲ့နှလုံးသားနှင့်ပါ။

ရှင့်မေတ္တာကို မမြင်ဘဲ နေပါ့မလား။

အံ့အားသင့်ပြီး မယုံရဲသေးတာ တစ်ခုတည်းပါ။

ခင့်ဘဝထဲကို မောင်ဝိုင်းဝင်လာပုံက သိပ်မြန်ဆန်လွန်းတော့ . . . ခင် လန့်နေမိတယ်။

ညဏ်ဝင်းစာပေ



ခင့်နှလုံးသားကို . . . အလွယ်တကူ သိမ်းပိုက်ပြီးမှ ခင် ငိုအောင်လုပ်ခဲ့ရင် . . . ခင်က နှလုံးသားဒဏ်ရာနှင့်ပါ။

အလွယ်တကူ ခင် . . . မခင်တွယ်ရဲဘူး။

✧✧✧✧✧

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မြကလေးက မင်းကို မေးတယ်"

"ဟုတ်လား"

ဇော်က ကားမောင်းနေရင်း ပြော၏။

"ငါပြောလိုက်ပြီ၊ မင်းမှာကောင်မလေးရှိတယ်လို့ သူက မယုံဘူး။ ငါ နာမည်ပါ ပြောပြလိုက်တယ်၊ ခင်လို့ . . . အဲဒါ တောင် မယုံချင့် ယုံချင်ပဲ"

ညက်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်ဝိုင်းက ရယ်သည်။

"ဘယ်လိုလဲ . . . ခင့်ကိုခေါ်ပြီး သူတို့ဆိုင်မှာ တစ်ခုခု သွားဝယ်ပေးရမလား . . . ပြော"

ဝိုင်းဇေစကားကြောင့် ဇော် ဆတ်ခနဲ ဖြစ်၏။

ခင်နှင့်မောင်ဝိုင်း . . . သိကျွမ်းခင်မင်သွားကြပြီလား။ မတွေ့ဖြစ်ကြတာ . . . တစ်ပတ် ဆယ်ရက်ပဲ ရှိသေးသည်၊ သည်မနက်တော့ အလုပ်ပိတ်ရက်မို့ ဇော်က မောင်ဝိုင်းတို့ လာခေါ်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ဖို့ စိတ်ကူးပေါက်တာနှင့် ရောက်လာခဲ့တာပါ။

"ခင်နဲ့ မင်းနဲ့"

"အေးကွ တိုးတက်နေပြီ"

"တကယ်လား"

ဇော် ယုံရခက်နေသည်။ မြတ်နိုးက . . . မောင်ဝိုင်းကို မြန်မြန်ဆန်ဆန်လက်ခံသတဲ့လား။

ဤဏာ်ဝင်းစာပေ



"ဘယ်လိုတိုးတက်တာလဲ"

တုန်လှုပ်စွာ မေးမိ၏ . . . ဇော် ထင်ထားတာထက် အဆပေါင်းများစွာ လျှင်မြန်နေပါရောလား။

"သူ အလုပ်သွားရင် လိုက်ပို့ . . . အလုပ်ပြန် ဝင်ကြို။ တစ်ခါ ညဘက် သူ့ဆီပြန်သွား၊ အဲဒါပဲပေါ့"

"မင်းတို့ချင်း"

"မကြိုက်သေးဘူး၊ ဒါပေမဲ့"

ဝိုင်းဇေမျက်နှာ ရွှင်ပြနေ၏။ မူရသောမျက်နှာဆိုတာ အဲဒါမျိုးပဲ ထင်သည်။

"ငါတို့ချင်း အပြန်အလှန်သိနေကြပြီ။ တစ်ယောက်ကို တစ်ယောက် နားလည်နေကြပါပြီ"

"ဟုတ်လား"

ဇော့်အသံက ခြောက်ကပ်ကပ်နှင့် ကြေကွဲ နာကျင်စွာ ဘာလို့များ ဇော် ခုလောက်အထိ . . . သွေးပျက်ချောက်ချား သွားမိသလဲ၊ မြတ်နိုးနှင့် ဇော် လမ်းခွဲခဲ့ပြီးသားပါ။

ဤဏာ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် . . . ဇော့်ရင်ထဲမှာ ကျင်ခနဲ နာသည်၊ ခံရခက်သည်၊ နှမြောသည်။

မြတ်နိုးကို သူ . . . မြတ်နိုးနေမိဆဲပါလား။

မြကလေးဆီ ဘယ်လိုပဲအာရုံနှစ်ထားနှစ်ထား အပြစ်မဲ့သော မြတ်နိုးသဏ္ဍာန်လေးကို သူ မမေ့လို့မရ။ မောင်ဝိုင်းကို ဒေါသဖြစ်စွာ လှည့်ကြည့်မိ၏။ မောင်ဝိုင်း အရမ်းသွက်လွန်းနေပါရောလား။

"ခင်က အရမ်းချစ်စရာကောင်းတယ်၊ ငါ ခင့်ကို မြန်မြန်လက်ထပ်ချင်ပြီကွ" ဟု မောင်ဝိုင်းက လေးနက်နေသည်။ ကြည့်မရပါဘူးဆိုမှ ပို သည်းပြနေသည်။

"သူက မင်းကို အဖြေပေးသေးလို့လား"

"ငါမှ အဖြေမတောင်းသေးတာ၊ သူ့ကို အတည်တကျ လက်ထပ်ယူမယ်၊ သူက ချစ်သူကွဲဖူးတော့ . . . ကြောက်နေရှာတယ်ကွ . . . သနားပါတယ်"

"ဟုတ်လား"





ခင်က မောင်ဝိုင်းကို ဘာတွေပြောပြလိုက်ပြီလဲ။

"ငါ ကတိပေးထားတယ်၊ သူ့ကို စိတ်ဆင်းရဲအောင် မလုပ်ဘူးလို့၊ ငါ မလုပ်ရက်ပါဘူးကွာ"

ဇော်က သက်ပြင်းခိုးချသည်။

"ဇော် . . . ငါ မင်းနဲ့ ခင်နဲ့ကို မိတ်ဆက်ပေးမယ်"

"ဟာ . . . နေပါစေ"

"မရဘူး။ မင်းက ငါ့သူငယ်ချင်းပဲ"

ဝိုင်းစကားက သူ့ကို ရင်ခုန်မြန်စေသည်။

ဘယ်လိုများ မြတ်နိုးကို မျက်နှာချင်းဆိုင်ရမလဲ။

မောင်ဝိုင်းနှင့် မြတ်နိုး အမှန်တကယ်ငြိတွယ်နေပြီလား ဆိုတာ သူ အရမ်းသိချင်လာ၏။

လက်ဖက်ရည်ဆိုင်ခဏထိုင်ပြီး မောင်ဝိုင်းကို ပြန်ပို့ကာ မြတ်နိုးဆီ ဖုန်းဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ဘာကြောင့်မှ သည်ဖုန်းကို မဆက်တော့ဘူးဟု သူ ဆုံးဖြတ်ထားခဲ့သည်။

သူ့မာန သူ့သိက္ခာကို စော်ကားခဲ့သော မိန်းမ။

ချစ်ပေမယ့် စိတ်နာသည်၊ မေ့နိုင်ဖို့လည်း ကြိုးစားခဲ့သည်။ သို့ပေမယ့် မောင်ဝိုင်းနှင့် ရင်းနှီး ကျွမ်းဝင်နေတာ သိရတော့ နှမြောသည်၊ ကြေကွဲသည်၊ ဝမ်းနည်းမိသည်။

သေချာအောင် သူ ဖုန်းဆက်မေးမိ၏။

✧✧✧✧✧



## အခန်း (၂၁)

ခင်မြတ်နိုးက မောင်ဝိုင်းဘေးမှာထိုင်ရင်း ဂိမ်းကစားတာကို ထိုင်ကြည့်နေတုန်းမှာ ဖုန်းက ဝင်လာ၏။

သင်းချိုက လက်ဖက်သုပ်ရင်းတန်းလန်းက ဖုန်း သွားထူးပါသည်။ သူ့အမျိုးသားဖုန်းဖဲ ဖြစ်ဖို့များသည် မဟုတ်လား၊ သင်းချိုက ဘေးနား လာရပ်ပြီး “ခင့် ဖုန်း” ဟု ဆိုသောအခါ 'ဟင်' နှင့် နားမလည်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

မလွင့်တလွင့် မေးမိ၏။

"ဇော်"

သင်းချိုက အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ပြောပြသည်။ ဇဝေဇဝါနှင့် ခင်က ငြိမ်သွား၏။ ပြီးမှ လက်ခါပြသည်။ ဖုန်း မပြောချင်ပါ။

သင်းချိုက "ပြောလိုက်ပါ၊ ထပ်ဆက်နေရင် မကောင်းဘူး လေ" ဟု တိုက်တွန်းလာ၏။

ဇော်က ခေါ်ပြီဆို မရမက ဇွဲကြီးကြီးနှင့် . . .

သူ့ဘက်ကခေါ်ပြီး မရတာမျိုး မဖြစ်စေရ။

ဒါကို သင်းချိုလည်း သိပြီးသား။

ခင်မြတ်နိုးက ပင့်သက်တစ်ရှိုက်နှင့် လျှောက်လာခဲ့ပြီး ဇော် ဖုန်းဆက်တာကို မယုံနိုင်အောင် ဖြစ်နေမိသည်။





လုံးဝမထင်တော့ပါ။ ပြီးဆုံးခဲ့တာကြာလှပါပြီ။ တစ်ရေး နိုးလာတာပဲထား . . . အိပ်ပျော်စဉ်က အိပ်မက် ပြန်မမက်နိုင် တော့ပါ။

"ဟဲလို"

မောင်ဝိုင်းက ကွန်ပျူတာဂိမ်းကို စိတ်ဝင်စားနေတာမို့ ခင်မြတ်နိုးကို ဂရုမစိုက်နိုင်အား။

"မြတ်နိုးလား"

"ဟုတ်ပါတယ်"

ဇော့်ကို သွေးအေးစွာ ရင်ဆိုင်နိုင်ပါပြီ။

မောင်ဝိုင်းရယ် . . .

အဲဒီရင့်ကျက်တည်ငြိမ်မှုကို ရှင်ပေးတာလား ဟင်၊ ရှင့် ကြောင့် ရရှိလာတဲ့ အင်အားသတ္တိတွေလား . . .

"မေးစရာရှိလို့"

"အင်း မေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဝိုင်းနဲ့ ကြိုက်နေပြီလား"

တဲ့တိုးမေးလာ၏။ သူ ဘယ်လိုသိတာလဲ၊ သူ့ကို ဘယ်သူ ပြောတာလဲ။

"ဘယ်လိုသိတာလဲ"

"မောင်ဝိုင်းပြောတာပဲ"

"ဘယ်လို"

"မောင်ဝိုင်းက သူငယ်ချင်းပဲ . . . သူ့ကိုဖုန်းနံပါတ်ပေး လိုက်တာ . . . သူ အရမ်းလိုချင်နေတယ်ဆိုတာနဲ့ . . . ဒါပေမဲ့ ဒီလောက်မြန်မြန်တိုးတက်လိမ့်မယ် မထင်ဘူး"

ခင်မြတ်နိုး ရုတ်တရက် အသက်ရှူကျပ်သလိုခံစားမိ၏။ စိတ်ခံစားမှုပေါင်းစုံက ရင်ကို လှိုင်းထမ်းပိုးတွေလို ရိုက်ခတ်သည်။ တစ်ချက်ပြီး တစ်ချက် . . .

လှပနူးညံ့သော အိပ်မက်ကလေးကနေ လန့်နိုးရတော့ မှာလား . . . ဒါ တကယ်ပဲလား။





မောင်ဝိုင်းက ဇော့်သူငယ်ချင်းတဲ့လား။

မြတ်နိုးကို အရှက်ရအောင် တမင်လုပ်တာလား၊ ဖုန်းကို ဖျတ်ခနဲ ချပစ်လိုက်၏။ ချက်ချင်းပဲ ဖုန်းက ပြန်မြည်လာသည်မို့ ဖုန်းပြောခွင့်ကို ဘေးဘက် ချထားလိုက်၏။

မောင်ဝိုင်းက တစ်ချက်လှည့်ကြည့်သည်။ ခင်မြတ်နိုးက သူ့ကို စူးစူးရဲရဲ ကြည့်နေမိ၏။

"ဘယ်သူလဲ . . . ဘာဖြစ်လို့လဲ"

ဖုန်းခွက်ကို ပြန်တင်ပြီး ပလပ်ကြိုးကို ဖြုတ်လိုက်တော့ မောင်ဝိုင်းက အနားကို လျှောက်လာ၏။

"ရှင်နဲ့ ဇော် သူငယ်ချင်းဆို"

"ဟုတ်တယ်လေ"

မောင်ဝိုင်းက . . . အေးအေးဆေးဆေး သက်သောင့် သက်သာ ဘာမှ ထူးခြားပြောင်းလဲမသွား။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်က ဖုန်းနံပါတ်ပေးတာ . . . ကျေးဇူးရှင်၊ ခင်နဲ့ မိတ်ဆက်ပေးပြီး ထမင်းဖိတ်ကျွေးမလို့"

ခင်မြတ်နိုးရင်ထဲမှာ ဆောင့်တက်လာ၏။

မောင်ဝိုင်းရယ် . . .

ဖြစ်မှဖြစ်ရလေ . . .

ရှင်က တကယ်ပဲ ရိုးရိုးသားသားပါလား။

မြတ်နိုးကို ဇော့်ရည်းစားဟောင်းမှန်း လုံးဝမသိရှာပါ။ ဒေါ်ကြီးမောကြီး ပြောချ ရန်တွေ့ဖို့ ပြင်ထားသမျှ ခင်မြတ်နိုး ငြိမ်သွားရသည်။

သည်ကိစ္စမှာ လူလည်က ဇော်။

မောင်ဝိုင်းမှာ အပြစ်မရှိ။

သူက ပကတိအရိုးခံနှင့် ခင်မြတ်နိုးကို ချစ်ခဲ့တာ။

မြတ်နိုး သူ့ကို ဘာပြောရမလဲ။

အဖြစ်မှန်ကို သူလည်း မသိသေးပါလား။





ဇော်နှင့် ချစ်သူဖြစ်ခဲ့ဖူးတာသိလျှင် မြတ်နိုးကို မုန်းသွားမှာလား၊ နာကြည်းသွားမှာလား။

"ဘာဖြစ်လို့လဲ၊ ဇော် ဖုန်းဆက်တာ . . . ဘာတဲ့လဲ"

ခင်မြတ်နိုးက ရင်နာစွာနှင့် ဘာမှ မပြောရက်တော့ပေ။

ဇော်နှင့် ပူးပေါင်းတြံစည်တာလားလို့ . . . မြတ်နိုးက ထင်လိုက်မိတာ . . . မောင်ဝိုင်းက ဘုမသိ၊ ဘမသိ။

"ဘာဖြစ်လို့လဲ"

မောင်ဝိုင်းက ခင်မြတ်နိုးရှေ့မှာ လာရပ်ပြီးမေးသည်။

"ခင်"

ခင်မြတ်နိုး သူ့ကို မော့ကြည့်မိ၏။

သူက အထင်လွဲသွားမှာ၊ သူ ထားရစ်ခဲ့မှာ၊ သူ မုန်းမေ့သွားမှာ . . . ခင်မြတ်နိုး အရမ်းကြောက်နေမိပါလား။

မောင်ဝိုင်းကို မခွဲနိုင်။



www.burmeseclassic.com

www.burmeseclassic.com



အသည်းခိုက်အောင် နာကျင်သော ဝေဒနာဆိုးကို မောင်ဝိုင်းက ကုစားပေးခဲ့သည်။

သူ့အကြင်နာက အေးမြပြီး ပြည့်စုံသည်။

ထိုအကြင်နာ ထိုသံယောဇဉ်ကိုလက်လွှတ်ဆုံးရှုံးမခံနိုင်။ ဘာကြောင့်မှ မစွန့်လွှတ်နိုင်။

"ဘာဖြစ်လို့လဲ . . . ကျွန်တော်လန့်အောင် မလုပ်ပါနဲ့ ခင် စိတ်ဆိုးတာလား၊ ကျွန်တော် ဘာလုပ်မိလို့လဲ"

မောင်ဝိုင်းက ခင့်လက်မောင်းကိုဆုပ်ကိုင်ပြီး စိုးရိမ်တကြီး မေးသည်။ ခင်မြတ်နိုးက . . . သူ့ကို စိုက်တန့်ကြည့်နေမိ၏။ မောင်ဝိုင်းက ခင့်ကို ဖွဖွကလေး ဖက်ထား၏။

"ဘာဖြစ်လို့လဲ ပြောပါ ... ခင်မကြိုက်တာ ကျွန်တော် ဘာလုပ်မိသလဲ၊ ကျွန်တော့်ကြောင့် . . . ခင် ဘယ်တော့မှ စိတ်မညစ်စေရဘူး"





ခင်မြတ်နိုး သူ့ရင်ဘတ်မှာ ပါးအပ်ကာ နှုတ်ဆိတ်နေမိပါသည်။ ဘယ်လိုအကြောင်းကြောင့်မှ မဝေးချင်ဘူး မောင်ဝိုင်းရယ်၊ ရှင့်အကြင်နာတွေကို ခင် အမှန်တကယ်လိုအပ်ပါတယ်၊ ရှင်မရှိရင် မဖြစ်ဖူး။

ခင့်ဘဝထဲက တစ်နေ့နေ့ ထွက်သွားမှာလား။

ခွဲခွာခြင်းနဲ့ နိဂုံးချုပ်ရမှာ ခင် အရမ်းကြောက်တယ်၊ ခင့်ကို မထားရစ်ခဲ့ပါနဲ့ နော်။

"ခင့်ကို ကျွန်တော် လက်ထပ်ပါရစေ"

သူက အခွင့်သာတုန်း တောင်းဆိုလာ၏။

"အင်း"

ခင် လက်ခံပါတယ်။

စိုးရိမ်ကြီးစွာနှင့် ခင်မြတ်နိုး ချက်ချင်းခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော့်တို့ အမြန်ဆုံးလက်ထပ်ကြရအောင်"

မောင်ဝိုင်းအသံက ရွှင်မြူးတက်ကြွစွာနှင့် . . .

ဇော် ဝင်လာပြီး ခင်တို့နှစ်ယောက်ကို နှောင့်ယှက်မှာ ခင် အစိုးရိမ်ကြီးနေမိပါပြီ။

သူ့ကို ခင်မြတ်နိုး မနှစ်သက်တော့ပါ။

မောင်ဝိုင်းကိုပဲ ခင်ယုံသည်။ မောင်ဝိုင်းက . . . ခင့်ကို ဂရုစိုက်သည်။ ကြင်နာသည်။ စိတ်ဆင်းရဲအောင် မလုပ်။

ဇော်နှင့်တုန်းက မကြာခဏ ငိုရသည်။ မောင်ဝိုင်းက ခင့်မျက်နှာ အညှိုးမခံ။

အရိပ်ကြည့်ချစ်ကာ ဂရုစိုက် ကြင်နာသည်။

ကိုယ့်အပေါ် အရှမ်းကောင်းလွန်းတော့ ခင် ဝမ်းသာပြီး မျက်ရည်လည်မိသည်။





"ခင်ရယ် . . . ကျွန်တော် ဝမ်းသာလိုက်တာ"

မောင်ဝိုင်းက . . . ခင်မြတ်နိုးကိုဖက်ကာ ထပ်တလဲလဲ ဆိုသည်။ အစကတော့ . . . သည်လောက်မြန်မြန် ချက်ချင်း လက်ငင်းကြီး လက်ခံခေါင်းညိတ်ဖို့ လက်မခံတာ အမှန်။

အခုတော့ . . . ခင် အိုင်တင်မခံနိုင်။

ဇော့်ကို ကြောက်နေမိသည်။

မကျေမနပ်နှင့် ဝင်နှောင့်ယှက်လျှင် ခင်ပဲ ရင်နာရဦးမှာ။

✧✧✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

တံခါးဘဲလ်တီးသံကြောင့် ခင်က မောင်ဝိုင်းရင်ခွင်ထဲက အသာရုန်းထွက်သည်။ သင်းချိုက ဧည့်ခန်းထဲ ထွက်လာပြီး တံခါးသွားဖွင့်လျက် မျက်နှာပျက်သွားသည်။

"ရှိလား"

ဇော့်အသံပဲ ဟု ခင်မြတ်နိုး မျက်လုံးပြူးသွား၏။

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သင်းချိုက မျက်နှာအရှမ်းပျက်သွားတော့ မောင်ဝိုင်းက အံ့သြမိသည်။ ခင့်ကိုကြည့်တော့ မျက်နှာလေးဖြူဖပ်ဖြူရော်နှင့် ဘယ်သူလာတာလဲ . . . ဘာလို့ ဒီလောက်စိုးရိမ် ထိတ်လန့်ရတာလဲ။

"သူ ကျွန်တော့်ကို စိတ်ဆိုးပြီး ဖုန်းမပြောဘူး"

ဇော်က တံခါးဝမှာ ရပ်ပြီး သင်းချိုကို လှမ်းပြော၏။ ပြီးတော့မှ အိမ်ထဲဝင်လာသည်။

ခင်မြတ်နိုး မျက်လွှာချမိသည်။

ထင်ထားတာထက်ပို၍စောပြီး ပြဿနာက စ,လာခဲ့သည်။ ဇော်က ချက်ချင်းလိုက်လာသည်။

"ဪ . . . မောင်ဝိုင်း ရောက်နေတာကိုး"

ဇော်က . . . ဟန်မပျက်နှုတ်ဆက်ပေမယ့် မောင်ဝိုင်းက မျက်မှောင်ကြုတ်ကာ နှုတ်မဆက်နိုင်။

သင်းချိုက သူနှင့်မဆိုင်တာမို့ . . . အခန်းထဲလှည့်ဝင်သွား၏။ သူတို့သုံးယောက်ကိစ္စမို့ ဝင်မပါချင်။





"မြတ်နိုး . . . ဇော့်ကို မထိုင်ခိုင်းတော့ဘူးလား"

ဇော်က မြတ်နိုးဘေးနား ရပ်ပြီး ပြော၏။

"မောင်ဝိုင်း . . . ဒါ မြတ်နိုးလေ"

ဝိုင်းဇေက ဇော့်စကားကြောင့် မျက်နှာအကြီးအကျယ် ပျက်သွား၏။ ခင်မြတ်နိုးက . . . ဇော့်ကို စူးခနဲကြည့်သည်။ ဝိုင်းဇေနှင့် ခင်မြတ်နိုး မျက်လုံးချင်းဆုံမိ၏။

တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ဘာပြောရမှန်း မသိတော့ပါ။

တစ်ဒင်္ဂတော့ မင်တက်နေမိကာ စကားပင် မပြောနိုင်တော့ပါ။

ဇော့်သဘောထားက အရှမ်းသေးသိမ်သည်။ ဓာကယ်ဆို ခင်မြတ်နိုးနှင့် သူ ဘာမှဆိုင်တော့တာမဟုတ်၊ ခင်မြတ်နိုးနှင့် ပြတ်သွားခဲ့တာကြာပါပြီ . . . အတိအလင်း လမ်းခွဲခဲ့ပြီးမှ ဆိုင်သလိုလို လာပြန်ပြောနေတာကို အရှမ်းဒေါသ ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



— "မောင်ဝိုင်း"

ခင်မြတ်နိုးက အသံတုန်ကလေးနှင့် ခေါ်သည်။

"သူနဲ့ ခင်နဲ့ . . . ဘာမှ မဆိုင်တော့ဘူး"

ဖြေရှင်းချက်ပေးမိသည်။

ဇော်က သွေးအေးစွာ အပြုံး မပျက် . . . မောင်ဝိုင်းနှင့် ခင်သာ မျက်နှာပျက်နေကြတာ။

"ခင် . . . ဇော်နဲ့ ကျွန်တော်နဲ့ သူငယ်ချင်းတွေဆိုတာ သိလား၊ သိပြီးသားလား" ဟု မေးလာ၏။

"ခုနလေးတင်ပဲ သိတာ . . . မောင်ဝိုင်းကို ပြောပြမလို့"

ဝိုင်းဇေက ခင်မြတ်နိုးကိုကြည့်ပြီး အလုံးစုံ နားလည်သွား၏။ စိုးရိမ်ပူကြီးရှိနေခဲ့တာ ဇော့်ကြောင့်ပါလား၊ ဇော် ရောက်လာတော့မလား၊ သူ သိသွားတော့မလား ထိတ်လန့်နေခဲ့ရှာသည်။





"ခင် ကျွန်တော်တို့ချင်း ပြောကြတာ ကောင်းပါတယ်၊ ခင့်သဘောထားကို ကျွန်တော်နားလည်ပြီပဲ" ဟုဆိုကာ ဇော့်ကို ခေါ်သည်။

"လာကွာ လက်ဖက်ရည်ဆိုင် သွားထိုင်ရအောင်"

ဇော်က ဆတ်ခနဲ ခေါင်းညိတ်သည်။

"မြတ်နိုး . . . ဇော် ပြောစရာရှိသေးတယ်၊ နားထောင်ပေးပါ"

"ဟင့်အင်း . . . ရှင်နဲ့ကျွန်မကြားမှာ ပြောစရာ ဘာမှ မရှိဘူး။ အားလုံးပြီးဆုံးခဲ့ပြီ"

"ဇော် မပြီးနိုင်ဘူး"

ဇော်က ဇွတ်တရွတ်။

"မြတ်နိုး ကျေနပ်အောင် ဇော် ကြိုးစားပေးမယ်"

ခင်မြတ်နိုး ခေါင်းယမ်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝိုင်းနှင့် အခုလိုမြင်တွေ့လိုက်ရတော့ . . . ဇော် သွေးရူးသွေးတန်းဖြစ်ကာ တစ်က ပြန်စချင်သည်။

ခင်မြတ်နိုးဘက်က လုံးဝမဖြစ်နိုင်တော့ပါ။

"တစ်ကြိမ်တစ်ခါ အခွင့်ရေးပေးသင့်ပါတယ်ကွာ"

ဝိုင်းဇော နားထောင်မနေတော့ဘဲ အရင်ဆင်းသွားနှင့် ပဟာ့သည်။ ခင်မြတ်နိုးက ဇော်ကိုကြည့်ပြီးအပြတ်ပြောသည်။ အားနာနေလို့မရတော့ပါ။

"ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး၊ ပြောစရာလဲ မရှိဘူး၊ ရှင့်ဆီက . . . ဘာမှ မလိုချင်ဘူး။ ကျွန်မ မောင်ဝိုင်းကိုပဲ ရွေးတော့မယ်"

"မြတ်နိုး . . . ဇော်တို့က ချစ်သူတွေပါ။ ဒီလောက်ကြီး မပြောပါနဲ့၊ ဇော့်မာနကို ထပ်တစ်ကြိမ် စော်ကားဦးမလို့လား"

သည်တစ်ခါတော့ . . . ဇော်ကြောင့် မျက်ရည်ကျမိမှာ မဟုတ်တော့ပါ၊ အချစ်စစ်တစ်ခုကို ပိုင်ဆိုင်ထားခဲ့ပြီ။





ကိုယ့်ကိုယ်ကို တော်ရုံလည်း အထင်ကြီးစမ်းပါ။

ရှင်နှင့်ပတ်သက်ရင် ဘာခံစားချက်မှ မရှိတော့ဘူး။

"ဪ . . . ဟုတ်လား"

ဇော်က ခံရခက်လှစွာ ပြုံးသည်။

"မင်းတို့ဇာတ်လမ်းရော . . . လှလှဆက်လို့ရမယ်များ ထင်သလား၊ မင်း စောင့်ကြည့်လေ"

ဇာတ်ရုပ်ပေါ်လာသော သူ့စကားကို ခါးသီးလှ၏။

"မောင်ဝိုင်း အထင်လွဲအောင် ရှင်လုပ်ရဲ့ရင် လုပ်ကြည့်လိုက်ပါ။ ရှင့်ကို ကျွန်မ ခွင့်မလွှတ်ဘူး"

"မင်း ခွင့်လွှတ်တာ၊ မလွှတ်တာ ငါ ဂရုမစိုက်ဘူး"

ခင်မြတ်နိုးက သူ့ကို နာကြည်းစွာကြည့်သည်။

"ရှင် အရမ်းအောက်တန်းကျတယ်"

"ဒါပေါ့ ငါ့ကို စော်ကားတာကို ငါက ငုံ့ခံနေရမှာလား။ မောင်ဝိုင်းက ငါ့သူငယ်ချင်း၊ မင်း စောင့်နေပါ၊ မောင်ဝိုင်း ရှေ့ဆက်ရဲမလားဆိုတာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သူ့ကို ပြဿနာရှာစရာ ဘာမှ မလိုဘူး"

"ဟား ဟား ဒီလောက်လဲ သွေးမပျက်ပါနဲ့"

ခင်မြတ်နိုးကို ဇော်က လှောင်ပြောင်သရော်သည်။

ဇော့်ကို သိပ်မယုံ . . . မောင်ဝိုင်းကို သွားပြဿနာ ရှာနေလျှင် အခက်။

သူ ဒေါသနှင့် ဆင်းသွားတာကို ခင်မြတ်နိုး မတားမိပါ။ တားလို့လည်း မရ၊ တားပိုင်ခွင့်လည်း မရှိ၊ ခင်မြတ်နိုးက မောင်ဝိုင်းချစ်သူ။ မောင်ဝိုင်းအပေါ်မှာ သစ္စာရှိရမည်။ ဇော့်ကို လက်ခံစကားပြောလို့ မဖြစ်တော့ပါ။

မောင်ဝိုင်းက ရိုးသားတည်ကြည်ပြီး ခင့်အပေါ် သစ္စာ ရှိသည်။ ဇော်က ပိပိရိရိ အသုံးချခဲ့တာ . . .။

မောင်ဝိုင်း ဇော့်ကို ဘယ်လောက်စိတ်တိုနေမလဲ မသိပါ။ သူတို့ချင်း စကားများကြမှာလား။

ရန်ဖြစ်ကြရင်ရော . . .။





ဘုရား . . . ဘုရား။

မောင်ဝိုင်းအတွက် ခင် ရတက်မအေး။ စိတ်အရမ်း ပူမိပါသည်။ ဇော်က တစ်ခါတလေ အရမ်းမုန်းစရာကောင်းသည်။ ရိုင်းလည်းရိုင်းသည်။

"သင်းချို"

"ဟင်"

"သူတို့ ရန်ဖြစ်ကြမှာလားဟင်"

စိုးရိမ်တကြီး မေးမိသည်။

"မောင်ဝိုင်းလဲ ဒေါသဖြစ်သွားမှာ အမှန်ပဲ"

"ဒုက္ခပါပဲ . . . ခင် စိုးရိမ်တယ်"

"သိပ်စိတ်မပူပါနဲ့၊ မောင်ဝိုင်းက လူကြီးစိတ် ရှိပါတယ်၊ သည်းခံစိတ်လဲ ရှိပါတယ်"

"ဇော် လုပ်ပုံက အရမ်းစိတ်ပျက်စရာကောင်းတယ်၊ ခင့် ဖုန်းနံပါတ်ကို . . . သူက ပေးတာ တဲ့၊ မောင်ဝိုင်း ခင့်ကို စိတ်ဝင်စားနေမှန်းသိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဖော် အရမ်းဆိုးတယ်၊ သူ ဒီလိုလုပ်စရာလား"

သင်းချိုက ရှုတ်ချသည်။ အစတုန်းက ဖော့်စိတ်ဓာတ်သည်လောက်ညံ့ဖျင်းမည် မထင်ခဲ့ပါ။

"ချစ်သူအပေါ် ရော သူငယ်ချင်းအပေါ် ပါ တစ်ပြိုင်တည်းစော်ကားတဲ့လုပ်ရပ်"

ခင်မြတ်နိုးက ပင့်သက်ရှိုက်သည်။

အခုအချိန်မှာ ဖော့်စိတ်ဓာတ် ဘယ်လိုဆိုတာ ဆန်းစ မနေချင်တော့ပါ။ ခင့်အတွက် ဖော်က အရေးမကြီး၊ အရေးကြီးတာ . . . မောင်ဝိုင်း။

အရမ်းစိတ်ဆိုးပြီး ဖော့်ကို သည်းမခံနိုင်ပဲ ဆွဲထိုးမိမှ အခက်၊ မောင်ဝိုင်းက မဟုတ်မခံ။

"သင်းချို ငါတို့ လိုက်သွားရအောင်"

"အင်း"

နှစ်ယောက်သား အိမ်တံခါးပိတ်ပြီး ဆင်းလာခဲ့၏။





ကားဘေးနားမှာ မောင်ဝိုင်းက ဖော့်အကျႌစကို ဆုပ်ကိုင်ကာ လက်သီးပင် ရွယ်ထားပြီးပြီ။

စိုးထင်နေခဲ့သလိုပါပဲလား။

"မောင်ဝိုင်း"

ခင်မြတ်နိုးက ပြေးဆွဲထားသည်။

"မလုပ်ပါနဲ့၊ ရန်မဖြစ်ပါနဲ့"

"ဘာလို့ဆွဲလာရတာလဲ၊ ဒီကောင် အရမ်းစော်ကားတယ်။ ခင့်ကိုမိုက်မိုက်ရိုင်းရိုင်းပြောတယ်၊ ကျွန်တော် သည်းမခံနိုင်တော့ဘူး ခင်"

"သည်းမခံတော့ မင်းက ဘာလုပ်ချင်လဲ ပြော၊ ထိုးရဲထိုးကြည့်စမ်းပါ။ ငါ့မှာလဲ လက်ပါတယ်၊ သူငယ်ချင်းရည်းစားကိုလုရဲတဲ့ကောင်"

"မင်း"



www.burmeseclassic.com

www.burmeseclassic.com



"တောပါတော့ . . . လွှတ်လိုက်ပါ မောင်ဝိုင်းရယ်၊ ခင် တောင်းပန်ပါတယ်"

ပြန်ဖြေလို့မရသောအခါ ငိုသံစွက်လာ၏။

ခင့်အသံကြောင့် . . . မောင်ဝိုင်းက ဇော့်အကျီစကို လွှတ်လိုက်၏။ ဇော်က မောင်ဝိုင်းကို တစ်ချက်ထိုးသည်။ ရှောင် လိုက်ပေမယ့် မလွတ်။

"ဇော် ရှင်ပြန်တော့၊ သိပ်မိုက်ရိုင်းတယ်၊ ဒီထက်လွန်လာ ရင် သည်းမခံတော့ဘူး"

ခင်မြတ်နိုး အော်မိသည်။

"အဲဒါ သစ္စာမရှိတဲ့ သူငယ်ချင်းအတွက်"

"မင်းကပဲ ပြောရသေးတယ် . . . ငါ့သိက္ခာကို ရိုက်ချိုး ဖော်ကားတာ မင်းကွ"

"မင်းသိက္ခာအတွက် မင်းကို ငါ နောက်ဆုတ်ခိုင်းနေ တယ်လေ၊ မင်း ဘာလို့ ခေါင်းမာသလဲ"

ဉာဏ်ဝင်းစာပေ



ခင်မြတ်နိုးက မောင်ဝိုင်းကို အတင်းဆွဲခေါ်သည်။

"လာပါ တော်ပါတော့၊ သူများတွေမြင်ရင် ရှက်စရာကြီး၊ ခင် ရှက်တယ် ရန်မဖြစ်ပါနဲ့"

သင်းချိုက ဇော့်ကို ဝင်တောင်းပန်၏။

"ကိုဇော် ရှင်ပြန်လိုက်ပါတော့ . . . ကျွန်မတို့ကို ငဲ့ပါဦး၊ ဒီပတ်ဝန်းကျင်မှာ ရန်မဖြစ်ကြပါနဲ့"

"ခင်ဗျား သူငယ်ချင်း သစ္စာမရှိဘူး"

သင်းချိုက ဇော့်ကို စိတ်ပျက်စွာ ကြည့်သည်။

"အဲဒါတွေက . . . ရှုပ်ထွေးနက်ရှိုင်းသလောက် ညင်ညင်သာသာ ကိုင်တွယ်ဖြေရှင်းရမယ်၊ နူးညံ့လွန်းတဲ့ကိစ္စ တွေပါ။ ဒါမျိုး လုပ်လို့မရဘူး"

ဇော်က ကားပေါ်မတက်သေးဘဲ ဂြိုဟ်ကြည့်ကြည့်တာ အခဲမကြေ၊ ဒေါသတွေ တရှူးရှူးနှင့် . . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသူငယ်ချင်းကို ကျွန်တော် ရအောင်ယူပြမယ်၊ လုံးဝ သူတို့ မညားစေရဘူး"

အကြီးအကျယ် ကြိမ်းဝါးနေ၏။

"နောက်မှ အေးအေးဆေးဆေး ပြောပါတော့"

သင်းချိုက ဇော်ကို ပြန်ခိုင်းသည်။

"တွေ့မယ်၊ သူတို့နှစ်ယောက်"

ကားတံခါးကို ဝုန်းခနဲ ပိတ်လျက် ဝူးခနဲ မောင်းထွက်သွားတော့ သင်းချိုက ခေါင်းလေးတစ်ခါခါနှင့် လျှောက်လာပြီး "မလွယ်ပါဘူး" ဟု ညည်း၏။

"ခင်ရယ် ဇော်က မလွယ်ဘူး၊ တစ်ဇွတ်ထိုးပဲ"

မောင်ဝိုင်းက ခင်မြတ်နိုးကိုကြည့်ပြီး . . .

"ဘာလို့ဆင်းလိုက်လာရတာလဲ" ဟု မေး၏။

"စိတ်ပူလို့"

ညဏ်ဝင်းစာပေ



ဝိုင်းဇော ချစ်သူအသစ်စက်စက်ကလေးကို အပြစ်တင်စကားလည်း မဆိုရက်ဘဲ သက်ပြင်းဖောတစ်ရှိုက်နှင့် ငေးကြည့်နေမိတော့သည်။

ခင်မြတ်နိုးကို ဇော့် အရင်ရည်းစားမှန်းသိရသောအခါ တုန်လှုပ်ခြင်းကြီးစွာနှင့် ရင်ထဲ မွန်းကျပ်နာကျင်သွားရသည်။ ဘယ်လို ဝေဒနာကြီးမှန်းမသိ။

အလောတကြီး ... အဖြေပေးလာသော ခင့် ခံစားမှုကို နားလည်လိုက်၏။

ဇော့်ချစ်သူ ဖြစ်ခဲ့ဖူးတာနှင့် ခင့်ကို လမ်းခွဲလိုက်ရမှာ တဲ့လား၊ ကျော်ခိုင်းနောက်ဆုတ်ရလောက်အောင် ကြီးမားတဲ့ အပြစ်မှမဟုတ်ဘဲ ခင်ရယ်။

မောင်ဝိုင်းအချစ်ကို ခင် အထင်မသေးပါနဲ့ကွာ။

"ဇော်က ကျွန်တော့်ကို နောက်ဆုတ်ပေးပါတဲ့၊ သူ ခင့်ကို မစွန့်လွှတ်နိုင်ဘူးတဲ့"

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

မျက်လုံးအပြူးသားနှင့် ခင် လန့်သွားမိသည်။

မောင်ဝိုင်းက ဇော့်စကားကို လက်ခံနားထောင်မှာလား၊ ခင့်ကို စိတ်ပျက်သွားပြီလား။

"ခင့် သဘောကရော"

"ဘာကို မေးတာလဲ"

"ဇော့်ကို ခင် ပြန်လက်ခံချင်လား၊ ချစ်နေတုန်းပဲလား၊ အဲဒါ သိချင်တယ်"

"မေးစရာမလိုတဲ့ မေးခွန်းပါ"

"ခင် တကယ် ပြတ်သားရမယ်နော်"

"အချိန်က အဖြေပေးပါလိမ့်မယ်"

ခင်က . . . မောင်ဝိုင်းလက်မောင်းကို ဖိုင်ဖိုင်မြဲမြဲ တွဲလိုက်၏။ ဘယ်တော့မှ မလွှတ်တော့ပါ။ တစ်ဘဝစာလုံး ရည်ရွယ်သည်။





ဇော် နှောင့်ယှက်ချင်ရင် နှောင့်ယှက်စမ်းပါစေ။

ဇော်သာမက ဘယ်သူပဲ ဝင်လာနှောင့်ယှက် ဖျက်ဆီး ဖျက်ဆီး မောင်ဝိုင်းလက်ကို ခင် မလွှတ်တော့ပါ။

အရာရာကို ရင်ဆိုင်တော့မည်။

"ခင်"

"ဟင်"

"ကော်ဖီပူပူတစ်ခွက် သောက်ချင်တယ်"

"အင်း ခင်လဲ သောက်ချင်တယ်၊ မောင်ဝိုင်း မေးစေ့ နာနေသေးလား ဟင်"

"မနာတော့ဘူး"

"အိမ်ပေါ် ရောက်ရင် ခင် ဖျော်တိုက်ပါမယ်"

မောင်ဝိုင်း ခင်မြတ်နိုးနှင့် သင်းချိုတို့သုံးယောက်သား အိမ်ပေါ် ပြန်တက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ဖော့်ကို သတိထားဆက်ဆံကြဦး" ဟု စိတ်ပူပြီး သတိပေး၏။

ခင်က ကော်ဖီနှစ်ခွက် ဖျော်သည်။

တစ်ခွက်က ပြင်းပြင်းခါးခါး . . . နောက်တစ်ခွက်က ခပ်ပျော့ပျော့။ ကော်ဖီပူပူကို မြည်းကြည့်ကာ ကျေနပ်သွား၏။

ရင်ထဲမှာ ဘာဝေဒနာမှ မရှိတော့ပါ။

ချိုမြိန်ကြည်နူးခြင်းနှင့် လုံခြုံစိတ်ချခြင်းသာ ရှိနေ၏။

ကျေးဇူးတင်လိုက်တာ မောင်ဖိုးရယ် . . .။

ရှင့်မေတ္တာတွေက ခင့်ဘဝကို ဘယ်လောက်အေးချမ်း ပျော်ရွှင်စေသလဲဆိုတာ ခင်ပဲ သိပါတယ်။

"ခင်"

"ဟင်"

ဝိုင်းဇော်က ခင့်ကို မြတ်နိုးစွာ ကြည့်နေ၏။





"ဖော့်ကို ရှောင်ချင်တာကြောင့် . . . မြန်မြန် ခေါင်းညိတ် လိုက်တာလား"

ခင်မြတ်နိုးက ပြုံးသည်။ မဖြေပါ။

"ဖော်က တားရင် နောက်ဆုတ်မှာလား"

ဟု ပြန်မေးမိ၏။

ဝိုင်းဇော် ခေါင်းတဆတ်ဆတ်ညိတ်သည်။

သူ နားလည်သွားပြီ။

စိုးရိမ်စိတ်နှင့် သံသယက . . . နှစ်ယောက်စလုံးမှာ ရှိနေတာကိုး။

"အိုကေ ကျွန်တော်သိပြီ၊ တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီး တစ်လ၊ တစ်နှစ်ပြီးတစ်နှစ် . . . စောင့်ကြည့်ကြတာပေါ့ မကောင်းဘူးလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဇော ခင်မြတ်နိုးနဖူးလေးကို ဖွဖွမွေးရှိုက်သည်။ ပြီးတော့ . . . မပြောမဆို ဉှန်းခနဲ ဖက်ထားလိုက်၏။ ခင် တိုးတိုးကလေး ရယ်မိသည်။

"ကော်ဖီတွေ အေးကုန်ပြီ"

ခင်မြတ်နိုးက သတိပေးစကား ဆိုပေမယ့် ဝိုင်းဇော မလွှတ်တော့ပါ။

စစ်မှန်သော အချစ်တစ်ခုအတွက် တူညီသောတုံ့ပြန်မှု တစ်ခုရှိနေတာ သေချာသွား၏။

**ဆုလေးနွယ်**

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com